# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဝါခေါင်လဆန်း (၁) ရက်၊ ကြာသပတေးနေ့ ၊ (17-8-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၀၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## (၁၁)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ(MCIS - 2023) ကျင်းပပြုလုပ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိန့်ခွန်း Video Message ပေးပို့တက်ရောက်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၁)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ (MCIS - 2023)တွင် Video Message ဖြင့် တက်ရောက်မိန့်ခွန်းပြောကြားစဉ်။**

**နေပြည်တော် ဩဂုတ် ၁၆**

(၁၁)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးညီလာခံ(**MCIS - 2023**)ကို ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ရုရှားတပ်မတော်မျိုးချစ်ပန်းခြံတွင် ဩဂုတ် ၁၅ ရက်က ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မိန့်ခွန်း **Video Message** ပေးပို့တက်ရောက်သည်။

ညီလာခံကို ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် စတင်ကျင်းပပြုလုပ်ပြီး ရုရှားသမ္မတ ဗလာဒီမာပူတင်က **Video Message** ဖြင့် မိန့်ခွန်းပြောကြား၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီမိနစ် ၂၀ မှ

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




**ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Venue Standard တွင်**
**Exhibition Venue Award** ရရှိခဲ့သော
မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်
ရရှိနိုင်သောဝန်ဆောင်မှုများ
**ရတနာပုံ ခန်းမ**

ဖိုရမ်များ၊ဆွေးနွေးပွဲများ၊အလုပ်ရုံဆွေးနွေးပွဲများ၊အစည်းအဝေးများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊ အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ ၊ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊အလှမာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ရတနာပုံ
၂၀၁၃ ခုနှစ် ဩဂုတ် ၁၇ ရက်
အယ်ဒီတာ့အာဘော်

# မေတ္တာဖျန်းကြ ဝါခေါင်လမြတ် အခါသမယ

ဝါခေါင်လသည် မြန်မာဆယ့်နှစ်လရာသီအနက် ပဉ္စမမြောက်လဖြစ်သည်။ ပုဂံကျောက်စာများတွင် ဝါခေါင်လကို နံကာလဟုသုံးသည်။ ဝါခေါင်လဟူသည် ဝါလယ်လ(ဝါတွင်းကာလအလယ်)ဟုလည်းကောင်း၊ နံကာလဟူသည် လယ်လုပ်သောလ၊ ထွန်ယက်စိုက်ပျိုးသောလဟုလည်းကောင်း အဓိပ္ပာယ်ရကြောင်း ဆရာကြီး ဦးဖိုးလတ်၏ ဖွင့်ဆိုချက်အရ သိရသည်။

ဝါခေါင်လသည် စိုက်ပျိုးရေးလုပ်ငန်း ပဓာနထားလုပ်ကိုင်ကြသော မြန်မာနိုင်ငံအတွက် အရေးပါသောလတစ်လဖြစ်သည်။ လယ်သမားများ ထွန်တုံးမပိတ်မီ လယ်ကွက်တစ်ခွင် ထွန်ရေးငင်ကြသည်။ အချို့လည်း ထွန်တုံးပိတ်သောလအခါဖြစ်ပြီး လယ်သမားတို့ ပင်ပန်းခံသမျှ နားနားနေနေ နေကြသောကာလတစ်ခုဖြစ်သည်။

ဝါခေါင်လ၏ ရာသီပွဲတော်မှာ စာရေးတံပွဲဖြစ်သည်။ **ကျောင်းမှမကွာ၊ ထေရ်သံဃာတို့၊ သဒ္ဒါရှင်လန်း၊ ဆွမ်းပန်းကျွေးဟန်၊ စာရေးတံဟု၊ ကောင်းမွန်စီရင်၊ သဘင်ဒါန၊ လှူဒါန်းကြလျက်**ဟု ဦးအောင်ကြီးက လူးတားတစ်ပုဒ်တွင် စာရေးတံပွဲအကြောင်းကို ဖွဲ့ဆိုထားသည်။ စာရေးတံဆိုသည်မှာ စာရေးထားသော ဝါးတံ၊ ဝါးချောင်းဖြစ်သည်။ ဝါတွင်းကာလတွင် ဝါဆိုတော်မူသော သံဃာတော်များသည် စုစည်းညီညွတ်စွာ နေထိုင်သီတင်းသုံးလျက်ရှိရာ အင်အားပမာဏ များပြားလှသော သံဃာထုကို ဒါယကာတို့က ဆွမ်းအလှူပြုလိုသော်လည်း မတတ်နိုင်ကြ၊ သံဃာတော်တို့လည်း တစ်စုတစ်ရုံးတည်း စုဝေးတည်ရှိနေချိန်ဖြစ်၍ ဆွမ်းကိစ္စအခက်အခဲဖြစ်တတ်ကြသည့်အတွက် ဆွမ်းပန်းကိစ္စများ လွယ်လွယ်ကူကူဖြစ်စေရန်ရည်ရွယ်၍ စာရေးတံမဲပွဲ ဝါခေါင်လတွင် ကျင်းပကြသည်။ သံဃာတော်ပုဂ္ဂိုလ်စွဲမထားဘဲ သံဃာတော်တစ်ပါးစီ၏ ဘွဲ့အမည်ကို စာရေးတံမှာ ရေးသားကာ မဲချ၍ မဲကျသောသံဃာတော်ကို ဆွမ်းပန်းများ ပင့်ဖိတ်လှူဒါန်းခြင်းဖြစ်သည်။

ယခုခေတ်တွင် ဝါခေါင်လစာရေးတံပွဲတော်မှာ အလွန်ပင် ရှားပါးလှပြီး မထင်မရှားသာ ရှိတော့သည်။ ရှေးမြန်မာမင်းများလက်ထက်ကတည်းက ဝါခေါင်လတွင် ဆင်ယင်ကျင်းပသော တောင်ပြုံးနတ်ပွဲနှင့် ရတနာ့ဂူနတ်ပွဲတို့ကိုသာ ထင်ရှားသောပွဲတော်တစ်ခုအဖြစ် မန္တလေးတိုင်းဒေသကြီးတွင် ယနေ့တိုင် စဉ်လာမပျက် စည်စည်ကားကား ကျင်းပလျက်ပင်ရှိသေးသည်ကို တွေ့ရသည်။

ဝါခေါင်လ၏ အနှစ်သာရဟု ဆိုရနိုင်သော ထူးခြားလေးမြတ်သည့် နေ့တစ်နေ့မှာ မေတ္တာအခါတော်နေ့ ခေါ် ဝါခေါင်လပြည့်နေ့ဖြစ်သည်။ ရက္ခစိုးနတ်တို့ ခြောက်လှန့်ရန်လိုခံရသော ရဟန်းတော်ငါးရာတို့ မေတ္တာသုတ်ရွတ်ပွားမှုကြောင့် ရက္ခစိုးနတ်တို့ ပြန်လည်ချစ်ခင်မြတ်နိုး တန်ဖိုးထားကာ ဘေးအန္တရာယ်ကင်းပြီး တရားထူး၊ တရားမြတ်ရရှိခဲ့သည်ကို အကြောင်းပြု၍ ဘုရားရှင်က မေတ္တာသုတ်ဟောကြားတော်မူသော ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့ဟု သတ်မှတ်ခဲ့ကြခြင်းပင်ဖြစ်သည်။

ယနေ့ခေတ် လူသားတို့၏ လောဘတရား၊ ဒေါသတရား၊ မောဟတရားတို့ကြောင့် ပူပန်ခက်ထန်တွေဝေမိုက်မဲမှုအပေါင်းကို ငြိမ်းအေးစေရန်အတွက် တစ်ဦးအပေါ် တစ်ဦး မေတ္တာဖျန်းနိုင်ပါက ကိုယ်တိုင်ကစ၍ တစ်လောကလုံး ငြိမ်းအေးသာယာလာမည်ဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အကျိုးလိုလားခြင်းသည် မေတ္တာတရားဖြစ်သည့်အတွက် ဝါခေါင်လမြတ် အခါသမယမှစတင်၍ မြန်ပြည်တစ်ဝန်းသာမက သတ္တဝါမှန်သမျှ အေးချမ်းသာယာရှိစေရန် မေတ္တာဖျန်း၊ မေတ္တာလွှမ်း၍ ကောင်းကျိုးထွေထွေပြည့်ပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။

# မန္တလေး-ကျောက်မြောင်းကြား ဧရာဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို ကြည့်ရှုသူများပြား



**မန္တလေး ဩဂုတ် ၁၆**

မန္တလေး-ကျောက်မြောင်းကြား ဧရာဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို ကြည့်ရှုသူ ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေများပြားလာကြောင်း ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

မန္တလေး-ကျောက်မြောင်းကြားရှိ ဧရာဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို ကြည့်ရှုသူ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ဇူလိုင်လ ပထမပတ်က ကြည့်ရှုသူနည်းပါးလျက်ရှိကြောင်း၊ ယခုတစ်လော ဧရာဝတီလင်းပိုင်များ နေထိုင် ကျက်စားလျက်ရှိသည့် မန္တလေး - ကျောက်မြောင်းကြား ဧရာဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို ကြည့်ရှုသူ ပြည်တွင်း၊ ပြည်ပခရီးသွားများပြားလာကြောင်း သိရသည်။

"မန္တလေး ဆိပ်ကမ်းကနေ မန္တလေး-ကျောက်မြောင်းကြားမှာ နေထိုင်ကျက်စားနေတဲ့ ဧရာဝတီလင်းပိုင်တွေကို ပြည်တွင်း၊ပြည်ပခရီးသွားတွေ လာရောက်ကြည့်ရှုမှုများလာပါတယ်။ အဓိက ကတော့ မန္တလေး-ကျောက်မြောင်းကြားမှာရှိတဲ့ လင်းပိုင်တွေနဲ့ ကျေးရွာတွေက ရေလုပ်သားတွေအကျိုးတူပူးပေါင်းပြီး ကွန်ပစ်ငါးဖမ်းတဲ့ဓလေ့ကို လာပြီးကြည့်ရှုလေ့လာကြတာ ပိုပြီးများလာတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ မန္တလေး-ကျောက်မြောင်းကြား ဧရာဝတီလင်းပိုင်များဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို ကြည့်ရှုသူ ပြည်တွင်း၊ ပြည်ပခရီးသွား ဇူလိုင်လနောက်ဆုံးပတ်က တစ်ရက်လျှင် ဦးရေ ၉၀ ကျော်သာရှိကြောင်း၊ ဩဂုတ်လဒုတိယပတ်မှစ၍ ဧရာဝတီလင်းပိုင်ဖြင့် ကွန်ပစ်ငါးဖမ်းသည့်ဓလေ့ကို ကြည့်ရှုသူ ပြည်တွင်း၊ ပြည်ပခရီးသွား တစ်ရက်လျှင် ဦးရေ ၁၂၀ ကျော်ထိရှိလာကြောင်း သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်ရေများချိန်ကာလတွင် ဧရာဝတီလင်းပိုင်များ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် အင်ဒေါင်းကျေးရွာနှင့် မင်းကွန်းဒေသအနီးတွင် နေထိုင်ကျက်စားလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးဈေးကွက်တွင် ပဲနီပြားအရောင်းအဝယ်ကောင်းမွန်လာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀ ထိ ပေါက်ဈေးရှိလာ

**မန္တလေး ဩဂုတ် ၁၆**

မန္တလေးဈေးကွက်တွင် ပဲနီပြားအရောင်းအဝယ်ကောင်းမွန်လာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀ ထိ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ပဲနီပြားကို ပြည်ပနိုင်ငံများက ဝယ်ယူမှုများရှိလာသည့်အပြင် ပြည်တွင်း၌ပါ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ပဲနီပြားများ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"ပဲနီပြားက မန္တလေးဈေးကွက်ထဲမှာ အခုတစ်လော အရောင်းအဝယ်ကောင်းတဲ့အမျိုးအစားထဲမှာပါတယ်။ အခုလက်ရှိမှာတော့ ပဲနီပြားတွေ အရောင်းအဝယ်ကောင်းနေတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ဩဂုတ်လပထမပတ်က ပဲနီပြားဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ဩဂုတ် ၁၅ ရက်က ပဲနီပြားဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀ ထိ ပေါက်ဈေးရှိနေပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ အခုက ပဲနီပြားတွေပြန်ပြီး အဝယ်လိုက်လာတယ်။ ပဲအမျိုးအစားထဲမှာတော့ အရောင်းအဝယ်အကောင်းဆုံး ပဲအမျိုးအစားတော့မဟုတ်ပေမဲ့ အဝယ် ပြန်လိုက်လာတာကြောင့် ဈေးကောင်းရလာပါတယ်" ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးတိုင်းဒေသကြီး စံပြကျေးရွာသုံးရွာရှိ သမဝါယမအသင်းသားများကို လယ်ယာသုံးထွန်စက် ခုနစ်စီးရောင်းချပေးထား

**မန္တလေး ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်သုံးမြို့နယ်မှ စံပြကျေးရွာသုံးရွာရှိ သမဝါယမအသင်းသားများကို ယခုလပထမပတ်က လယ်ယာသုံးထွန်စက် ခုနစ်စီး ရောင်းချပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။

အဆိုပါ မြို့နယ်သုံးမြို့နယ်မှ စံပြကျေးရွာသုံးရွာရှိ သမဝါယမအသင်းသားများ မိမိတို့အသက်မွေးဝမ်းကျောင်းပြုသည့် စိုက်ပျိုးရေးကဏ္ဍများတွင် သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် Daedong အမျိုးအစားလယ်ယာသုံး ထွန်စက် ခုနစ်စီး ရောင်းချပေးထားကြောင်း၊ ထိုသို့ ရောင်းချပေးရခြင်းသည် စံပြကျေးရွာရှိ သမဝါယမအသင်းသားများ၏ လယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လုပ်ငန်းခွင်အဆင်ပြေစေရန်အတွက် တစ်ဖက်တစ်လမ်းက ကူညီပေးခြင်းဖြစ်ကြောင်း သိရသည်။

"စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်နေကြတဲ့ တောင်သူတွေ လက်မှုလယ်ယာကနေ စက်မှုလယ်ယာစနစ် ကူးပြောင်းဖို့အတွက် လယ်ယာသုံးစက်ကိရိယာတွေကို ရောင်းချပေးတာပါ။ ဒီဘဏ္ဍာနှစ်ထဲမှာ စံပြကျေးရွာတည်ထောင်တဲ့ ကျေးရွာသုံးရွာက တောင်သူတွေကို ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ရောင်းချပေးတာပါ။ နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ ၅၀ ရာခိုင်နှုန်းနဲ့ ဝယ်ယူသူ အသင်းသားက ၅၀ ရာခိုင်နှုန်းကျခံပြီး လက်ငင်းငွေချေစနစ်နဲ့ ရောင်းချပေးထားပါတယ်။ ကျန်တဲ့ဆက်စပ်ပစ္စည်း ၁၅ မျိုးကိုလဲ ရောင်းချပေးခဲ့ပါတယ်။ ကျေးရွာ သုံးရွာရှိ အသင်းသားတွေ လိုအပ်တဲ့ စက်ကိရိယာတွေကို ရောင်းချပေးတာပါ"ဟု ဦးလှိုင်မိုးက ပြောပြသည်။

လယ်ယာသုံးထွန်စက်များ ရောင်းချပေးရာတွင် ပုသိမ်ကြီးမြို့နယ် နန္ဒာမြောင်ကျေးရွာ၌ နှစ်စီး၊ တံတားဦးမြို့နယ် ပြူကန်ကျေးရွာ၌ သုံးစီး၊ ငါန်းဇွန်မြို့နယ် အရှေ့ရွာသစ်ကျေးရွာ၌ နှစ်စီး ရောင်းချပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ တည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပဲခူးမြို့နယ် ရွာသစ်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ပဲခူး ဩဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ရွာသစ်ကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှု အခြေအနေများ၊ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ဆိုလာသုံးရေတင်ပန့်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူတို့က လုပ်ငန်းတိုးတက်မှု အခြေအနေများ ရှင်းလင်းတင်ပြရာ ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့် အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ပဲခူးမြို့နယ် ရွာသစ်ကျေးရွာ၌ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၄၈ ဒသမ ၇၅ သန်းအသုံးပြုပြီး အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့် ရေစင်တည်ဆောက်ခြင်း၊ ဆိုလာသုံးရေတင်ပန့်တပ်ဆင်ခြင်း လုပ်ငန်းများကို ချမ်းမြေ့ရတနာလင်းကုမ္ပဏီကတာဝန်ယူ၍ ဂူလိုင် ၂၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိအိမ်ခြေ ၅၂၄ အိမ်၊ လူဦးရေ ၂၇၀၀ တို့ သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**ကိုညို**

# ကလောမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၆၁၃၅၆ ဧက စိုက်ပျိုးပြီးစီး

**ကလော ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလောခရိုင် ကလောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၆၁၃၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလောခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံဧက ၆၁၉၂၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကြံ ၆၁၃၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကလောမြို့နယ်မှာ ကြံဧက ၆၁၉၂၀ စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာတော့ ကြံ ၆၁၃၅၆ ဧက စိုက်ပျိုးပြီးစီးနေပြီ။ ကြံကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးကြပါတယ်"ဟု ကလောခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကလောမြို့နယ်တွင် ကြံစိုက်ပျိုးရာ၌ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၇၀၀၀၀၀ ခန့်ရှိပြီး ကြံတစ်ဧကလျှင် တန်ချိန် ၃၀ ထွက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ အထွက်ကောင်းမျိုးဖြစ်သည့် K-95/84၊ နဝဒေး-၄၊ ဖော်မိုဇာ၊ ဆင်းရွှေလီမျိုးများကို အဓိကထားစိုက်ပျိုးကြကြောင်း၊ ပြီးခဲ့သည့် မိုးသီးနှံစိုက်ပျိုးရာသီက ကလောမြို့နယ်တွင် ကြံဧက ၆၁၉၂၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း ကလောခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၁၀၅၄ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ပုတော ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၁၀၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၂၄၈၄ ဧကကို ယခုနှစ် မေလက စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးသီးနှံစုံ ၁၀၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးပြီးစီးသည့် သီးနှံများမှာ မြေပဲ ၅၆၂ ဧက၊ နှမ်း ၅၁ ဧက၊ ဖူးစားပြောင်း ၂၄၇ ဧက၊ ကြံ ၄၁ ဧက၊ ပဲစင်းငုံ ၉၁ ဧက၊ ငရုတ်ဧက ၃၀၊ ကွမ်း ၃၂ ဧက စုစုပေါင်း ၁၀၅၄ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ငရုတ်ကောင်းမြို့ တစ်ခုလုံးအနေနဲ့ စပါးမပါ မိုးသီးနှံစုံ ၂၄၈၄ ဧကထိ လျာထားစိုက်ပျိုးနေပါတယ်။ အခုနှစ် တောင်သူတွေ မိုးသီးနှံတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့၊ လျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့သီးနှံတွေ ပိုးမွှားရောဂါ မကျရောက်စေဖို့ စတဲ့နည်းပညာပေးလုပ်ငန်းတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးထားပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ မိုးသီးနှံများ အခက်အခဲမရှိစနစ်တကျ စိုက်ပျိုးနိုင်ရန် စပါးစိုက်ပျိုးရေးနည်းပညာများနှင့် လိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများကို သက်သာသည့်နှုန်းထားဖြင့် ဝယ်ယူအသုံးပြုနိုင်ရေး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# မင်းဘူးမြို့နယ် ကမ်းနီကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ်းနီကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကမ်းနီကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူ ထုတ်လုပ်သူများနှင့် အသေးစား စီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများ လိုအပ်သည့် ငွေကြေးအရင်းအနှီးရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ငွေကျပ် ၃၄၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များက ကမ်းနီကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၄ ဦး ငွေကျပ် ၃၄၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဧင်မာ**

# ဟိုပုံးမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းနည်း သင်တန်းဆင်း

**ဟိုပုံး ဩဂုတ် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ လိုက်ကတူးကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် လူနေမှုဘဝမြင့်မားစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းနည်း သင်တန်းဆင်းပွဲကို ဩဂုတ် ၁၅ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဒေးဖဲက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က သင်တန်းသားများအနေဖြင့် သင်တန်းက သင်ကြားပို့ချပေးသည့် လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းနည်း အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ်ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ အသုံးချကာ မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသားများကို သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လယ်ယာသုံးစက်ကိရိယာပြုပြင်ထိန်းသိမ်းနည်း သင်တန်းသို့ ဟိုပုံးမြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာမှ သင်တန်းသား ၃၁ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက စိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူများ၏ လယ်ယာသုံးစက်ကိရိယာများ ပြုပြင်ထိန်းသိမ်းနည်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို ဩဂုတ် ၁ ရက်မှ ၁၅ ရက်ထိ ၁၅ ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်ထံမှ သိရသည်။

**မောင်ရိုင်**



# ရာဇဝင်ချုပ်ကျမ်းများကို လေ့လာခြင်း

ပိုလ်ရှိတ်(ရတနာပူရ)

ကုန်းဘောင်ခေတ်တွင် မဟာရာဇဝင်သစ်၊ မှန်နန်း မဟာရာဇဝင်တော်ကြီး၊ ဇေတဝန်မဟာရာဇဝင်တော်ကြီး၊ မုံရွေးရာဇဝင်ကျော်၊ ရာဇဝံသ်ဒီပကကျမ်းတို့ကဲ့သို့ ရှည်လျားပြည့်စုံသော ရာဇဝင်ကျမ်းကြီးများပေါ်ထွက်ခဲ့သကဲ့သို့ ရာဇဝင်ကို အကျဉ်းမျှသိစေရန်၊ အလွယ်တကူမှတ်သားနိုင်စေရန် ရေးသားသော ရာဇဝင်ချုပ်များလည်းထွက်ပေါ်ခဲ့သည်။ ကုန်းဘောင်ခေတ်တွင် ထွက်ပေါ်ခဲ့သော ရာဇဝင်ချုပ်အရေအတွက်ကို တိတိကျကျသိရန် ခက်သည်။ တိမ်မြုပ်နေခြင်း၊ ပျောက်ဆုံးသွားခြင်းတို့ကြောင့် သိရန်မလွယ်ကူပေ။ ပုံနှိပ်စာအုပ်အဖြစ်သို့ရောက်လာသော ရာဇဝင်ချုပ်အရေအတွက်မှာလည်း မများလှပေ။ ပုံနှိပ်စာအုပ်အဖြစ် ထွက်ပေါ်လာသော ရာဇဝင်ချုပ်တို့မှာ မုံရွေးဇေတဝန်ဆရာတော်ကြီး၏ စေတိယကထာရာဇဝင်ချုပ်၊ ဦးသုစာရိန္ဒ၏ ရာဇဝင်ချုပ်တို့သာဖြစ်သည်။ ပုံနှိပ်မှုအဖြစ်ရောက်ခဲ့သည်မှာ အလွန်နည်းပါးသည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် ကုန်းဘောင်ခေတ်တွင် ပေါ်ထွက်ခဲ့သောရာဇဝင်ချုပ်များကို ရှာဖွေတွေ့ရှိထားသမျှ ဖော်ပြပါမည်။

**ရှင်တေဇောသာရ၏ ရာဇဝင်ချုပ်**

ကုန်းဘောင်ခေတ်တွင် ထွက်ပေါ်ခဲ့သော ရာဇဝင်ချုပ်များတွင် စစ်ကိုင်း ဥမင်ကျောင်းဆရာတော် ရှင်တေဇောသာရ၏ရာဇဝင်ချုပ်သည် အစောဆုံးဖြစ်သည်။ သက္ကရာဇ် ၁၁၄၇ ခုနှစ် ပထမဝါဆိုလဆန်း ၆ ရက်(၁၇၈၅ ခုနှစ် ဇွန် ၁၃ ရက်)တွင် ရေးသားပြုစုပြီးစီးခဲ့ခြင်းဖြစ်သည်။ ရာဇဝင်ချုပ်နိဂုံးအရ စစ်ကိုင်း ဥမင်ကျောင်းဆရာတော် ရှင်တေဇောသာရပြုစုခဲ့သည်ဟု သိရသော်လည်း ကျမ်းပြုသူ ရှင်တေဇောသာရ၏ ဘဝအတ္ထုပ္ပတ္တိကို မသိရသေးပေ။

ရာဇဝင်ချုပ်မှာ **က** အစ **ဲ** အဆုံး တစ်အင်္ဂါနှင့် ရှစ်ချပ်ရှိသည်။ မင်းဆက်များကို သရေခေတ္တရာပြည် မဟာသမ္မတမင်းမှစ၍ ညောင်ရမ်းခေတ် ဟံသာဝတီပါမင်းလက်ထက်တိုင် ဖော်ပြထား၏။ ဤရာဇဝင်ချုပ်သည် ပုံနှိပ်စာအုပ်အဖြစ်မရှိဘဲ ပေမူအဖြစ်သာ တိမ်မြုပ်နေခဲ့၏။ ကျွန်တော့်ထံတွင် ဤရာဇဝင်ချုပ် ပေမူတစ်ဆူရှိသည်။

**အရှင်သုစာရိန္ဒ၏ ရာဇဝင်ချုပ်**

အရှင်သုစာရိန္ဒ၏ရာဇဝင်ချုပ်ကို ပေမူနှစ်ဆူခန့် ကျွန်တော်တွေ့ဖူးသည်။ ယခင်က ဤရာဇဝင်ချုပ်ကို စာအုပ်မူဖြင့်ရှိမှန်းမသိခဲ့ပေ။ နောက်မှသာ စာအုပ်မူဖြင့်ရှိမှန်း သိခဲ့သည်။ ထိုသို့မသိခဲ့ရခြင်းမှာ ဤရာဇဝင်ချုပ်စာအုပ်သည် ပုံနှိပ်ခဲ့သည့်နှစ်များစွာကြာမြင့်ခဲ့ပြီး ရှားပါး၍ တိမ်မြုပ်နေသောကြောင့်ဖြစ်သည်။ ဤစာအုပ်ကို ရန်ကုန်မြို့ စူရတီစာပုံနှိပ်တိုက်က သက္ကရာဇ် ၁၂၄၆ ခုနှစ် နယုန်လ (၁၈၈၄)တွင် ပုံနှိပ်ခဲ့ခြင်းဖြစ်သည်။ သီပေါမင်းပါတော်မမူမီ တစ်နှစ်အလိုကပင် ပုံနှိပ်ခဲ့သောစာအုပ်ဖြစ်ပေသည်။ ထို့ကြောင့် ဤမျှထိ သိသူနည်း၍ တိမ်မြုပ်နေရခြင်းဖြစ်သည်။ ထိုစာအုပ်တွင် ကျမ်းပြုဆရာ၏အကြောင်းကို "မဟာအမရပူရ၊ ဘွဲ့နာမသညာ၊ ရာဇဌာနီအမည်ရှိသော မင်းနေပြည်ကြီး၏အနောက်မျက်နှာ ဗားကရာကျောင်းတိုက်၌ သိုက်မြိုက်မယွင်း သီတင်းသုံးနေတော်မူသောအခါ မတ်တရာသို့ ပင့်ရောက်သဖြင့် ခြီးမြှောက်ကိုးကွယ်ခြင်းကို ခံရသော ထုံးသစ်ရွာဌာန ဦးသုစာရိန္ဒအမည်တော်ရှိသော ရဟန်းပျို့အရှင်ဘုရားသည် အများရှင်လူတို့ ယူငင်လွယ်ကာ မှတ်သားရာဟု ကောင်းစွာစီရင်တော်မူအပ်သော ရာဇဝင်ချုပ်"ဟူ၍ ဖော်ပြထားသည်။

ဤရာဇဝင်ချုပ်၏အမည်ကို ကျမ်းပြီးနိဂုံးတွင် "ရာဇဝင်အချုပ်ကွန်ခြာကို ကောင်းစွာသိမ်းအုပ်၍ မယုတ်အကျဉ်း၊ သန့်ရှင်းကပတ်၊ အပြီးသတ်တည်း" ဟူ၍လည်းကောင်း၊ "သင်္ခေပကွန်ချာ ရာဇဝင်အချုပ်ကား ဤတွင် ၍ပြီးပြီ"ဟူ၍လည်းကောင်း ဖော်ပြထားသဖြင့် ကျမ်းပြုဆရာသည် ဤရာဇဝင်ချုပ်ကို "ရာဇဝင်အချုပ်ကွန်ချာ"ဟု အမည်ပေးခဲ့ကြောင်းထင်ရှားသည်။ ဤရာဇဝင်ချုပ်စာအုပ်မူသည် အမျိုးသားစာကြည့်တိုက်တွင်လည်းရှိသလို တက္ကသိုလ်များဗဟိုစာကြည့်တိုက်တွင်လည်းရှိသည်။ အခြားသူတို့ထံတွင်လည်း ရှိနိုင်သည်။ ထိုစာအုပ်မူတွင် စာမျက်နှာ ၁၄၁ မျက်နှာ ရှိလေသည်။

ဤရာဇဝင်ချုပ်သည် ခုနစ်သင်္ချိုင်တွင်ပွင့်တော်မူသော ဘုရားအပေါင်းမှစ၍ ဘိုးတော်ဗဒုံမင်းလက်ထက်ထိ ဖော်ပြထား၏။ ဤရာဇဝင်ချုပ်သည် များသောအားဖြင့် ဦးဖျော်၏ ပလိပ်စားချောင်းအား ကိုးကားထားသည်ကို တွေ့ရသည်။ တစ်နည်းအားဖြင့် ပလိပ်စားချောင်းအဖွင့်ရာဇဝင်ချုပ်ဟု ယူဆနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ဤရာဇဝင်ချုပ်တွင်ပါရှိသော ဘုရားများ၊ မင်းတို့နန်းတက်၊ နန်းကျဖြစ်စဉ်များအားလုံးသည် ပလိပ်စားချောင်း၏ အာဘော်အတိုင်းသာ ဖြစ်သောကြောင့် ဖြစ်ပေသည်။

❖ အရှင်သုစာရိန္ဒ၏ရာဇဝင်ချုပ်ကို ပေမူနှစ်ဆူခန့် ကျွန်တော်တွေ့ဖူးသည်။ ယခင်က ဤရာဇဝင်ချုပ်ကို စာအုပ်မူဖြင့်ရှိမှန်းမသိခဲ့ပေ။ နောက်မှသာ စာအုပ်မူဖြင့်ရှိမှန်း သိခဲ့သည်။ ထိုသို့မသိခဲ့ရခြင်းမှာ ဤရာဇဝင်ချုပ်စာအုပ်သည် ပုံနှိပ်ခဲ့သည့်နှစ် များစွာကြာမြင့်ခဲ့ပြီး ရှားပါး၍ တိမ်မြုပ်နေသောကြောင့်ဖြစ်သည်။ ဤစာအုပ်ကို ရန်ကုန်မြို့ စူရတီစာပုံနှိပ်တိုက်က သက္ကရာဇ် ၁၂၄၆ ခုနှစ် နယုန်လ(၁၈၈၄)တွင် ပုံနှိပ်ခဲ့ခြင်းဖြစ်သည်။ သီပေါမင်းပါတော်မမူမီ တစ်နှစ်အလိုကပင် ပုံနှိပ်ခဲ့သောစာအုပ်ဖြစ်ပေသည်။ ထို့ကြောင့် ဤမျှထိ သိသူနည်း၍တိမ်မြုပ်နေရခြင်းဖြစ်သည်။ ❖

ဤရာဇဝင်ချုပ်ရေးသားပြုစုရခြင်းအကြောင်းကို ကျမ်းပြီးနိဂုံး၌ "နှစ်ဖြာသောလောကဓမ္မ နှစ်ဝနှစ်ပြင်ကိုတတ်ချင်သော ဒါယကာ ကိုနှောင်းက ကောင်းမှတ်သော သသင်္ခါရိက၊ ဉာဏသမ္ပယော၊ ဇောစေတနာ၊ သဒ္ဓါရုံအတင်တင်နှင့် ဘုရားစည်မင်းဆက် ကမ္ဘာပျက်ကမ္ဘာပြု အစုစုအရပ်ရပ်တို့ကို မှတ်သားလိုကြောင်းနှင့် တောင်းပန်လျှောက်ထားလျှင်"ဟု ဆိုထားသောကြောင့် ဒါယကာ ကိုနှောင်းက တောင်းပန်၍ ရေးသားပြုစုကြောင်း ထင်ရှား၏။

ကျမ်းပြုပြီးစီးခဲ့သောနှစ်ကိုလည်း "တထောင်သက္ကရာဇ်၊ လွန်လစ်တရာ၊ သာသည်ခုနှစ်ဆယ်၊ စွန်းဝယ်လေးခု၊ ဥတုဟေမန္တ၊ မဂါရာသီ၊ ပုဏ္ဏမီတွင်၊ စိတ်ရွှင်ဝမ်းမြောက်၊ အပြီးရောက်ပြီ"ဟု ဆိုထားသောကြောင့် ဘိုးတော်ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၇၄ ခုနှစ် ပြာသိုလပြည့်နေ့(၁၈၁၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်) တွင် ရေးသားပြုစုပြီးကြောင်းသိရပေသည်။ ကျမ်းပြုသူ အရှင်သုစာရိန္ဒ၏အကြောင်းကိုလည်း ကျမ်းပြီးနိဂုံးတွင် ဖော်ပြထားချက်အရ အရှင်သုစာရိန္ဒသည် အမရပူရမြို့ ဗားကရာကျောင်းတိုက်တွင် သီတင်းသုံးကြောင်း သိရသည်။

ဆရာတော်သည် မတ္တရာမြို့ ထုံးသစ်ရွာဇာတိဖြစ်ဟန်ရှိသည်။ ပို၍သေချာသည်မှာ ဆရာတော်ရေးဖွဲ့ခဲ့သော သာမုဒြိကလင်္ကာဏာပျို့နိဂုံးတွင် "ပညာမမှိန်၊ သုစာရိန္ဒ၊ တွင်နာမတည်၊ ဌာနသီရိ၊ သာလှဘိသည်၊ ဇာတိချက်ရစ်၊ ရွာတုံးသစ်တည်း"ဟူ၍ ရေးဖွဲ့ထားသဖြင့် ဆရာတော်သည် ထုံးသစ်ရွာဇာတိဖြစ်ကြောင်း သိရသည်။ ရာဇဝင်ချုပ်တွင် ထုံးသစ်ဟုတွေ့ရပြီး ပျို့တွင် တုံးသစ်ဟုတွေ့ရသည်။ အမှန်က အတူတူသာဖြစ်သည်။ ပေကူးရာတွင် ထနှင့်တ လွဲခြင်းသာဖြစ်သည်။ တပည့်ဒါယကာတို့၏ ပင့်ဆောင်မှုကြောင့် ဗားကရာကျောင်းတိုက်မှ မတ္တရာမြို့သို့ ပြောင်းရွှေ့သီတင်းသုံးနေထိုင်စဉ် ဤရာဇဝင်ချုပ်ကို ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။ ဆရာတော်၏ ဘဝအတ္ထုပ္ပတ္တိကို ယခုထက်ပို၍မသိရသေးပေ။ ထပ်မံရှာဖွေဖော်ထုတ်ရဦးမည်ဖြစ်ပေသည်။

**စေတိယကထာရာဇဝင်ချုပ်**

ရာဇဝင်ချုပ်များတွင် သိသူများထင်ရှားသော ရာဇဝင်ချုပ်ဖြစ်သည်။ ဤရာဇဝင်ချုပ်ကို ရေးသားပြုစုခဲ့သူမှာ မုံရွေးဇေတဝန်ဆရာတော်ကြီးဖြစ်သည်။ တစ်ချိန်က စေတိယကထာရာဇဝင်ချုပ်သည် တိမ်မြုပ်နေခဲ့သည်။ စေတိယကထာရာဇဝင်ချုပ်ကို ပေမှကူးယူ၍ လက်နှိပ်စက်မူဖြင့်ဖြန့်ဝေခဲ့သူမှာ ရွှေဟောင်းစာပေသုတေသီတစ်ဦးဖြစ်သည်။ ၁၉၆၄ ခုနှစ်ခန့်က ဖြန့်ဝေခဲ့ခြင်းဖြစ်သည်။ ပုံနှိပ်မူမဟုတ်ဘဲ လက်နှိပ်စက်မူဖြစ်သောကြောင့် သိသူနည်း၏။ ထိုလက်နှိပ်စက်မူကို ၂၀၀၃ ခုနှစ်တွင် သိတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သုတေသနနှင့် ကျမ်းပြုဌာနက ပထမဆုံးပုံနှိပ်ထုတ်ဝေခဲ့သည်။ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလတွင် ကံ့ကော်ဝတ်ရည်စာပေက ဒုတိယအကြိမ်ပြန်လည်ထုတ်ဝေခဲ့သည်။ ယခုအခါ ဆရာကြီးဒေါက်တာတိုးလှ တည်းဖြတ်၍ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် ရာပြည့်စာအုပ်တိုက်က ထပ်မံထုတ်ဝေခဲ့သည်။

စေတိယကထာရာဇဝင်ချုပ်ကို သက္ကရာဇ် ၁၁၈၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက် တနင်္လာနေ့ (၁၈၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်)တွင် ရေးသားပြုစုပြီးစီးခဲ့သည်။ စေတိယကထာသည် သုနာပရန္တတိုင်း၊ တမ္ဗဒီပတိုင်း ခွဲခြားပုံမှစတင်၍ မင်းကြီးမဟာဗန္ဓုလတို့ အင်္ဂပတ်မင်းတို့ကိုနှိမ်နင်း၍ နေပြည်တော်သို့ပြန်ရောက်သည့် သက္ကရာဇ် ၁၁၈၄ ခုနှစ် တပေါင်းလတိုင် ဖော်ပြထားသည်။ စေတီပုထိုးများသမိုင်းကိုလေ့လာရာတွင် များစွာအထောက်အကူပြုသောကျမ်းဖြစ်သည်။

**မြင်းမူရာဇဝင်ချုပ်**

ဤရာဇဝင်ချုပ် ကျမ်းပြီးနိဂုံးတွင် "သက္ကရာဇ် ၁၁၉၅ ခုနှစ် နတ်တော်လဆန်း ၉ ရက် ဗုဒ္ဓဟူးနေ့ (၁၈၃၃ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်)နေ့ မွန်းတည့်ချိန်တွင် မမြင်မသိ ရှိကြသောသူတို့ကို မှတ်ယူလွယ်အောင် မကျယ်မပွား၊ ကြားဖူးသမျှကို သိကြပါစေရေးလိုက်ပေသည်။ အခြေမူလရင်း မြင်းမူရွာက ဤစာဖြင့်ဖွားသည်" ဟု ပါရှိသောကြောင့် ဤရာဇဝင်ချုပ်ပြုစုရာဒေသကို အစွဲပြုပြီး မြင်းမူရာဇဝင်ချုပ်ဟု အမည်ပေးထားခြင်းဖြစ်သည်။ ဤရာဇဝင်ချုပ် ပြုစုပြီးစီးခဲ့သောနှစ်သည် ကျမ်းပြီးနိဂုံးအရ သက္ကရာဇ် ၁၁၉၅ ခုနှစ် နတ်တော်လဆန်း ၉ ရက် ဗုဒ္ဓဟူးနေ့ဖြစ်ကြောင်း သိရပေသည်။

ဤရာဇဝင်ချုပ်သည် မဟာသမ္မတမင်းကစ၍ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် သက္ကရာဇ် ၁၁၈၄ ခုနှစ် အမရပူရမြို့မှ အင်းဝမြို့သို့ပြောင်းရွှေ့စံတော်မူသည်ထိ ပါရှိသည်။ ဤရာဇဝင်ချုပ်သည်လည်း ပေမူ၊ လက်ရေးမူဖြင့် တိမ်မြုပ်နေ၏။ ပုံနှိပ်မူမရှိခဲ့သေးပေ။

**ရာဇဝံသကထာရာဇဝင်ချုပ်**

ရာဇဝံသကထာရာဇဝင်ချုပ်သည် ပုံနှိပ်မူဖြင့်မရှိသေးသော ကျမ်းတစ်စောင်ဖြစ်သည်။ ပြုစုသူတို့လည်း မသိရသလို ကျမ်းပြီးနှစ်လည်းမပါပေ။ သို့သော် ရာဇဝင်ချုပ်အတွင်း၌ တွင်းသင်းမင်းကြီးဦးထွန်းညိုစီရင်ခဲ့သော မဟာရာဇဝင်သစ်မှ အဆိုအမိန့်တစ်ခုကို ထည့်သွင်းသုံးသပ်ရေးသားထားသဖြင့် ရာဇဝင်သစ်ထက် နောက်ကျကြောင်း သိနိုင်သည်။ ရာဇဝင်ချုပ်မှာ မဟာသမ္မတမင်းမှစ၍ ညောင်ရမ်းခေတ် ဟံသာဝတီပါမင်းလက်ထက်ထိ ဖော်ပြထားသည်။ ကုန်းဘောင်မင်းဆက်များမပါပေ။ မင်းစဉ်မင်းဆက်များကို အင်းစောက်ဇယားဖြင့် ဖော်ပြထားသော ရာဇဝင်ချုပ်ဖြစ်သည်။ မင်းဆက်များကို ဇယားဖြင့် ပြဆိုထားသောကြောင့် ကြည့်ရှုရရှင်းလင်းလွယ်ကူသည်။

**မြမ္မရဋ္ဌေရာဇဝံသကထာရာဇဝင်ချုပ်**

မြမ္မရဋ္ဌေရာဇဝံသကထာရာဇဝင်ချုပ်သည် ပုံနှိပ်မူဖြင့်မရှိသေးသော ရာဇဝင်ချုပ်တစ်စောင်ဖြစ်သည်။ မြမ္မရဋ္ဌေရာဇဝံသကထာရာဇဝင်ချုပ်ကို ရွှေဟောင်းစာပေသုတေသီတစ်ဦးက ၁၉၈၆ ခုနှစ်တွင် ရွှေဟောင်းမှတ်စာပဒေသာစာတွဲ(၇)၌ ထည့်သွင်းဖော်ပြခဲ့ဖူးသည်။ စာကူးစက်မူဖြစ်သောကြောင့် သိသူနည်းလှ၏။ စောင်ရေမှာလည်း များများဖြန့်ဝေခဲ့သည်မဟုတ်ပေ။

မြမ္မရဋ္ဌေရာဇဝံသကထာရာဇဝင်ချုပ်သည် မည်သူရေးသားပြုစုခဲ့သည်ကိုလည်း မသိရသလို ကျမ်းပြုပြီးစီးခဲ့သည်ခုနှစ်ကိုလည်း မသိရပေ။ ဤရာဇဝင်ချုပ်သည် ပါဠိဘာသာဖြင့် အလေးပေးပြုစုထားသောရာဇဝင်ချုပ်ဖြစ်သည်။ အချို့နေရာများ၌သာ နိဿယပြန်ဆိုထားသည်ကိုတွေ့ရသည်။ မင်းစဉ်မင်းဆက်များကိုသာ ဦးစားပေးဖော်ပြထားပြီး နန်းတက်၊ နန်းစံ၊ နတ်ရွာစံနှစ်များလုံးဝမပါပေ။ တစ်နည်းအားဖြင့် မင်းဆက်မည်ရွေ့မည်မျှရှိသည်ကို ပါဠိဘာသာဖြင့် မှတ်စုထုတ်ထားခြင်းသာဖြစ်သည်ဟုဆိုနိုင်သည်။ ရာဇဝင်ချုပ်မှာလည်း ရှည်လျားလှသောရာဇဝင်ချုပ်မဟုတ်ပေ။ လက်ရေးမူဖြင့် စာမျက်နှာ သုံးမျက်နှာသာရှိသည်။ ရာဇဝင်ချုပ်ကို "ပြုဂါမေယောဝတ္တန္တိ"ပါဠိဖြင့် အစချီထားသည်။ သရေခေတ္တရာမင်း ၂၅ ဆက်၊ ပုဂံမင်းဆက် ၅၅ ဆက်၊ မြင်စိုင်းမင်းညီနောင်သုံးပါး၊ ပင်းယမင်းခြောက်ဆက်၊ စစ်ကိုင်းမင်း ခုနစ်ဆက်၊ အင်းဝမင်း ၂၉ ဆက်တို့သာ ဖော်ပြထားသည်။

**သုံးသပ်ချက်**

ကုန်းဘောင်ခေတ်တွင်ပေါ်ထွန်းခဲ့သော ရာဇဝင်ချုပ်များကိုစိစစ်ရေတွက်ရာ ရာဇဝင်ချုပ်ငါးစောင်မျှသာ တွေ့ရပေသည်။ ဤမှာ ကျွန်တော်လေ့လာတွေ့ရှိသမျှ ဖော်ပြခြင်းဖြစ်သည်။ တချို့က ကုန်းဘောင်ခေတ်ရာဇဝင်ချုပ်စာရင်းတွင် မိုင်းခိုင်းမင်းကြီးဦးယမ်၏ ရာဇဝင်ချုပ်ကိုထည့်သွင်းလိုကြသည်။ ဦးယမ်၏ရာဇဝင်ချုပ်သည် သီပေါမင်းပါတော်မူပြီး သုံးနှစ်အကြာ သက္ကရာဇ် ၁၂၅၀ ပြည့်နှစ်တွင်ရေးသားပြီးစီးခဲ့သော ရာဇဝင်ချုပ်ဖြစ်သည်။ ကိုလိုနီခေတ်ဦးတွင် ရေးသားခဲ့သော ရာဇဝင်ချုပ်ဖြစ်သဖြင့် ဤစာရင်း၌ မသွင်းတော့ပါ။

ယခုဖော်ပြခဲ့သောစာရင်းသည် ကျွန်တော်လေ့လာဖတ်ရှုရသမျှဖော်ပြခြင်းဖြစ်သည်။ စာရင်းသာတွေ့ပြီး စာမူပျောက်နေသည့် ရာဇဝင်ချုပ်များလည်းရှိနိုင်သည်။ ဥပမာအားဖြင့် ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ ကျမ်းကိုးပြသောစကားတွင် "ဘူရိဒတ်ဇာတ်ပေါင်း၊ တန်တားဦးတည်မော်ကွန်းများကို အဖြေစီရင်သော လောကဓမ္မဉာဏစွယ်စုံ စဉ့်ကိုင်ဆရာတော်ကြီး တေဇောဒီပစီရင်သည့် ရာဇဝင်ချုပ် ၄ အင်္ဂါတွင်"ဟူ၍ တွေ့ရသဖြင့် စဉ့်ကိုင်ဆရာတော်ကြီး တေဇောဒီပစီရင်သော ရာဇဝင်ချုပ်လည်းရှိကြောင်း သိရသည်။ ထိုသို့အကိုးအညွှန်းပြသောရာဇဝင်ချုပ်များလည်း များစွာရှိနိုင်ပါသည်။ မြင်းမူမင်းသားရေး ရာဇဝင်ချုပ်၊ စစ်ကိုင်းရွှေဥမင်ဆရာတော် တိလောကာဘိလင်္ကာရရေးရာဇဝင်ချုပ်တို့လည်း ရန်ကုန်မြို့ တက္ကသိုလ်များဗဟိုစာကြည့်တိုက်တွင်ရှိသေးကြောင်း သိရသည်။ ထို့ကြောင့် ယခုကျွန်တော်ဖော်ပြခဲ့သော ကုန်းဘောင်ခေတ်ရာဇဝင်ချုပ်များတွင်မပါသည့် ရာဇဝင်ချုပ်ပေမူ၊ ပုရပိုက်မူများ တွေ့ရှိပါက ဖြည့်စွက်ကြရန်သာဖြစ်ပေသည်။

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လောက်သာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၄၇၂၈၄ ဧက စိုက်ပျိုးပြီးစီး

**ယင်းမာပင် ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၄၇၂၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ မိုးစပါး ၁၀၃၃၈၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၁၄၁၄၄ ဧက၊ ကနီမြို့နယ်တွင် ၁၁၁၅၆ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၈၇၆ ဧကနှင့် ပုလဲမြို့နယ်တွင် ၂၁၁၀၈ ဧက စုစုပေါင်း ၄၇၂၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ယင်းမာပင်ခရိုင်မှာ မိုးစပါး ဧက ၁၀၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတယ်။ အခု ဧက ၄၇၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ မိုးစပါးဧက လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက်ဆောင်ရွက်သွားမယ်။ တစ်နှစ်ထက်တစ်နှစ် မိုးစပါးစိုက်ပျိုးမှု တိုးချဲ့စိုက်ပျိုးနိုင်တဲ့အနေအထားမှာ ရှိပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ အချိန်မီစိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်တဲ့ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးကြဖို့ ဆောင်ရွက်နေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၃၀၀၀၀၊ ကနီမြို့နယ်တွင် ဧက ၂၃၂၇၀၊ ဆားလင်းကြီးမြို့နယ်တွင် ၄၄၁၅ ဧက၊ ပုလဲမြို့နယ်တွင်ဧက ၄၅၇၀၀ စုစုပေါင်း ၁၀၃၃၈၅ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးစပါး စိုက်ပျိုးတောင်သူများအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရန်၊ မိုးသီးနှံများအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် ပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးကို ၂၀၂၂ ခုနှစ် မေလမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၁၀၁၉၃၅ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ယင်းမာပင်ခရိုင်၌ နွေစပါး ၂၄၉၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလမှ ဧပြီလထိစိုက်ပျိုးခဲ့ရာ နွေစပါး ၁၀၇၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

# တောင်ကြီးခရိုင်၌ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး ကွန်ပျူတာသင်တန်းဆင်းပွဲကျင်းပ

**တောင်ကြီး ဩဂုတ် ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်များမှဝန်ထမ်းများ ရုံးလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေပြီး စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး ကွန်ပျူတာသင်တန်းဆင်းပွဲကို ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းက အဆိုပါ ခရိုင်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းစန္ဒာက သင်တန်းသား၊ သင်တန်းသူများ အနေဖြင့် သင်တန်းက သင်ကြားပို့ချခဲ့သည့် ကွန်ပျူတာဆိုင်ရာ အသိပညာ၊ အတတ်ပညာများကို လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချပြီး မိမိတို့၏စွမ်းဆောင်ရည်များ စဉ်ဆက်မပြတ်တိုးတက်အောင်လေ့လာသင်ယူကြရန် မှာကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်တန်းထူးချွန်သူများနှင့် သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး ကွန်ပျူတာသင်တန်းသို့ တောင်ကြီးမြို့နယ်နှင့် ရပ်စောက်မြို့နယ်တို့မှ အရာထမ်း၊ အမှုထမ်းဝန်ထမ်း ၁၀ ဦး တက်ရောက်ပြီး သင်တန်းတွင် Advance Excel၊ Power Point စသည့် ကွန်ပျူတာဆိုင်ရာဘာသာရပ်များကို ကျွမ်းကျင်ဆရာ၊ ဆရာမများက ဩဂုတ် ၁ ရက်မှ ဩဂုတ် ၁၅ ရက်ထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ဆွမ်းလောင်းပွဲ

- မိုးသောက်ယံ အချိန်ကျ
သဒ္ဓါကြွ ကုသိုလ်မှန်၊
ထူးမြတ်စွာ အရှက်ဆွမ်း
လှူဒါန်းကြရန်၊
စိတ်စေတနာ ရည်စိတ်သန်
ပြည်နိဗ္ဗာန် မျှော်ရှာပေ့၊
တို့မြန်မာ အမွေနှစ်
ချစ်စရာမလေ့။

- ထေရ်သံဃာ ဝါစဉ်တန်းလို့
အရှက်ဆွမ်း ကြွလို့လာ၊
မြင်ရသူ ဝမ်းဆီထိ
ပီတိဝေဖြာ၊
စည်ပြောသံက သာသာယာ
မင်္ဂလာ နံနက်ခင်း၊
ဦးခိုက်ကာ ဖူးမဝ
အလှမြင်ကွင်း။

- သာသနာ ရောင်ဖြာလင်း
မှောင်ခွာရှင်း ဝင်းဝင်းထိန်၊
တို့မြန်မာ နယ်တစ်ရိုး
မညှိုးမမှိန်၊
ဝါတွင်းကာလ သည်အချိန်
သူ့အိမ်လည်း ကုသိုလ်မြဲ
ကိုယ့်အိမ်လည်း ကုသိုလ်မြဲ၊
သဒ္ဓါညီ စေတနာကောင်း
ဆွမ်းလောင်းလှူပွဲ။ ။

**ဖျာပုံမောင်သုည**

# နတ်မောက်မြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**နတ်မောက် ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဝါးရုံကုန်း-ကျောက်ပုံ ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့သို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ရွှေစင်ဝင်းသူ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးအဖွဲ့(ရုံးချုပ်) အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးခိုင်မင်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နတ်မောက်မြို့နယ် ဝါးရုံကုန်း-ကျောက်ပုံ ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်စွက်မှာကြားသည်။

ဝါးရုံကုန်း-ကျောက်ပုံကျေးရွာချင်းဆက်လမ်း အရှည်တစ်မိုင်၊ အကျယ် ၁၆ ပေ၊ ၃ ကိုးလက်မ ကျောက်ချောခင်းခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၉၆ ဒသမ ၈၈၂ သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ ယခုနှစ်ဇွန်လမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်း၏ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးပါက ကျေးရွာ နှစ်ရွာရှိ အိမ်ခြေ ၃၁၈ အိမ်၊ လူဦးရေ ၁၅၅၇ ဦးတို့အတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေးအဆင်ပြေနိုင်မည်ဖြစ်ကြောင်း ဦးစီးအရာရှိ (မြို့ပြ) ဒေါ်ရွှေစင်ဝင်းသူထံမှ သိရသည်။

**သန်းလွင်(မကွေး)**

# နိုင်ငံတကာ သတင်းများ

## အိုဒက်ဆာဆိပ်ကမ်း၌ ပိတ်မိနေသည့် ကုန်တင်သင်္ဘောတစ်စီး ဆိပ်ကမ်းမှထွက်ခွာ

**ကီယက်ဗ် ဩဂုတ် ၁၆**

ရုရှားနိုင်ငံနှင့်ဖြစ်ပွားနေသည့် စစ်ရေးပဋိပက္ခများကြောင့် ယူကရိန်းနိုင်ငံ အိုဒက်ဆာဆိပ်ကမ်း၌ပိတ်မိနေသော ကုန်တင်သင်္ဘောတစ်စီးသည် ယနေ့တွင် ယင်းဆိပ်ကမ်းမှ ထွက်ခွာသွားပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ ကုန်တင်သင်္ဘောမှာ ဟောင်ကောင်မှတ်ပုံတင် ကုန်တင်သင်္ဘောတစ်စီးဖြစ်ပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှစ၍ အိုဒက်ဆာဆိပ်ကမ်း၌ ပိတ်မိနေခဲ့ခြင်းဖြစ်သည်။

ဂျိုးဆက်ရှုအမည်ရှိ အဆိုပါ ကုန်တင်သင်္ဘောသည် ယူကရိန်းနိုင်ငံက ပြီးခဲ့သည့်ရက်သတ္တပတ်က ကြေညာထားသော လူသားချင်းစာနာထောက်ထားမှု ရေလမ်းစကြိုလမ်းကြောင်းမှ ထွက်ခွာသွားခြင်းဖြစ်ကြောင်း ယူကရိန်းအစိုးရက ကြေညာထားသည်။

သို့သော် ယူကရိန်းနိုင်ငံက ကြေညာထားသော အဆိုပါရေလမ်းကြောင်းကို ရုရှားနိုင်ငံက အသိအမှတ်ပြုရန် အစီအစဉ် ရှိ၊ မရှိ မသိရသေးကြောင်း သိရသည်။

သို့ဖြစ်ရာ ယူကရိန်းအစိုးရက ကြေညာထားသည့် ၎င်းရေလမ်းကြောင်း၏ လုံခြုံရေးကို သင်္ဘောကုမ္ပဏီများနှင့်ရေကြောင်းအာမခံကုမ္ပဏီများက စိုးရိမ်လျက်ရှိသည်။

ဂျိုးဆက်ရှု ကုန်တင်သင်္ဘောသည် ကုန်သေတ္တာ ၂၁၁၄ လုံးဖြင့် ကုန်စည်ပမာဏ တန်ချိန် ၃၀၀၀၀ ကျော် တင်ဆောင်ထားကြောင်း သိရသည်။

KKO

## နစ်နိုင်ငံ ပိုင်ဆိုင်ခွင့်အငြင်းပွားဟိမဝန္တာနယ်စပ်ငြိမ်းချမ်းမှုကို ထိန်းသိမ်းရန် တရုတ်နှင့်အိန္ဒိယတို့ ကတိကဝတ်ပြု



**ပေကျင်း ဩဂုတ် ၁၆**

ပိုင်ဆိုင်ခွင့်အငြင်းပွား ဟိမဝန္တာနယ်စပ်တစ်လျှောက် ငြိမ်းချမ်းမှုနှင့်တည်ငြိမ်မှုတို့ကို ထိန်းထားရန် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့က ကတိကဝတ်ပြုခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဩဂုတ် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင်ကျင်းပခဲ့သည့် တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံထိပ်တန်းတပ်မှူးများ၏ (၁၉)ကြိမ်မြောက် နယ်စပ်ဆွေးနွေးပွဲတွင် တရုတ်နှင့် အိန္ဒိယတို့က အဆိုပါအတိုင်း ကတိကဝတ်ပြုခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ နယ်စပ်ဆွေးနွေးပွဲများတွင် တရုတ်နှင့်အိန္ဒိယတပ်မှူးများသည် ဟိမဝန္တာအနောက်ဘက်ခြမ်း နယ်စပ်ထိန်းချုပ်ရေးမျဉ်း( အယ်လ်အေစီ)နှင့်ပတ်သက်နေသည့်ပြဿနာများကိုဖြေရှင်းရေးအတွက်ဆွေးနွေးခဲ့ကြကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

၂၀၂၀ ပြည့်နှစ်က နှစ်နိုင်ငံအငြင်းပွားနယ်စပ်ဒေသတစ်ခုဖြစ်သော လာဒက်ခ်ဒေသ၌ တရုတ်နှင့်အိန္ဒိယ နှစ်ဖက်တပ်ဖွဲ့ဝင်များကြားရန်ပွဲဖြစ်ပွားခဲ့ရာ အိန္ဒိယတပ်ဖွဲ့ဝင် ဦးရေ ၂၀ နှင့် တရုတ်တပ်ဖွဲ့ဝင် လေးဦးသေဆုံးခဲ့ရသည်။

ယင်း နောက်ပိုင်းကာလတွင် လာဒက်ခ်ဒေသ၌ တရုတ်နှင့်အိန္ဒိယတို့သည် စစ်အင်အားအလုံးအရင်းဖြင့် ရင်ဆိုင်တပ်စွဲခဲ့ကြသည်။

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် ၁၉၆၂ ခုနှစ်တွင် နယ်စပ်ပြဿနာကိုအကြောင်းပြု၍ စစ်ပွဲတစ်ပွဲဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။ KKO

## နိုင်ဂျီးရီးယား၏ ဒစ်ဂျစ်တယ်အလုပ်အကိုင် ဖန်တီးရေးအစီအစဉ် Google ကုမ္ပဏီ ကူညီမည်

**နယူးယောက် ဩဂုတ် ၁၆**

အမေရိကန်နိုင်ငံ အခြေစိုက် Google ကုမ္ပဏီသည်နိုင်ဂျီးရီးယားအမျိုးသမီးနှင့် လူငယ် ၂၀၀၀၀ ကို ဒစ်ဂျစ်တယ်နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်မှုများလေ့ကျင့်ဖြည့်ဆည်းပေးရန်စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဩဂုတ် ၁၅ ရက်တွင် ဖော်ပြခဲ့သည်။

ထို့ပြင် Google အနေဖြင့် နိုင်ဂျီးရီးယားအစိုးရ၏ ဒစ်ဂျစ်တယ်အလုပ်အကိုင်များ ရှာဖွေရေးအစီအစဉ်အတွက် နိုင်ဂျီးရီးယားနိုင်ရာငွေ ၁ ဒသမ ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်း) ကူညီမည်ဖြစ်ကြောင်း Google ကုမ္ပဏီ၏ အာဖရိကတာဝန်ရှိသူများက ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယား နိုင်ငံအနေဖြင့် လူငယ်များအတွက် ဒစ်ဂျစ်တယ်အလုပ်အကိုင်များ ဖန်တီးပေးရန်စီစဉ်ထားကြောင်းGoogle တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ဒုတိယသမ္မတကာရှမ်းရှက်တီမာက ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားအစိုးရအနေဖြင့် လူငယ်များအတွက် ဒစ်ဂျစ်တယ်အလုပ်အကိုင်ပေါင်း တစ်သန်းဖန်တီးပေးရန် ရည်မှန်းထားသည်။

သို့သော် အဆိုပါအလုပ်အကိုင်များအားဖန်တီးပေးမည့် အချိန်ကာလကို နိုင်ဂျီးရီးယားအစိုးရက ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

Google ကုမ္ပဏီ၏ အကူအညီများသည် နိုင်ဂျီးရီးယားအစိုးရ၏ ဒစ်ဂျစ်တယ်အလုပ်အကိုင်ရည်မှန်းချက်များနှင့် ကိုက်ညီသည်ဟု နိုင်ဂျီးရီးယားအစိုးရက ပြောကြားထားကြောင်း သိရသည်။

KKO



## ၂၀၂၄ ခုနှစ် အစိုးရအသုံးစရိတ်အဆိုပြုချက် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို လွှတ်တော်၌တင်သွင်း

**ဂျကာတာ ဩဂုတ် ၁၆**

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် ၂၀၂၄ ခုနှစ်၏ အစိုးရအသုံးစရိတ်အဖြစ် အင်ဒိုနီးရှား ရူပီးငွေ ၃၃၀၄ ဒသမ ၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ၂၁၆ ဒသမ ၂၄ ဘီလီယံ)လျာထားသုံးစွဲရန် ယနေ့တွင် အဆိုပြုခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။



သမ္မတ ဂျိုကိုဝီဒိုဒို လွှတ်တော်၌ အဆိုပြုခဲ့သော ၂၀၂၄ ခုနှစ် အစိုးရအသုံးစရိတ်သည် ယခုဘဏ္ဍာရေးနှစ်အစိုးရအသုံးစရိတ်ထက် ခြောက်ရာခိုင်နှုန်းပိုမြင့်မားသည်။

၂၀၂၄ ခုနှစ် အစိုးရအသုံးစရိတ်လိုငွေသည် ပြည်တွင်းစုစုပေါင်းထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)၏ ၂ ဒသမ ၂၉ ရာခိုင်နှုန်းထိရှိမည်ဖြစ်ကြောင်း သမ္မတ ဂျိုကိုဝီဒိုဒိုက ပြောကြားခဲ့သည်။

သမ္မတ ဂျိုကိုဝီဒိုဒိုသည် အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့မတိုင်မီ တစ်ရက်အလိုတွင် ၂၀၂၄ အစိုးရအသုံးစရိတ်ကိုလွှတ်တော်၌ အဆိုပြုခဲ့ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်သည် သမ္မတဂျိုကိုဝီဒိုဒို၏သမ္မတရာထူးသက်တမ်း၏ နောက်ဆုံးနှစ်ဖြစ်သည်။

၂၀၂၄ ခုနှစ် အစိုးရအသုံးစရိတ်သည် စီးပွားရေးအပြောင်းအလဲများအားတုံ့ပြန်နိုင်စွမ်းစိန်ခေါ်မှုများကိုဖြေရှင်းနိုင်စွမ်း ရှိရလိမ့်မည်ဟု သမ္မတ ဂျိုကိုဝီဒိုဒိုက လွှတ်တော်၌ ပြောကြားခဲ့ကြောင်း သိရသည်။

KKO

## ပွေ့ထိုင်းပါတီ၏ အစိုးရအဖွဲ့ ဖွဲ့စည်းရေးလုပ်ငန်းကို ထောက်ခံရန် ရှေ့သို့လှမ်းချီပါတီ ငြင်းပယ်

**ဗန်ကောက် ဩဂုတ် ၁၆**

ပွေ့ထိုင်းပါတီ၏ အစိုးရအဖွဲ့ဖွဲ့စည်းရေး ကြိုးပမ်းမှုများကို ထောက်ခံမှုပေးရန် ထိုင်းအောက်လွှတ်တော်ရွေးကောက်ပွဲ၌ အနိုင်ရထားသည့် ရှေ့သို့လှမ်းချီပါတီက ဩဂုတ် ၁၅ ရက်တွင် ငြင်းပယ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပွေ့ထိုင်းပါတီသည်ရွေးကောက်ပွဲရလဒ်များအား ဖျက်လိုဖျက်ဆီးလုပ်နေပြီး ပြည်သူ့ဆန္ဒကိုလည်း ဆန့်ကျင်နေကြောင်း ရှေ့သို့လှမ်းချီပါတီက စွပ်စွဲထားသည်။

ရှေ့သို့လှမ်းချီပါတီသည် မေ ၁၄ ရက် ထိုင်းအောက်လွှတ်တော်ရွေးကောက်ပွဲ၌ အမတ်နေရာအများဆုံးရရှိခဲ့ပြီး ပွေ့ထိုင်းပါတီက ဒုတိယအများဆုံးရယူနိုင်ခဲ့သည်။

သို့သော် ရှေ့သို့လှမ်းချီပါတီ၏ အစိုးရအဖွဲ့ ဖွဲ့စည်းရေးကြိုးပမ်းမှုများမှာ ထိုင်းအထက်လွှတ်တော်နှင့် ကွန်ဆာဗေးတစ်ဝါဒီများ၏ ကန့်ကွက်ပိတ်ပင်မှုကြောင့် အောင်မြင်ခဲ့ခြင်းမရှိကြောင်း သိရသည်။


လက်ရှိအချိန်တွင် အစိုးရအဖွဲ့သစ် ဖွဲ့စည်းရေးလုပ်ငန်းကို ပွေ့ထိုင်းပါတီက ဦးဆောင်လျက်ရှိသည်။

ပွေ့ထိုင်းပါတီနှင့် ရှေ့သို့လှမ်းချီပါတီတို့သည် ရွေးကောက်ပွဲအပြီး ဖွဲ့စည်းခဲ့သော ရှစ်ပါတီမဟာမိတ်အုပ်စု၌ အတူပါဝင်ခဲ့ဖူးသော မဟာမိတ်ဟောင်းများ ဖြစ်ကြကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## အိန္ဒိယနိုင်ငံ၏ ချန်ဒရာယန်း- ၃ လဆင်းယာဉ်က ဩဂုတ် ၁၄ ရက်တွင် တတိယမြောက် ပုံသန်းရာလမ်းကြောင်းထိန်းညှိမှုတစ်ရပ်ပြုလုပ်ခဲ့



**နယူးဒေလီ ဩဂုတ် ၁၆**

အိန္ဒိယနိုင်ငံ၏ ချန်ဒရာယန်း-၃ လဆင်းယာဉ်သည် ဩဂုတ် ၁၄ ရက်တွင် တတိယမြောက် ပုံသန်းရာလမ်းကြောင်းထိန်းညှိမှုတစ်ရပ် ပြုလုပ်ခဲ့ကြောင်း Hindustain Times သတင်းစာက ဩဂုတ် ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

ဩဂုတ် ၁၄ ရက်တွင် တတိယမြောက် ပုံသန်းရာလမ်းကြောင်း ထိန်းညှိမှုပြုလုပ်ခဲ့ပြီးနောက် ချန်ဒရာယန်း-၃ လဆင်းယာဉ်သည် လကမ္ဘာအနီးရှိ စက်ဝိုင်းမကျတကျ ပတ်လမ်းပေါ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း အိန္ဒိယအမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အိန္ဒိယအမျိုးသားအာကာသအေဂျင်စီသည် ချန်ဒရာယန်း-၃ လဆင်းယာဉ်ကို ဇူလိုင် ၁၄ ရက်တွင် လွှတ်တင်ခဲ့သည်။

လွှတ်တင်ပြီးနောက် ချန်ဒရာယန်း-၃ လဆင်းယာဉ်သည် ဩဂုတ် ၅ ရက်တွင် လပတ်လမ်းအတွင်း ဝင်ရောက်နိုင်ခဲ့သည်။

ချန်ဒရာယန်း-၃ သည် ဩဂုတ် ၆ ရက်နှင့် ၉ ရက်တွင် ပုံသန်းရာလမ်းကြောင်းထိန်းညှိမှုများပြုလုပ်ခဲ့ပြီးနောက် တတိယမြောက် ပုံသန်းရာလမ်းကြောင်းထိန်းညှိမှုကို ဩဂုတ် ၁၄ ရက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ချန်ဒရာယန်း-၁ မစ်ရှင်နှင့် ချန်ဒရာယန်း-၂ မစ်ရှင်များဖြင့် လမျက်နှာပြင်ပေါ်သို့ လဆင်းယာဉ်စေလွှတ်ရန် ကြိုးစားခဲ့ဖူးသော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

KKO

# HEALTH

## ပုံမှန်အလုပ်ချိန်ပြင်ပ အလုပ်ဆင်းရသူများ စိတ်ကျဝေဒနာဖြစ်နိုင်ခြေ ပို၍မြင့်မားနေ

**ပေကျင်း ဩဂုတ် ၁၆**

နံနက် ၉ နာရီမှ ညနေ ၅ နာရီ ပုံမှန်အလုပ်ချိန်ပြင်ပ၌ အလှည့်ကျ အဆိုင်းလိုက်အလုပ်ဆင်းရသူများတွင် စိတ်ကျဝေဒနာဖြစ်နိုင်ခြေပို၍ မြင့်မားနေကြောင်း The Daily Mail သတင်းစာက ဩဂုတ် ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

တရုတ်နိုင်ငံ ဟွာကျောင်း တက္ကသိုလ်မှ သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၁၇၅၀၀၀ ကျော်တို့၏ ကျန်းမာရေး အချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်ရလဒ်များအရ ပုံမှန်အလုပ်ချိန်ပြင်ပ အလှည့်ကျ အလုပ်ဆင်းရသူများသည် ပုံမှန်အလုပ်ချိန်အတွင်း အလုပ်လုပ်သူများထက် စိတ်ဖိအားဝင်နိုင်ခြေ ၂၂ ရာခိုင်နှုန်း ပိုမြင့်မားနေသည်ကိုတွေ့ရကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ပုံမှန်အလုပ်ချိန်ပြင်ပ၌ အလှည့်ကျအလုပ်ဝင်ရသူများသည် စိုးရိမ်သောကဝင်နိုင်ခြေလည်း ၁၆ ရာခိုင်နှုန်းပိုမြင့်မားကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ပုံမှန်အလုပ်ချိန်ပြင်ပ၌ အလှည့်ကျအလုပ်ဝင်ရသူများကြား ဆေးလိပ်သောက်နိုင်ခြေ၊ အိပ်ရေးပျက်နိုင်ခြေနှင့် အဝလွန်လာနိုင်ခြေတို့ မြင့်မားလာမှုသည် စိတ်ကျန်းမာရေးပြဿနာများ၏ နောက်ခံအကြောင်းတရားဖြစ်သည်။

ယခင်ပြုလုပ်ခဲ့ဖူးသည့် လေ့လာချက်များတွင်လည်း ဆေးလိပ်သောက်သုံးပါက နီကိုတင်းဓာတ်စွဲလမ်းမှုကြောင့် စိတ်ကျဝေဒနာဖြစ်နိုင်သည်ဟု တင်ပြခဲ့ကြဖူးကြောင်း သိရသည်။

KKO

## နာဆာ၏ ရာသီဥတုပြောင်းလဲမှုလေ့လာရေးမစ်ရှင်များကို Rocket Lab ကုမ္ပဏီက လွှတ်တင်ပေးမည်

**ဝါရှင်တန် ဩဂုတ် ၁၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ ရာသီဥတုပြောင်းလဲမှုလေ့လာရေး မစ်ရှင်များ (PREFIRE) ကို Rocket Lab ကုမ္ပဏီက လွှတ်တင်ပေးမည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

Rocket Lab ကုမ္ပဏီသည် PREFIRE မစ်ရှင်များကို ၂၀၂၄ ခုနှစ်အတွင်း အီလက်ထရွန်ဒုံးပျံဖြင့် လွှတ်တင်ပေးမည်ဖြစ်ကြောင်း သိရသည်။

PREFIRE မစ်ရှင်များသည် Rocket Lab ကုမ္ပဏီက နာဆာအဖွဲ့အတွက် လွှတ်တင်ပေးမည့် သတ္တမမြောက်နှင့် အဋ္ဌမမြောက် မစ်ရှင်များဖြစ်ကြောင်း သိရသည်။



အဆိုပါမစ်ရှင်တွင် ကျူဆက်ဂြိုဟ်တုငယ်နှစ်စင်းပါဝင်ပြီး နှစ်ကြိမ်ခွဲ၍ လွှတ်တင်ပေးရမည်ဖြစ်ကြောင်း သိရသည်။

Rocket Lab ကုမ္ပဏီသည် အဆိုပါဂြိုဟ်တုငယ်များကို ၂၀၂၄ ခုနှစ် မေလတွင် နယူးဇီလန်နိုင်ငံရှိ ၎င်းပိုင်မစ်ရှင်မှတစ်ဆင့် လွှတ်တင်ပေးမည်ဖြစ်သည်။

အဆိုပါ ဂြိုဟ်တုငယ်နှစ်စင်းသည် ကမ္ဘာမြေပြင်အထက် အမြင့် ၅၂၅ ကီလိုမီတာအကွာရှိ ပတ်လမ်းပေါ်၌ နေရာယူ၍ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုပုံစံများကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

KKO

## Spironolactone ဆေးက ဝက်ခြံနာကုသရာတွင် အထောက်အကူပေးနိုင်

**လန်ဒန် ဩဂုတ် ၁၆**

ဈေးမကြီးသည့် သွေးဖိအားလျှော့ချရေးဆေးတစ်မျိုးဖြစ်သော Spironolactone က အမျိုးသမီးများ၏ ပြင်းထန်သောဝက်ခြံနာများကို ကုသရာတွင် အထောက်အကူပေးနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက ဩဂုတ် ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

ဗြိတိန်နိုင်ငံ ဆောက်သမ်တန် တက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ Spironolactone အမည်ရှိ အဆိုပါဆေးသည် ဝက်ခြံပြဿနာကို စေ့ဆော်ပေးနိုင်ဖွယ်ရှိသည့် ကိုယ်တွင်းဟော်မုန်းများအဆင့်အပေါ် အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် ခြောက်လကြာမျှ ဝက်ခြံပြဿနာရင်ဆိုင်နေရသည့် အသက် ၁၈ နှစ်နှင့်အထက် အမျိုးသမီး ၄၀၀ ကျော်တို့ဖြင့် Spironolactone ဆေး၏ အာနိသင်ကို လက်တွေ့စမ်းသပ်ခဲ့ကြသည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသည့် ရလဒ်များအရ Spironolactone ဆေးဖြင့် ကုသမှုခံယူခဲ့ကြသော အမျိုးသမီးများ၏ ဝက်ခြံနာများမှာ ဆေးယောင် (Placebo) ဖြင့် ကုသမှုခံယူခဲ့သူများထက် အခြေအနေပိုကောင်းလာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထက်ပါလေ့လာချက်မှ ပေါ်ထွက်လာသော ရလဒ်များအရ Spironolactone သည် လက်ရှိအသုံးပြုနေသည့် ဝက်ခြံဆေးဝါးများအစား အသုံးပြုနိုင်သည့် ဆေးတစ်မျိုးဖြစ်လာနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။ KKO



## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က စကြဝဠာ၏ ရှေးအကျဆုံးကြယ်စုတစ်စုကို ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဩဂုတ် ၁၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် စကြဝဠာ၏ ရှေးအကျဆုံး ကြယ်စုတစ်စုကို ရှာဖွေတွေ့ရှိထားကြောင်း The Daily Mail သတင်းစာက ဩဂုတ် ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

မေစီကြယ်စုဟု၍ အမည်ပေးထားသော ၎င်းကြယ်စုသည် Big Bang ခေါ် မဟာပေါက်ကွဲမှုကြီးဖြစ်ပွားပြီး နှစ်ပေါင်းသန်း ၃၉၀ ခန့်အကြာတွင် ပေါ်ထွက်လာသည့် ကြယ်စုဖြစ်ကြောင်း တက္ကဆက်တက္ကသိုလ်မှ အမေရိကန်သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

မေစီကြယ်စုသည် လက်ရှိရှာဖွေတွေ့ရှိဖူးသမျှ ရှေးအကျဆုံး ကြယ်စုလေးခုအနက် တစ်ခုဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ကြယ်စုများ၏ ပတ်လမ်းကို တိုင်းတာရာတွင် သိပ္ပံပညာရှင်များသည် ၎င်းကြယ်စုများမှ ထွက်ပေါ်လာသည့် ရောင်စဉ်လှိုင်းအလျားအနိမ့်အမြင့်ကို အခြေခံတွက်ချက်လေ့ရှိသည်။

စကြဝဠာကြီး ပြန့်ကားနေမှုနှင့်အတူ ကမ္ဘာမြေဘက်မှ ခွာထွက်နေကြချိန်တွင် ကြယ်စုကြီးများ၏ရောင်စဉ်လှိုင်းအလျားပြောင်းလဲသွားတတ်ပြီး လှိုင်းအလျားမြင့်မားလေလေ ပို၍ရှေးကျလေလေဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

မေစီကြယ်စုထက်ပင် ရှေးကျသည့် ကြယ်စုများအဖြစ် ယူဆရသည့်ကြယ်စု ၁၁ ခုတို့ကိုလည်း အမေရိကန်သိပ္ပံပညာရှင်များက လက်ရှိအချိန်တွင် သက်တမ်းတွက်၍ ကြိုးစားလျက်ရှိကြောင်း သိရသည်။ KKO

## နိုင်ငံတကာ အားကစားသတင်းများ

# အင်တာနေရှင်နယ်လိဂ်ဖလားပြိုင်ပွဲတွင် အင်တာမီယာမီအသင်း ဗိုလ်လုပွဲသို့ တက်ရောက်



**ဝါရှင်တန် ဩဂုတ် ၁၆**

အမေရိကန်နှင့် ကနေဒါနိုင်ငံတို့က အိမ်ရှင်အဖြစ်ကျင်းပခွင့်ရရှိထားသည့် အင်တာနေရှင်နယ်လိဂ်ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဖီလာဒယ်ဖီးယားအသင်းနှင့်အင်တာမီယာမီအသင်းတို့ တွေ့ဆုံခဲ့ရာ အင်တာမီယာမီအသင်းက လေးဂိုးတစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူးမက်ဆီဦးဆောင်လာသည့် အင်တာမီယာမီအသင်းသည် ပြိုင်ဘက်အသင်းကို ပွဲအစကတည်းက ဖိအားပေးနိုင်ခဲ့ရာ ပွဲချိန် သုံးမိနစ်တွင် မာတီနက်ဇ်၊ ပွဲချိန် မိနစ် ၂၀ တွင် တိုက်စစ်မှူးမက်ဆီ၊ ပွဲချိန် ၄၅ မိနစ်တွင် အလာဘာ၊ ပွဲချိန် ၈၄ မိနစ်တွင် ဒေးဗစ်ခရုဇ်တို့က အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူပေးနိုင်ခဲ့ပြီး ဖီလာဒယ်ဖီးယားအသင်းက ပွဲချိန် ၇၃ မိနစ်တွင် ချေပဂိုးတစ်ဂိုးသာသွင်းယူနိုင်ခဲ့သောကြောင့် အင်တာမီယာမီအသင်းက ဂိုးပြတ်နိုင်ပွဲဖြင့်ဗိုလ်လုပွဲစဉ်သို့တက်ရောက်ခဲ့ပြီး လိဂ်ဖလားသမိုင်းတစ်လျှောက်တွင် ပထမဆုံးဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သည့် တိုက်စစ်မှူးမက်ဆီသည် လိဂ်ဖလားပြိုင်ပွဲ ခြောက်ပွဲကစားခဲ့ရာ ခြောက်ပွဲစလုံး ဂိုးသွင်းယူနိုင်ခဲ့ပြီး စုစုပေါင်းသွင်းဂိုး ကိုးဂိုးဖြင့် ဂိုးသွင်းအများဆုံးကစားသမားစာရင်းတွင် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ML

# မန်စီးတီးအသင်းက လူငယ်ကစားသမား ရီကိုလူးဝစ်ကို ငါးနှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆို

**မန်ချက်စတာ ဩဂုတ် ၁၆**

မန်စီးတီး အသင်းသည် ဘယ်တောင်ပံခံစစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် လူငယ်ကစားသမား ရီကိုလူးဝစ်ကို လာမည့် ၂၀၂၈ ခုနှစ်ထိ ငါးနှစ်သက်တမ်းတိုးစာချုပ် ထပ်မံချုပ်ဆိုခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၈ နှစ်ရှိ လူငယ်ကစားသမား ရီကိုလူးဝစ်သည် ဗဟိုခံစစ်ပိုင်းတွင်သာမက ဘယ်တောင်ပံခံစစ်ပိုင်းတွင် ပါဝင်ကစားနိုင်သည့်အတွက် နည်းပြဂွါဒီယိုလာက ပြီးခဲ့သည့် ဘောလုံးရာသီကတည်းက အသင်းကြီးသို့ခေါ်ယူကာ ချန်ပီယံလိဂ်ပြိုင်ပွဲနှင့် အက်ဖ်အေဖလားပြိုင်ပွဲတို့တွင် အသုံးပြုခဲ့ရာ ပြိုင်ပွဲစုံ ၂၃ ပွဲထိ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဆီဗီလာအသင်းကို ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် မှတ်တမ်းကောင်းတစ်ရပ်ကိုလည်း ရရှိခဲ့သည်။

ထို့ကြောင့် မန်စီးတီးအသင်းနည်းပြဂွါဒီယိုလာက လာမည့် ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည့် လူငယ်ကစားသမားကို ခံစစ်ပိုင်းလိုအပ်ချက်အတွက် စာချုပ်သစ်ချုပ်ဆိုရန်ဆွေးနွေးခဲ့ပြီး ငါးနှစ်စာချုပ်သက်တမ်းတိုးနိုင်ခဲ့ကြောင်း သိရသည်။

ရီကိုလူးဝစ်သည် အသက်ရှစ်နှစ်အရွယ်ကတည်းက မန်စီးတီးလူငယ်အသင်းသို့ ရောက်ရှိခဲ့ပြီး ၎င်း၏တိုးတက်လာသည့် ခြေစွမ်းပိုင်းကြောင့် ၂၀၂၀ ပြည့်နှစ်တွင် ယူ-၁၈ အသင်း၊ ၂၀၂၁ ခုနှစ်တွင် ယူ-၁၉ အသင်း၊ လူငယ်အကယ်ဒမီအသင်းနှင့် ယူ-၂၃ အသင်းတို့တွင် ပါဝင်ကစားခွင့်ရရှိခဲ့ရာ ပုံစံကောင်းပြသနိုင်ခဲ့သဖြင့် ပြီးခဲ့သည့်ဘောလုံးရာသီက စီနီယာအသင်းကြီးနှင့် ပူးပေါင်းခွင့်ရရှိခဲ့ကြောင်း သိရသည်။

ML




## အားကစားသတင်း အတိုအထွာများ

- လူတန်အသင်းက နော့ဝှစ်အသင်း ဂိုးသမား တင်ကာရှူးကို ခေါ်ယူရန်သဘောတူညီမှုရရှိခဲ့ပြီး လာမည့် နာရီပိုင်းအတွင်း အတည်ပြုကြေညာမည်ဖြစ်ကြောင်း သိရသည်။
- ဝက်စ်ဟမ်းအသင်းက ဂါလာတာစာရေးအသင်း ကွင်းလယ်ကစားသမား ဇန်နီအိုလိုကို အပြီးသတ်ဝယ်ယူခွင့်ပါသည့် တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့သည်။
- ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်တွင် ရရှိခဲ့သည့်ဒဏ်ရာကြောင့် ကွင်းလယ်ကစားသမား ဒီဘရိုင်း လေးလခန့်အနားယူရမည်ဖြစ်ကြောင်း မန်စီးတီးအသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။
- အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အင်္ဂလန်အမျိုးသမီးအသင်းက ဩစတြေးလျအမျိုးသမီးအသင်းကို သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ယူ၍ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ML

# အင်တာမီလန်အသင်း ကစားသမား ဂိုဆန်ကို ယူနီယံဘာလင်အသင်းက ယူရို ၁၃ သန်းဖြင့်ခေါ်ယူ

**ဘာလင် ဩဂုတ် ၁၆**

ဂျာမန်ကလပ် ယူနီယံဘာလင်အသင်းသည် ခံစစ်ပိုင်းလိုအပ်ချက်အတွက် အင်တာမီလန်အသင်း ကစားသမားဂိုဆန်ကို ပြောင်းရွှေ့ကြေး ယူရို ၁၃ သန်းဖြင့်လာမည့် ၂၀၂၈ ခုနှစ်ထိ ငါးနှစ်စာချုပ်ချုပ်ဆို၍ ခေါ်ယူနိုင်ခဲ့သည်ဟု ထုတ်ပြန်ခဲ့ကြောင်း sampreinter.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ယူနီယံဘာလင် အသင်းသည် ခံစစ်ကစားသမား ဂိုဆန်ကိုခေါ်ယူရန် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီကတည်းက ကြိုးပမ်းနေကာ ကစားသမားအနေဖြင့် အင်တာမီလန်အသင်းသို့သာ ပြောင်းရွှေ့ခဲ့သောကြောင့် လက်လျှော့ခဲ့ရသော်လည်း အင်တာမီလန်အသင်းတွင် ပုံမှန်ပွဲကစားခွင့် ပျောက်ဆုံးခဲ့ကာ လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ခဲ့ရပြီး လက်ရှိတွင် အင်တာမီလန်အသင်းက မွန်ဇာအသင်းမှ ကားလိုစ်ဂတ်စတိုကိုခေါ်ယူခဲ့သဖြင့် ဂိုဆန်သည် ယူနီယံဘာလင်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

အသက် ၂၉ နှစ်ရှိ ခံစစ်ကစားသမားဂိုဆန်သည် အင်တာမီလန်အသင်းတွင် ပါရီဆစ်၏နေရာကို အစားထိုး ဝင်ရောက်ခွင့်ရရှိရန် ကြိုးပမ်းခဲ့သော်လည်း ခံစစ်ကစားသမားဒီမာကိုက ၎င်းထက်ခြေစွမ်းပြသနိုင်ခဲ့သဖြင့် အရန်ခုံတွင်သာ အချိန်ကုန်ခဲ့ရပြီး အသင်းနှင့်ပြိုင်ပွဲစုံ ၅၈ ပွဲပါဝင်ခဲ့ရာတွင် သွင်းဂိုး ငါးဂိုးသွင်းယူ၍ အင်တာမီလန်အသင်းကို ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုအဆင့်တွင် ဘာစီလိုနာအသင်းနှင့်တွေ့ဆုံချိန်၌ ဂိုဆန်က အဆုံးအဖြတ်ဂိုးသွင်းယူကာအသင်းကို ရှုံးထွက်အဆင့်သို့ပို့ဆောင်နိုင်ခဲ့သည်။

သို့သော် အင်တာမီလန်အသင်းနည်းပြအင်ဇာဂီက ဂိုဆန်ကို ယခုနှစ်ဘောလုံးရာသီတွင် အဓိကပွဲထွက်ကစားသမားအဖြစ် အသုံးမပြုလိုသောကြောင့် ယူနီယံဘာလင်အသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲအတွေ့အကြုံကောင်းများရှိသည့် ခံစစ်ကစားသမား ဂိုဆန်ကိုခေါ်ယူရန်ဆုံးဖြတ်ခဲ့ပြီး ငါးနှစ်သဘောတူစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ML

# ဇီယက်ချ်၏အပြောင်းအရွှေ့အတွက် ချဲလ်ဆီးအသင်းနှင့် ဂါလာတာစာရေးအသင်းတို့ သဘောတူညီမှုရရှိ

**လန်ဒန် ဩဂုတ် ၁၆**

ချဲလ်ဆီးအသင်းနှင့် ဂါလာတာစာရေးအသင်းတို့အကြား တောင်ပံကစားသမား ဇီယက်ချ်၏အပြောင်းအရွှေ့အတွက် အပြီးသတ်သဘောတူညီမှုရရှိခဲ့သည်ဟု Evening Standard သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့်ဘောလုံး ရာသီကတည်းက ချဲလ်ဆီးအသင်းနှင့် အနာဂတ် မရေမရာဖြစ်နေသည့် ဇီယက်ချ်သည် လက်ရှိကစားသမားအပြောင်းအရွှေ့ကာလ အစပိုင်းကတည်းက အသင်းပြောင်းရွှေ့ရန် ကြိုးပမ်းနေပြီး အစောပိုင်းက ဆော်ဒီထိပ်တန်းကလပ် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ကစားရန် သဘောတူညီမှု ရရှိခဲ့သော်လည်း ဆေးစစ်မှုပြုလုပ်ခဲ့ရာတွင် အဆင်မပြေမှုများ ရှိခဲ့သည့်အတွက် အပြောင်းအရွှေ့ပျက်ပြယ်ခဲ့ရခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်း တောင်ပံကစားသမားဇီယက်ချ်သည် အယ်နာဆာအသင်းနှင့် အပြောင်းအရွှေ့ပျက်ပြယ်ခဲ့ပြီးနောက် ဂါလာတာစာရေးအသင်းသို့ ပြောင်းရွှေ့ကစားရန် ကြိုးပမ်းခဲ့ပြီး ပြီးခဲ့သည့်ရက်ပိုင်းက ချဲလ်ဆီးအသင်းနှင့် ဂါလာတာစာရေးအသင်းတို့မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။




လက်ရှိတွင် ဇီယက်ချ်၏အပြောင်းအရွှေ့နှင့်ပတ်သက်ပြီး ချဲလ်ဆီးအသင်းနှင့်ဂါလာတာစာရေးအသင်းတို့ကြား သဘောတူညီမှုရရှိခဲ့သည့်အတွက် ယခုရက်သတ္တပတ်အတွင်း ဆေးစစ်မှုများပြုလုပ်ကာ အပြောင်းအရွှေ့ကို အပြီးသတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

STA

# အေအက်ဖ်စီဗလားပြိုင်ပွဲ ခြေစစ်ပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်းက DPMM အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိ




**ရန်ကုန် ဩဂုတ် ၁၆**

အေအက်ဖ်စီဗလားပြိုင်ပွဲ ဒုတိယအဆင့်ခြေစစ်ပွဲအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဘရူနိုင်းကလပ် DPMMအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ ဂိုးသွင်းခွင့်ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်း မသေချာမှုများကြောင့် ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် နှစ်သင်းစလုံး ပထမပိုင်းကထက် ပိုမိုတိုက်စစ်မြှင့်တင်ပြီး အပြန်အလှန်ဖိအားပေးခဲ့ရာမှ ပွဲချိန် ၇၇ မိနစ်တွင် ဖာရုက်နောက အဝေးကန်ချက်ဖြင့် DPMM အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သည်။

ဦးဆောင်ဂိုးပေးခဲ့ရပြီးနောက်ပိုင်း ရန်ကုန်ယူနိုက်တက်အသင်းကလည်း တရစပ်ပြန်လည်ဖိအားပေးကစားခဲ့ရာမှ တစ်မိနစ်အကြာ ပွဲချိန် ၇၈ မိနစ်တွင် ဗလင်စီယာက ရန်ကုန်ယူနိုက်တက်အသင်းအတွက် ချေပဂိုး ပြန်လည်သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ချေပဂိုးရရှိခဲ့ပြီးနောက် ရန်ကုန်ယူနိုက်တက်အသင်း ပိုမိုတိုက်စစ်ဆင် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် မိနစ် ၉၀ တွင် ဗလင်စီယာ၏ အကောင်းဆုံး ဖန်တီးပေးမှုမှ ကွင်းလယ်ကစားသမား ဇော်ဝင်းသိန်းက အနီးကပ် အပိုင်ဝင်သွင်းပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက DPMM အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# ကန်နဲလိုအယ်ဗာရက်ဇ်က ခရောဖို့ဒ်နှင့် ထိုးသတ်သွားရန်စိတ်ဝင်စားကြောင်း ပြောကြား

**မက္ကဆီကိုစီးတီး ဩဂုတ် ၁၆**

WBA(Super)၊ WBC၊ IBF၊ WBO စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား ကန်နဲလိုအယ်ဗာရက်ဇ်သည် WBO၊ WBA (Super)၊ WBC၊ IBF ဝယ်လ်ဘာဝိတ်တန်း၏ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမား ခရောဖို့ဒ်နှင့် ထိုးသတ်သွားရန် စိတ်ဝင်စားနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု DAZN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ခရောဖို့ဒ်သည် အဲရိုလ်စပန့်ကိုအနိုင်ရရှိကာ ဝယ်လ်ဘာဝိတ်တန်း၏ ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံဖြစ်လာခဲ့ပြီးနောက် စိန်ခေါ် ထိုးသတ်လိုသည့် ပြိုင်ဘက်ကစားသမားရှိနေသည်။

ကန်နဲလိုအယ်ဗာရက်ဇ်သည် မစ်ဒယ်ဝိတ်တန်းမှ စူပါမစ်ဒယ်ဝိတ်တန်းတွင် ပြောင်းရွှေ့ထိုးသတ်နေပြီး လိုက်ဟဲဗီးဝိတ်တန်းတွင်လည်း ဘီဗိုလ်နှင့်ထိုးသတ်ခဲ့သည်။

ကန်နဲလိုအယ်ဗာရက်ဇ်အနေဖြင့် ဝိတ်တန်းမြင့်၍ထိုးသတ်ခဲ့သလို ဝိတ်တန်းလျှော့၍လည်း ထိုးသတ်ရန် စိတ်ဝင်စားနေသည်။

ခရောဖို့ဒ်သည် ဝိတ်တန်းရွှေ့ပြောင်းသင့်သည်ဟု လက်ဝှေ့ကျွမ်းကျင်သူများက သုံးသပ်အကြံပြုထားသော်လည်း ဝိတ်တန်းရွှေ့ပြောင်းရန် ဆန္ဒမရှိသည့်အတွက် ကန်နဲလိုအယ်ဗာရက်ဇ် အနေဖြင့် ခရောဖို့ဒ်နှင့် ထိုးသတ်လိုပါက ဝိတ်တန်းလျှော့ချရမည်ဖြစ်သည်။

ကန်နဲလိုအယ်ဗာရက်ဇ်သည် စက်တင်ဘာ ၃၀ ရက်တွင် ဂျာမဲလ်ချာလိုနှင့် ထိုးသတ်ရမည်ဖြစ်ပြီး ယင်းပွဲစဉ်အပြီးတွင် ခရောဖို့ဒ်နှင့် ဆွေးနွေးသွားနိုင်ဖွယ်ရှိနေသည်။

ကန်နဲလိုအယ်ဗာရက်ဇ်သည် ဝိတ်တန်းလျှော့၍ ထိုးသတ်သွားရန် ခက်ခဲမည်ဖြစ်သော်လည်း ခရောဖို့ဘက်မှလက်ခံပါက catchweight သဘောတူညီချက်ဖြင့် ဆွေးနွေးဖွယ်ရှိနေကြောင်း သိရသည်။

AZL

# BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဆုကို ကာကွယ်သွားမည်ဖြစ်ကြောင်း ပက်ထရစ်ကန်တလေ ပြောကြား




**အီလီနွိုက်စ် ဩဂုတ် ၁၆**

အမေရိကန်နိုင်ငံ အီလီနွိုက်စ်ပြည်နယ် အိုလံပီယာဖီးမြို့တွင် ကျင်းပမည့် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဖြစ်သူ အမေရိကန်ဂေါက်သီးရိုက်ကစားသမားပက်ထရစ်ကန်တလေက လက်ရှိချန်ပီယံဆုကို ကာကွယ်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု Yahoo Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ပက်ထရစ်ကန်တလေသည် ပြီးခဲ့သည့်ရက်ပိုင်းက ကျင်းပခဲ့သော FedEx St.Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နောက်ဆုံးနေ့အပြီး အမှတ်ပေးဇယားထိပ်၌ ရပ်တည်နိုင်ခဲ့ပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမားလူကပ်ဂလိုဗာနှင့် ချန်ပီယံအဆုံးအဖြတ်အဖြစ် Play-off ကစားခဲ့ရာ ရှုံးနိမ့်သွားခဲ့သည့်အတွက် ချန်ပီယံဆုနှင့် ကပ်လွဲခဲ့ရသည်။

ပက်ထရစ်ကန်တလေအနေဖြင့် FedEx St.Jude Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုနှင့် လွဲချော်ခဲ့ရသော်လည်း BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန်ပစ်မှတ်ထားနေပြီး ဒုတိယမြောက် လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရေးအတွက် ပစ်မှတ်ထားလျက်ရှိသည်။

ပက်ထရစ်ကန်တလေသည် FedExCup အမှတ်ပေးဇယားတွင် အဆင့်(၅)နေရာ၌ ရပ်တည်နေသည့်အတွက်ကြောင့် FedEx Cup Play-off ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရမည့် အခွင့်အရေးကိုလည်း ပိုင်ဆိုင်ထားသည်။

ပက်ထရစ်ကန်တလေသည် ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ချန်ပီယံဆုကို ဆွတ်ခူးထားသူဖြစ်ပြီး BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲသက်တမ်းတစ်လျှောက်ချန်ပီယံဆုဖလားကိုသုံးနှစ်ဆက်တိုက်ဆွတ်ခူးနိုင်သည့်ကစားသမားအဖြစ်မှတ်တမ်းဝင်နိုင်ရေးအတွက် အကောင်းဆုံးပြင်ဆင်ထားသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# Cincinnati Masters တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ အယ်ကာရက်ဇ် တက်ရောက်

**ဝင်စင်နာတီ ဩဂုတ် ၁၆**

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် စင်စင်နာတီမြို့တွင် ကျင်းပနေသည့် Cincinnati Masters တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်နှင့် ဩစတြေးလျတင်းနစ်ကစားသမား တွမ်ဆင်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၇-၅၊ ၄-၆၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း MSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်အနေဖြင့် အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့သော်လည်း ပြိုင်ပွဲအတွင်းပုံစံကောင်း ရရှိရန်ရုန်းကန်ခဲ့ရသည်။

ပထမပွဲငယ်တွင် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရပြီး tie-break အဆင့်ထိ ကစားခဲ့ရကာ အနိုင်ရရှိခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည်ရှုံးနိမ့်ခဲ့ပြီး အဆုံးအဖြတ်ပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည်အနိုင်ရရှိခဲ့သည်။

အယ်ကာရက်ဇ်က"ကျွန်တော့်အတွက် တကယ့်ကိုခက်ခဲတဲ့ပွဲစဉ်တစ်ပွဲပါ။ ပထမပွဲငယ်မှာကတည်းက ခက်ခက်ခဲခဲကစားခဲ့ရတယ်။ ဒုတိယပွဲငယ်မှာလဲ ပုံစံကောင်းပျောက်ဆုံးပြီး အမှားတွေများခဲ့တဲ့အတွက် ရှုံးနိမ့်ခဲ့ရတယ်။ တတိယပွဲငယ်မှာတော့ ကျွန်တော့်ရဲ့အကောင်းဆုံးပုံစံတွေပြန်ရခဲ့တယ်။ ဒါပေမဲ့ ဒီလိုခက်ခဲနေတဲ့အချိန်မှာ နိုင်ပွဲရရှိခဲ့တာဟာ ကျွန်တော့်အတွက် အပြောင်းအလဲတွေဖြစ်လာနိုင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL




# အာဆီယံယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(က)အတွက် သတင်းစာရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၁၆**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၃ ခုနှစ် အာဆီယံယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(က)အတွက် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက ထိုင်းနိုင်ငံ ရာရောင်းမြို့တွင် ကျင်းပခဲ့သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲအခမ်းအနားသို့ မြန်မာယူ-၂၃ အသင်းနည်းပြ ဖိုက်တန်ဘိုင်နာနှင့်အတူ အုပ်စုတွင်းမှ အိမ်ရှင်ထိုင်းယူ-၂၃ အသင်း၊ ကမ္ဘောဒီးယားယူ-၂၃ အသင်းနှင့် ဘရူနိုင်းယူ-၂၃ အသင်းတို့မှ နည်းပြများ တက်ရောက်ခဲ့ကြပြီး ဒေသတွင်းမီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားခဲ့ကြသည်။

မြန်မာယူ-၂၃ အသင်းနည်းပြ ဖိုက်တန်ဘိုင်နာက "ကျွန်တော်တို့ မြန်မာယူ-၂၃ အသင်းအနေနဲ့ အခုချိန်ထိ ကစားသမားအားလုံး ဒဏ်ရာကင်းစင်နေပြီး လေ့ကျင့်မှုတွေ ကောင်းကောင်းရှိပါတယ်။ ဒီပြိုင်ပွဲပြီးရင် စက်တင်ဘာလမှာ ကျင်းပမဲ့ အာရှအဆင့်ခြေစစ်ပွဲနဲ့ အာရှအားကစားပြိုင်ပွဲတွေသာမက လာမဲ့နှစ်ဆီးဂိမ်းထိ ကစားသမားသစ်တွေမြင်ရမှာပါ။ ကျွန်တော်တို့အုပ်စုမှာ ပြီးခဲ့တဲ့ဆီးဂိမ်းကတွေ့ဆုံခဲ့တဲ့ ထိုင်းအသင်းပါသလို စုဖွဲ့မှုကောင်းမွန်တဲ့ ကမ္ဘောဒီးယားအသင်းလဲပါဝင်နေပါတယ်။ ကျွန်တော်တို့ လူငယ်ကစားသမားတွေ အနေနဲ့ ဒီပြိုင်ပွဲကနေ အတွေ့အကြုံကောင်းတွေအများကြီးရရှိမှာပါ။ ကျွန်တော်အနေနဲ့ ပြိုင်ဘက်အသင်းတိုင်းကို လေးစားမှု အပြည့်ရှိပါတယ်"ဟု ပြောကြားခဲ့သည်။

ယခုနှစ် အာဆီယံယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(က)တွင် အိမ်ရှင် ထိုင်းယူ-၂၃ အသင်း၊ မြန်မာယူ-၂၃ အသင်း၊ ကမ္ဘောဒီးယားယူ-၂၃ အသင်း၊ ဘရူနိုင်းယူ- ၂၃ အသင်းတို့ တစ်အုပ်စုတည်းကျရောက်လျက်ရှိနေကြောင်း သိရသည်။

STA

# လူငယ်နှင့် လူမှုဆက်ဆံရေး

**ဇင်မင်းစိုး(ပိုလ်ကလေး)**

"ယနေ့ခေတ်လူငယ်များ အပြောအဆိုယဉ်ကျေးသိမ်မွေ့ကြသည်"ဟု လူကြီးသူမများက မကြာခဏ ချီးမွမ်းပြောဆိုသည်ကို ကြားသိရသဖြင့် ဝမ်းသာပီတိဖြစ်မိပါသည်။ ခေတ်အလိုကိုလိုက် ခေတ်အကြိုက်ဆောင်ကာ နေထိုင်နေကြရသော ယနေ့ခေတ်တွင် မြန်မာမှုဓလေ့ နေထိုင်ပြောဆိုမှုများ၊ လူကြီးသူမများ၏ ဆုံးမမှုအောက်တွင် နေထိုင်ရသော လူငယ်များအဖို့ ယဉ်ကျေးသိမ်မွေ့ကြသည်မှာ မဆန်းသော်လည်း အချို့လူငယ်များမှာ ခေတ်ရေစီးကြောင်းအရ ခေတ်မီအောင် ပြောဆိုနေထိုင်မှသာ ခေတ်ဆန်သည်၊ ခေတ်မီသည်ဟု အထင်အမြင်လွဲမှားကြသဖြင့် အနာဂတ်အတွက် ရင်လေးဖွယ်ဖြစ်လေသည်။ ခေတ်မီအောင်၊ ခေတ်ဆန်အောင် ပြောဆိုနေရင်းမှပင် မြန်မာစာရေးထုံးသတ်ပုံများ မှားယွင်းမှု၊ အချို့စကားလုံးများမှာ နားထောင်ရန် မသင့်လျော်မှုနှင့် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ အမှားကို အမှန်ထင်ကာ ဝိဝါဒနှင့် အဓိပ္ပာယ်ကွဲလွဲမှုများ ဖြစ်ပေါ်လာနိုင်သဖြင့် လူကြီးသူမများက အချိန်မီ သွန်သင်ဆုံးမပေးရမည်ဖြစ်သည်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်အတိုင်း လူငယ်ကောင်းမှ အနာဂတ်ကောင်းမည်ဖြစ်လေရာ လူငယ်လူရွယ်များကို အပြောအဆိုနေထိုင်သေဝပ်မှုနှင့် လူမှုဆက်ဆံရေး ချိုသာပြေပြစ်စေရန် လူကြီးသူမများက အမှားကို အမှန်ပြင်ကာ ဆုံးမပဲ့ပြင်သွန်သင်ကြရလေသည်။

"တစ်ယောက်စကား၊ တစ်ယောက်နားမှာ
မခါးရအောင်၊ သတိဆောင်၍
မောင်တို့ဆိုလေ၊ ပျားသကာသို့
ချိုလှစေ"ဟု ရှင်မဟာရဋ္ဌသာရက ရေးဖွဲ့ဆုံးမခဲ့သော လင်္ကာလေးသည်လည်း အင်းဝခေတ်မှသည် ယနေ့တိုင် စံထားသင်ခန်းစာယူနေရသော ကဗျာလေး တစ်ပုဒ်ဖြစ်လေသည်။

လူမှုဆက်ဆံရေးသည် လူမှုလောကသဘာဝတွင် အခြေခံကျသောပညာတစ်ရပ်ဖြစ်လေရာ နယ်ပယ်ရပ်တိုင်းတွင် အသုံးဝင်အကျိုးပြုလေသည်။ "နှုတ်ချိုသျှိုတစ်ပါး"ဟု ပြောဆိုကြသလို မိမိအလိုရှိသော အရာကို ချိုသာယဉ်ကျေးစွာ ပြောဆိုတောင်းခံလျှင် မိမိအလိုရှိတိုင်း ရရှိနိုင်ကြသည်ဟု မှတ်သားဖူးသည်။

ခွင့်တောင်းပါ
"မိဦးဖဦး ဆရာ့ဦးကို
ဦးချ၍အလျင် မစားနှင့်
မိဘဆရာ ထားသည့်ဟာကို
မျက်နှာကွယ်လျှင် မယူငင်နှင့်
လိုချင်သောအား စားချင်ငြားက
ဝပ်တွားခယ တောင်းပါကြ"ဟူသော ကဗျာလေးတွင်လည်း မိမိအလိုရှိပါက လိမ္မာယဉ်ကျေးချိုသာစွာ ဝပ်တွားခယတောင်းခံကြရန် ဆိုဆုံးမထားခြင်းဖြစ်သည်။

❖ လူငယ်လူရွယ်အများစုသည် ယခုအခါ လူမှုနယ်ပယ်အစုံတွင် ဝင်ထွက်ပြောဆိုဆက်ဆံနေကြသည်ဖြစ်ရာ လူမှုဆက်ဆံရေးပညာသည် ဘာသာတရားနှင့် မိရိုးဖလာမြန်မာမှုဓလေ့ထုံးတမ်းစဉ်လာများနှင့်လည်း ရောနှောဆက်နွယ်နေလေသည်။ "ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနား"ဟူသော လူကြီးသူမများ၏ဆုံးမစကားများသည်လည်း အချင်းချင်း အထက်အောက်မေတ္တာတရားဖြင့် ညာတာထောက်ထားမှုကို ပြသနေလေသည်။ ဦးလေးတန် ဦးလေး၊ အဒေါ်တန် အဒေါ် စသည်ဖြင့် ဘကြီး၊ အရီး၊ အစ်ကို၊ အစ်မ၊ ညီ၊ ညီမ စသည်ဖြင့် နှုတ်ဆက်ခေါ်ပြောဆက်ဆံကြလေသည်။ ❖

လူငယ်လူရွယ်အများစုသည် ယခုအခါ လူမှုနယ်ပယ်အစုံတွင် ဝင်ထွက်ပြောဆိုဆက်ဆံနေကြသည်ဖြစ်ရာ လူမှုဆက်ဆံရေးပညာသည် ဘာသာတရားနှင့် မိရိုးဖလာမြန်မာမှုဓလေ့ထုံးတမ်းစဉ်လာများနှင့်လည်း ရောနှောဆက်နွယ်နေလေသည်။ "ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနား"ဟူသော လူကြီးသူမများ၏ ဆုံးမစကားများသည်လည်း အချင်းချင်း အထက်အောက် မေတ္တာတရားဖြင့် ညာတာထောက်ထားမှုကိုပြသနေလေသည်။

ဦးလေးတန် ဦးလေး၊ အဒေါ်တန် အဒေါ် စသည်ဖြင့် ဘကြီး၊ အရီး၊ အစ်ကို၊ အစ်မ၊ ညီ၊ ညီမ စသည်ဖြင့် နှုတ်ဆက်ခေါ်ပြောဆက်ဆံကြလေသည်။ ကျင့်ဝတ်စည်းကမ်းများအနေဖြင့် မိဘဝတ်၊ ဆရာ့ဝတ်၊ သားသမီးဝတ်၊ တပည့်ဝတ် စသည်ဖြင့် လိုက်နာစောင့်ထိန်းအပ်သော ကျင့်ဝတ်စည်းကမ်းများဖြင့် သွန်သင်ဆုံးမထားလေသည်။

လူငယ်လူရွယ်များသည် အတွေးအခေါ်နှင့် လုပ်ရည်ကိုင်ရည်မြင့်မားသူများဖြစ်သည့်အားလျော်စွာ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ၊ ဈေးကွက်ချဲ့ထွင်မှုလုပ်ငန်းများတွင် လူမှုဆက်ဆံရေးပညာကို အသုံးချကာ လုပ်ငန်းအောင်မြင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိသည်ကို အားတက်ဖွယ်တွေ့မြင်ရလေသည်။ လူမှုကွန်ရက်တစ်ခုဖြစ်သော Facebook တွင် Live လွှင့်၍ ကုန်ပစ္စည်းကြော်ငြာမှုများ၊ ကုန်ပစ္စည်းရောင်းချမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရလေသည်။ ဝယ်ယူသူများက မရှင်းလင်းမှုများ၊ နားမလည်မှုများရှိပါက မေးမြန်းလျှင် ရောင်းချသူက စိတ်ရှည်လက်ရှည်ဖြင့် ချိုသာစွာ ဖြေကြားရောင်းချနေသည်ကို တွေ့မြင်ရလေသည်။

ချိုသာစွာ ပြောဆိုဆက်ဆံမှုကို လူပုဂ္ဂိုလ်များသာမက တိရစ္ဆာန်များပါနှစ်သက်ကြောင်း ငယ်ငယ်ကသင်ခဲ့ရသော ဇာတကဝတ္ထုမှ နွားလားဥသဘဝတ္ထုတွင် ကြမ်းတမ်းစွာပြောဆိုမှုကြောင့် လှည်းများစွာကို မဆွဲဘဲနေခဲ့သော နွားလားဥသဘဇာတ်တော်တွင် အထင်အရှားတွေ့မြင်ရလေသည်။ ချိုသာစွာပြောဆိုမှသာ လှည်းများကို ဖြောင့်ဖြောင့်တန်းတန်းဆွဲသွားသဖြင့် သခင်ဖြစ်သူ ငွေအသပြာများစွာ အနိုင်ရရှိခဲ့မှုသည် ချိုသာယဉ်ကျေးသောပြောဆိုမှုကို တိရစ္ဆာန်များပင်နှစ်သက်ကြောင်း သိသာထင်ရှားသည့် ဥပမာပြ ဇာတ်တော်တစ်ပုဒ်ဖြစ်ခဲ့သည်။

ရွှဲကုန်သည်နှစ်ဦးဇာတ်တော်တွင်လည်း လိမ္မာသော ရွှဲကုန်သည်သည် အသပြာတစ်သိန်းထိုက်သော ရွှေခွက်ကို ရယူပိုင်ဆိုင်နိုင်ခဲ့ပြီး အပြောအဆိုရိုင်းစိုင်းသော ရွှဲကုန်သည်သည် လောဘ၏ပူလောင်မှုကြောင့် မြစ်ကမ်းနဖူးတွင် ရင်ကွဲ၍သေပွဲဝင်ရကြောင်း မှတ်သားခဲ့ရဖူးလေသည်။ လူမှုဆက်ဆံရေးပြေပြစ်ကောင်းမွန်မှုသည် လောကအလယ်တွင် ချမ်းသာစွာနေရပြီး လူမှုဆက်ဆံရေးကြမ်းတမ်းဆိုးယုတ်ပါက ဆင်းရဲစွာနေရကြောင်း သိရှိမှတ်သားရသည်။

လူငယ်လူရွယ်မောင်မယ်များသည် စာပေဗဟုသုတများမှရရှိသော သင်ခန်းစာများနှင့် အသိအမြင်များကို အကျိုးရှိစွာအသုံးချပြီး မိမိတို့လူမှုပတ်ဝန်းကျင်တွင် ဆက်ဆံရေးပြေပြစ်ကောင်းမွန်စွာ ပြောဆိုဆက်ဆံကြစေရန် အလွန်အရေးကြီးလေသည်။ လူချစ်လူခင်ပေါများမှ မိမိတို့လိုရာဆန္ဒများ ပြီးမြောက်နိုင်မည်ဖြစ်လေသည်။ ယနေ့ခေတ်အခါတွင် လူငယ်လူရွယ်များကို ငယ်ရွယ်စဉ်မှပင် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ပို့ချပြီး သင်ကြားပေးသဖြင့် လူမှုဆက်ဆံရေးကောင်းမွန်မှုအတွက် များစွာအကျိုးပြုလေသည်။

အချင်းချင်းဆက်ဆံရေးတွင် လိမ္မာယဉ်ကျေးစွာ ပြောဆိုဆက်ဆံမှသာ အေးချမ်းသင့်မြတ်ပြီး လုပ်ငန်းအောင်မြင်နိုင်မည်ဖြစ်လေသည်။ နိုင်ငံအချင်းချင်း သံတမန်ဆက်ဆံရေးတွင်လည်း လူမှုဆက်ဆံရေးကျွမ်းကျင်လိမ္မာပိုင်နိုင်မှုသည် အထူးအရေးပါလေသည်။

လူငယ်များ၏အားသည် နိုင်ငံတော်၏အားပင်ဖြစ်လေသည်။ ထို့ကြောင့် လူငယ်များသည် အနာဂတ်၏ခေါင်းဆောင်များ ဖြစ်သည်နှင့်အညီ လူငယ်လူရွယ်များ ဘက်စုံထူးချွန်ထက်မြက်သော လူချွန်လူကောင်းများဖြစ်စေရေးအတွက် လူငယ်များကို ဝိုင်းဝန်းပြုစုပျိုးထောင် မြေတောင်မြှောက်ပေးကြပါရန် တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။

# ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၃၂၀၃၉ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကလေး ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၃၂၀၃၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၄၇၀၃၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၂၀၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကလေးခရိုင် ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကလေးခရိုင်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မိုးနှမ်းဧက ၄၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားတာ ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ မိုးနှမ်းစိုက်ပျိုးမှုကို လျာထားချက်ပြည့်မီအောင်စိုက်ပျိုးသွားမှာပါ"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်အလိုက် မိုးနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် ၂၂၁၅၉ ဧက၊ ကလေးဝမြို့နယ်တွင် ၈၉၂ ဧက၊ မင်းကင်းမြို့နယ်တွင် ၈၉၈၈ ဧက စုစုပေါင်း ၃၂၀၃၉ ဧကတို့ဖြစ်ကြောင်း၊ မြို့နယ်အလိုက် မိုးနှမ်းစိုက်ပျိုးရန်လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၂၆၇၀၅ ဧက၊ ကလေးဝမြို့နယ်တွင် ၁၃၄၆ ဧက၊ မင်းကင်းမြို့နယ်တွင် ၁၈၉၈၂ ဧက စုစုပေါင်း ၄၇၀၃၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်းစိုက်ပျိုးမှု တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလျက်ရှိကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌လည်း ဆောင်းနှမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၆၄၉ ဧက၊ ကလေးဝမြို့နယ်တွင် ၅၄၅ ဧကနှင့် မင်းကင်းမြို့နယ်တွင် ၄၈၉၉ ဧက စုစုပေါင်း ၆၀၉၃ ဧကတို့ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# မေတ္တာအမွေပုဂံမြေဇာတ်ကားကို ဩဂုတ်လတတိယပတ်အတွင်း ပုဂံဒေသတွင် ဇာတ်အိမ်တည်၍ ရိုက်ကူးသွားမည်ဖြစ်



**ရန်ကုန် ဩဂုတ် ၁၆**

Triple Six Production ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မေတ္တာအမွေပုဂံမြေ အမည်ရှိ မြန်မာရုပ်ရှင်ဇာတ်ကားကို ဩဂုတ်လ တတိယပတ်အတွင်း ပုဂံဒေသတွင် ဇာတ်အိမ်တည်၍ ရိုက်ကူးသွားမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင် ကျော်ထက်အောင်က ပြောပြ၍ သိရသည်။

Triple Six Production ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မေတ္တာအမွေပုဂံမြေ ရုပ်ရှင်ဇာတ်ကားကို BMB Entertainment က စီစဉ်ရိုက်ကူးသွားမည်ဖြစ်ပြီး အဆိုပါရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်က ပုံဖော်ရိုက်ကူးသွားမည်ဖြစ်သည်။

"မြန်မာလူမျိုးတို့ရဲ့ အသည်းနှလုံးဖြစ်တဲ့ ပုဂံဒေသကို အခြေခံထားတဲ့ မေတ္တာဘွဲ့ဇာတ်လမ်းတစ်ပုဒ်မှာ ပုဂံနဲ့ မြန်မာလူမျိုးတို့ရဲ့ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေ၊ အစဉ်အလာကောင်းတွေ၊ မေတ္တာတရားတွေကို မြင်ရမှာပါ"ဟု သရုပ်ဆောင် ကျော်ထက်အောင်က ပြောပြသည်။

မေတ္တာအမွေပုဂံမြေ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်ထက်အောင်၊ ကေရီစုစုစံ၊ မိုးမိုးအောင်ထွန်းတို့အပြင် ဝါရင့်သရုပ်ဆောင် မေသန်းနုနှင့် အခြားအနုပညာရှင်များက အားဖြည့်ပါဝင် သရုပ်ဆောင်ပေးထားကြောင်း သိရသည်။ ASH

# Dead Reckoning Part One ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာ ၅၂၂ သန်းရှိလာ

**နယူးယောက် ဩဂုတ် ၁၆**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ Mission:Impossible Dead Reckoning Part One ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅၂၂ သန်း ရှိလာပြီဖြစ်ကြောင်း Variety သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

Mission: Impossible Dead Reckoning Part One ဇာတ်ကားသည် ဩဂုတ် ၁၃ ရက်ထိ ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၆၀ နှင့် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၃၆၂ သန်းရရှိခဲ့ရာ ၎င်းဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅၂၂ သန်းထိရှိကြောင်း သိရသည်။

စတင်ရုံတင်ပြသခဲ့ပြီး တစ်လကျော်အကြာတွင် အဆိုပါဇာတ်ကား၏ဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်လွန်ခဲ့ရခြင်းဖြစ်ပြီး Paramount ရုပ်ရှင်ကုမ္ပဏီ သည် Mission: Impossible Dead Reckoning Part One ဇာတ်ကားကို ဇူလိုင် ၁၂ ရက်က ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

မင်းသား တွမ်ခရုစ်၏ Mission: Impossible ဇာတ်ကားများ၏ သတ္တမမြောက်ဇာတ်ကားဖြစ်သည့် Dead Reckoning Part One ၏ ရိုက် ကူးထုတ်လုပ်မှုစရိတ်မှာ အမေရိကန်ဒေါ်လာ ၂၉၁ သန်းထိ ရှိခဲ့ကြောင်း သိရသည်။

KKO




# သရဲလေးကောင် ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၂၅ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်




**ရန်ကုန် ဩဂုတ် ၁၆**

Triple Six Production ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် သရဲလေးကောင် အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၂၅ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ပြည်ဟိန်းသီဟက ပြောပြ၍ သိရသည်။

သရဲလေးကောင် ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာပြည်ဟိန်းသီဟက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ပြီး Triple Six Production ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဦးသန်းဌေး (ကိုဂျက်)က စီစဉ်ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ Horror ဇာတ်လမ်းကို ဟာသလေးနည်းနည်းဝင်ဖောက်ထားတာပါ။ ဒါပေမဲ့ မေတ္တာဘွဲ့ ဇာတ်လမ်းလေးပါ။ ကြောက်စရာ ဟာသတွေကြားထဲက မေတ္တာတရားကို မြင်ရမှာပါ" ဟု ဒါရိုက်တာ ပြည်ဟိန်းသီဟက ပြောပြသည်။

သရဲလေးကောင် ရုပ်ရှင်ဇာတ်ကားတွင် လူငယ်သရုပ်ဆောင်များဖြစ်သည့် လွမ်းပိုင်၊ စည်သူဝင်း၊ ဂျိုကာ၊ မေမီကိုကို၊ ဆောင်းယွန်းစံနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြကြောင်း သိရသည်။

ASH

# မားဂေါ့ရော့ဘီ Barbie ဇာတ်ကားအတွက် လုပ်ခလစာနှင့်ဆုကြေး ကန်ဒေါ်လာသန်း ၅၀ ရရှိနိုင်


**နယူးယောက် ဩဂုတ် ၁၆**

ဩစတြေးလျရုပ်ရှင်မင်းသမီး မားဂေါ့ရော့ဘီသည် Barbie ဇာတ်ကားအတွက် လုပ်ခလစာနှင့်ဆုကြေး အမေရိကန်ဒေါ်လာ သန်း ၅၀ ထိ ရရှိနိုင်မည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

မင်းသမီး မားဂေါ့ရော့ဘီသည် Barbie ဇာတ်ကား၌ အဓိကဇာတ်ဆောင် Barbie အဖြစ် သရုပ်ဆောင်ထားသူဖြစ်ပြီး ဒါရိုက်တာ ဂရီတာဂျားဝစ် ရိုက်ကူးခဲ့သော Barbie ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေသည် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်လွန်ခဲ့ပြီဖြစ်သည်။

Barbie ဇာတ်ကား၏ အောင်မြင်မှုကြောင့် မားဂေါ့ရော့ဘီကဲ့သို့ပင် အမျိုးသမီးဒါရိုက်တာ ဂရီတာဂျားဝစ်သည်လည်း လုပ်ခလစာအပြင် ဆုကြေးငွေလည်း ခံစားခွင့်ရဖွယ်ရှိသည်။

အဆိုပါဇာတ်ကားအတွက် မင်းသမီးမားဂေါ့ရော့ဘီ ရရှိမည့် ငွေကြေးပမာဏသတင်းကို မားဂေါ့ရော့ဘီ၏ အကျိုးဆောင်ကိုယ်စားလှယ်များက တစ်စုံတစ်ရာတုံ့ပြန်မှု မရှိသေးကြောင်း သိရသည်။ KKO




# ပွင့်ဖြူမြို့နယ် ကျွဲတိကျေးရွာတွင် ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ပွင့်ဖြူ ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ပွင့်ဖြူမြို့နယ် ကျွဲတိကျေးရွာတွင် ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစေရန်အတွက် ကျေးလက်ရေ ရရှိရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်နှင့် ဝန်ထမ်းများက ကျေးရွာရေပေးရေး ကော်မတီဝင်များနှင့်အတူ ကျွဲတိကျေးရွာ၌ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၂ ဒသမ ၆၈၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် Shwe Group ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်နေသည့် အနက်ပေ ၅၀၀၊ အကျယ် လေးလက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းနှင့် အကျယ်အဝန်း အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်လက်မ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးလှဌေးမောင်က လုပ်ငန်းများ အရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့သည်။

ပွင့်ဖြူမြို့နယ် ကျွဲတိကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၄၆၅ အိမ်၊ လူ ၂၂၅၀ ဦးအတွက် ရာသီမရွေး သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာသုံးစွဲခွင့် ရရှိတော့မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်က ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# XI Moscow Conference on International Security in 2023 held; Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing sends video message


A video message of SAC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing at MCIS – 2023.


A video message of Russian President Vladimir Putin at MCIS – 2023.

**Nay Pyi Taw August 16**

The Ministry of Defence of the Russian Federation opened the XI Moscow Conference on International Security in 2023 (MCIS-2023) at the Russian Military Patriotic Park in Moscow yesterday. Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing sent a video message.

The Plenary Session 1 was held under the topic "Security in the Middle East and the African Continent: military aspects" from 12.20 pm to 2 pm; the Plenary Session 2 "Security in the Asia-Pacific Region" from 3.20 pm to 4.50pm; the Plenary Session 3 "Interaction of defence agencies: conditions and expectations" from 5.20 pm to 7 pm. The address delivered by the Senior General in the form of a video message was screened from 3.52 pm to 4.04 pm during the Plenary Session 2.

A rough translation of the full text of the address is as follows:

Although it's my desire to attend the conference in person, I can only send a video address as I am fully occupied with daily work. "ASEAN unity, vital for the peace and stability of the Asia-Pacific Region" is the main message of my discussion.

Asia-Pacific Region covers Asian land territories and Indian Ocean, which is also a home to over 4.3 billion people or more than half the global population. The world's most populous countries, China and India, also lie in the region.

Food security is the most basic factor of the region where over 60% of the global population is living. Some countries are using the dollar that has connections with financial and security issues as a weapon in trading the main agro-inputs including fuel and chemical fertilizers.

The trade value of the Asia-Pacific Region in 2022 was nearly USD 19 trillion and the value of services trade was USD 3.5 trillion. The region, where about 59% of the goods are unloaded and 40% loaded, has the heaviest maritime traffic in the world. Of the 30 top container terminals of the world, 20 are in the region, which controls 56% of maritime container transport.

China, India and Indonesia are the leading oil producers of the region. Although China is a top oil producer, it has to import oil due to high local demand. India is the third largest oil consumer in the world after the US and China. In 2022, oil output of Asia-Pacific Region hit 8.3% of global oil production. The region consumed 38% of global oil production to fulfill its local demand. According to the indicators of the International Energy Agency the region's current daily oil demand is 30.8 million barrels and in 2030 the number will reach 38.5 million, thereby creating a huge crude oil and natural gas market.

Because of its high population and important locality for global trade, its vitality in multiple sectors including security issues is increasing. In this regard, the US, European Union and NATO are paying more attention to the region for their own interest and promoting direct or indirect engagements with the countries of the region.

The world is now facing disparities and disagreements due to the breakout of an epidemic, rivalry among global powers, unsolved territorial disputes and recent crises. Intense rivalry for supremacy comes alongside the huge shift in the balance of power. Weakness in the stability and security of the world has a significant impact on the security and economy of the Asia-Pacific Region.

Regional cooperation groups like ASEAN play a vital role in alleviating the impacts of global instability and insecurity. Promotion of mutual talks, realization of conflict resolution processes, development of economic cooperation, and encouragement of cooperative involvement of the countries will be helpful in facing the challenges of the region and restoring global peace, stability and prosperity.

In 1967, initial members Indonesia, Malaysia, the Philippines, Singapore and Thailand signed the ASEAN declaration to form the ASEAN. In 1984, Brunei joined the ASEAN, Viet Nam in 1995, Myanmar and Laos in 1997 and Cambodia in 1999. ASEAN member states with different religions have been firmly upholding the basic principles in the ASEAN Charter adopted in its initial stage as non-interference in internal affairs a member state and peaceful co-existence for 56 years to serving the interests of member states in unison.

Currently, the ASEAN with more than 687 million population and US$3.66 trillion of GDP is capable of serving the interests of inside and outside regional countries by using its strong power and capacity. Moreover, ASEAN countries utilizing underground and aboveground resources and water resources fulfill energy and food requirements of the world on one hand. The ASEAN in Asia-Pacific region becomes a drive for regional solidarity and cooperation. It could forge formation of ASEAN Economic Community, Political and Security Community, Social and Cultural Community as well as the unity in economic, political, social and cultural sectors among ASEAN countries.

Although the ASEAN is not a military alliance but its defence power consolidation is very powerful. The consolidation between Viet Nam and Myanmar with military experiences and other ASEAN Countries possessing powerful weapons is remarkably reliable for the world. The ASEAN plays a key role in meetings between ASEAN and its partner countries such as East ASIA Summits and ASEAN+3 summits in relations with other powerhouse countries in Asia-Pacific region. Moreover, the association influences over the regional cooperation and helps strengthen mutual cooperation to enhance peaceful relation measures.

As such, the unity of ASEAN is essential for fostering the peace, stability and prosperity of Asia-Pacific region. So, only when the ASEAN is strengthening with consolidation will it be powerful for the Asia-Pacific region. While initiating the unity among member States, the ASEAN is facing challenges of such unity.

With regard to Myanmar, political, economic and security measures can be stabilized in most of the country except some areas of Myanmar. Myanmar is striving for ensuring security, peace and stability, rule of law and economic development of the nation so as to hold a free and fair multiparty democratic general elections to hand over the State responsibilities to the elected political party under the democratic norms.

The ASEAN bridges the Indian Ocean and the Pacific Ocean, as a focal point of the Asia-Pacific region. As the unity of ASEAN is of great importance for the peace and stability of the whole Asia-Pacific region, it is necessary to overcome and respond to deep challenges of the region with firm unity and cooperation of regional countries including the ASEAN. The Senior General stressed the need for all to join hands in seeking the peaceful solutions for conflicts and problems among the regional countries and to grasp the opportunities to develop the region.

The 11th MCIS-2023 concluded at 6.30 pm local standard time.

Heads of State from five countries including the Senior General sent video records to the meeting, and it was attended by more than 800 attendees including defence ministers from 20 countries comprising SAC member Deputy Prime Minister and Minister for Defence Admiral Tin Aung San, 16 deputy defence ministers from 16 countries, 12 directors from 12 countries.

100

# More than 70 hotels and lodges resume operations in Rakhine State in post-Mocha period



A luxury hotel in Sittway.

**Sittway August 16**

The Rakhine State Directorate of Hotels and Tourism stated that more than 70 hotels and lodges are being operated to give services to the guests in Rakhine State in the post-Mocha period.

Rakhine State is endowed with the most famous Ngapali beach and MraukU cultural heritage area.

Moreover, Rakhine State manages border trade with neighbouring country Bangladesh through Sittway and Maungtaw. As such, local and foreign travellers and businesspersons interestingly visit Rakhine State.

Hence, more than 100 hotels and lodges operated services. But, some hotels and lodges closed in monsoon due to declining arrivals of travellers and they resume operation in open season.

In the aftermath of Mocha, officials repaired hotels and lodges as quickly as possible to accommodate guests. So, a total of 71 hotels and lodges have been repaired in Rakhine State, according to the information from the Ministry of Hotels and Tourism.

So far, 31 hotels and lodges are closed temporarily in Rakhine State, including 27 hotels and lodges in Thandwe Township, three in MraukU Township and one in Gwa Township.

336

# Thayet, Aunglan districts cultivate monsoon sesame against the target

**Magway August 16**

Thayet and Aunglan districts in Magway Region grew more than 240,000 acres of monsoon sesame exceeding the target in 2023 monsoon, said deputy director U Htay Naing of Magway Region Agriculture Department.

The region set a plan to grow 235,426 acres of monsoon sesame as local farmers cultivate black, white and red sesame in in monsoon this year in Thayet and Aunglan districts.

During this monsoon, farmers in both districts cultivated 246,446 acres of monsoon sesame till 7 August against the target of 235,462 acres, exceeding 10,984 acres, he added.

Officials from Magway Region Agriculture Department raise farmer awareness to use quality strains of crops, fertilizers and natural fertilizers, pest preventive measures and agricultural techniques to have high yield of crops.

Po Htet (Minbu)



A sesame plantation.

# Authorities allow trade activities to be carried out by border trade and maritime trade with Thailand

**Myawady August 16**

In order to facilitate Myanmar-Thai border trade, trade can be carried out at all Myanmar-Thai border trade stations and maritime trade routes, according to Myawady Trade Zone under the Trade Department of the Ministry of Commerce.

Due to heavy rains on August 7, Myawady Road, which is the Myanmar-Thailand trade route on the Asian Highway, was damaged in some parts of the road. It is also reported that as they are currently preparing, authorities are giving permission to prepare for the facilitation of such Myanmar-Thai border trade.

"In order to ensure that there is no delay in trade activities, exporters and importers who have obtained export and import license approvals for export and import goods will be allowed to change the station if they want to export and import from any Myanmar-Thailand border gate. In addition, if they want to export and import goods by sea, they will be allowed to change them," said U Thet Naing Win, Director of Myawady Border Trade Zone. ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Maungdaw broder trade camp exceeded trade target in July despite monsoon

**Maungdaw August 16**

Trade volume at Maungdaw border trade camp exceeded the target in July despite the rainy season, according to the Ministry of Commerce.

In the monsoon, trade activities including transport are usually difficult. However, the border trade camp in Rakhine State managed to trade well and meet the border trade target in July. In comparison with July last year, the same month of this year saw an exceeding target accounting for 108.6% in border trade.

In July of the current 2023-2024 fiscal year, Maungdaw border trade camp targeted a trade value of US$1.030 million—US$1 million in export and US$0.030 million in import. However, it actually earned a total trade value of US$1.113 million—US$1.028 million in export and US$0.085 million in import.

In July the camp exported agricultural products such as wet ginger, plum, betel nut, tamarine, marine products such as hilsa, dried prawn, and several kinds of fish, and finished industrial products such as dried Thanakha paste, plum jam, slippers and others. It imported PVC pipes, PVC tanks, and men's T-shirts.

Transport charges for a viss of goods from Sittway to Maungdaw range from K70 to K110 depending on the weight. The charges from Maungdaw to Sittway range from K50 to K80. 336



A jetty in Maungdaw.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ဂျာမနီနိုင်ငံက ယူကရိန်းထံ ကင်းထောက်ဒရုန်းများ ပေးပို့ရန်စီစဉ်



ဂျာမနီနိုင်ငံ၏ ထိပ်တန်းကာကွယ်ရေးကန်ထရိုက်တာဖြစ်သည့် Rheinmetall ကုမ္ပဏီသည် လာမည့်လများအတွင်း ယူကရိန်းထံ ခေတ်မီသောကင်းထောက်ဒရုန်းများကို ပေးပို့ရန်စီစဉ်နေကြောင်း Bild သတင်းစာက ဩဂုတ် ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Luna NG ကင်းထောက်ဒရုန်းသည် အကွာအဝေးကီလိုမီတာ ရာပေါင်းများစွာထိ ပျံသန်းထောက်လှမ်းနိုင်စွမ်းရှိပြီး တိုက်ခိုက်ရေးဒရုန်းအဖြစ် အသုံးပြုနိုင်ရန် ခဲယမ်းများကို သယ်ဆောင်နိုင်စွမ်းရှိလိမ့်မည်ဟုလည်း သိရသည်။ လွှဲပြောင်းပို့ဆောင်မှုများကို ယခုနှစ်ကုန်တွင် ပြုလုပ်မည်ဖြစ်ကြောင်း Bild သတင်းစာက ဩဂုတ် ၁၂ ရက်တွင် ရေးသားဖော်ပြထားသည်။

Luna NG (မျိုးဆက်သစ်)ဒရုန်းသည် Rheinmetall ကုမ္ပဏီထုတ် နောက်ဆုံးပေါ် ကင်းထောက်ဒရုန်းစနစ်ဖြစ်ပြီး ထောက်လှမ်းခြင်းအတွက်သာမက 4G ကြိုးမဲ့ဘရော့ဒ်ဘန်းစနစ်တစ်ခု တည်ဆောက်ရန်နှင့် ဆက်သွယ်မှုများကို နားထောင်ရန် သို့မဟုတ် နှောင့်ယှက်ဖျက်ရန်အတွက်လည်း အသုံးပြုနိုင်သည်။

ကင်းထောက်ဒရုန်း၏ အမြင့်ဆုံးပျံသန်းလုပ်ဆောင်နိုင်သောအမြင့်မှာ ၅ ကီလိုမီတာ (၃ ဒသမ ၁မိုင်) ရှိပြီး ကီလိုမီတာရာနှင့်ချီပျံသန်းနိုင်စွမ်းရှိကြောင်း မီဒီယာများ၏ရေးသားချက်များအရ သိရသည်။

အဆိုပါဒရုန်းတွင် မြေပြင်ထိန်းချုပ်ရေးစခန်း၊ Catapult ဖြင့်ပစ်လွှတ်သည့် စနစ်၊ ထရပ်ကားနှင့် ဒရုန်းအများအပြား ပါဝင်ဖွဲ့စည်းထားသည်။

Luna NG ကင်းထောက်ဒရုန်း၏ နောက်ပိုင်းဗားရှင်းများသည် ခဲယမ်းများ သယ်ဆောင်နိုင်မည်ဟု Bild သတင်းစာက ရေးသားခဲ့သော်လည်း ယူကရိန်းအတွက် ကင်းထောက်ဒရုန်းများသာ ပေးအပ်သွားမည်ဟု သိရသည်။

ဤလက်နက်အမျိုးအစားအတွက် တိုက်ပွဲဝင်လုပ်ငန်းစနစ်ပိုင်းဆိုင်ရာ စည်းမျဉ်းများကို သတ်မှတ်ပြဋ္ဌာန်းပြီးသည်နှင့် အဆိုပါဒရုန်းများကို ဂျာမနီစစ်ဘက်တွင်လည်း ဖြန့်ကြက်အသုံးပြုသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက အဆိုပါသတင်းရင်းမြစ်တွင် ဖော်ပြထားသည်။

ယခင်က ယူကရိန်းသို့ ပံ့ပိုးပေးထားသည့် Leopard 2 ပင်မတိုက်ပွဲဝင်တင့်ကားများနှင့် အခြားဂျာမနီထုတ် စစ်ဘက်ဆိုင်ရာစက်ပစ္စည်း၊ ကိရိယာများအတွက် ပြုပြင်ထိန်းသိမ်းရေးအဆောက်အအုံကို ယခုနွေရာသီအပြီး တည်ဆောက်မည်ဖြစ်ကြောင်း ပြီးခဲ့သည့်လက Der Spiegel မဂ္ဂဇင်းနှင့် အင်တာဗျူးတစ်ရပ်တွင် Rheinmetall ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် Armin Pappergeru က ပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံ Rheinmetall ကုမ္ပဏီက အဆိုပါအစီအစဉ်များကို မတ်လတွင် ပထမဆုံး ထုတ်ဖော်ပြောကြားခဲ့ပြီး ယူကရိန်းမြေပေါ်ရှိ ထုတ်လုပ်မှုနှင့် ပြုပြင်ထိန်းသိမ်းရေးစက်ရုံတွင် အမေရိကန်ဒေါ်လာသန်း ၂၀၀ ရင်းနှီးမြှုပ်နှံရန် အဆင်သင့်ဖြစ်နေပြီဟု ပြောကြားခဲ့သည်။

ဂျာမနီ၏အစီအစဉ်အတိုင်း ဆက်လက်လုပ်ဆောင်သွားမည်ဆိုပါက အဆိုပါအဆောက်အအုံများသည် ရုရှားနိုင်ငံ၏ အဓိကပစ်မှတ်များ ဖြစ်လာမည်ဖြစ်ကြောင်း ရုရှားလုံခြုံရေးကောင်စီ၏ လက်ထောက်ဥက္ကဋ္ဌ ဒီမီထရီမက်ဗီဒက်နှင့် နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ Maria Zakharova အပါအဝင် ရုရှားထိပ်တန်းတာဝန်ရှိသူများက သတိပေးခဲ့သည်။

သို့သော် Papperger က ကုမ္ပဏီအနေဖြင့် ယူကရိန်းအားကူညီခြင်းကို ပိတ်ပင်တားမြစ်လိမ့်မည်မဟုတ်ဟု အခိုင်အမာပြောဆိုခဲ့သည်။ ယူကရိန်းစစ်ဘက်တွင် အချက်အချာကျသော ပစ်မှတ်များကို တိုက်ခိုက်ခံရနိုင်ခြင်းမှ ခုခံကာကွယ်ရန် ထိရောက်သောကာကွယ်ရေးစွမ်းရည်များရှိသည်ဟု ယုံကြည်ထားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ယူကရိန်းရှိ ဂျာမနီနိုင်ငံ Rheinmetall ကုမ္ပဏီ၏ တင့်ကားထုတ်လုပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးစက်ရုံသည် နှစ်စဉ် တင့်ကားအစီးရေ ၄၀၀ ခန့် ထုတ်လုပ်ပြင်ဆင်ပေးနိုင်မည်ဟု Bild သတင်းစာက အစောပိုင်းတွင် အခိုင်အမာပြောဆိုခဲ့သည်။

**Ukraine to get German drones-Bild ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်(တိုင်ပေ)က အမေရိကန်ထုတ် AMRAAM ဒုံးကျည်ကဲ့သို့ လေကြောင်းတိုက်ခိုက်ရေးဒုံးကျည်သစ်ထုတ်လုပ်မည်

တရုတ်(တိုင်ပေ) သည် အမေရိကန်ထုတ် AIM-120 AMRAAM (Advanced Medium-Range Air-to-Air Missile)ကဲ့သို့ စွမ်းဆောင်ရည်မြင့်မားသည့်လေကြောင်းတိုက်ခိုက်ရေးဒုံးကျည်သစ်ကို တီထွင်ထုတ်လုပ်တော့မည်ဖြစ်ကြောင်း ဩဂုတ် ၁၄ ရက်က ကာကွယ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါဒုံးကျည်လက်နက်စနစ်သစ်ကို Tien Chien V ဟု အမည်ပေးထားပြီး အများဆုံးအကွာအဝေး ကီလိုမီတာ ၁၆၀ (၉၉ မိုင်) ထိ တိုက်ခိုက်နိုင်စွမ်းရှိမည်ဟု ကာကွယ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးတစ်ဦးက ပြောကြားခဲ့သည်။

၎င်းဒုံးကျည်တွင် ခေတ်မီဆန်းသစ်သော Jamming နည်းပညာနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေးစွမ်းရည်များကို မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။

တရုတ်(တိုင်ပေ)တပ်မတော်သည် ၎င်း၏ မျိုးဆက်သစ်တိုက်လေယာဉ်များ၏ စစ်ဆင်ရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းရန် အရေးတကြီးလိုအပ်နေချိန်တွင် အဆိုပါလုပ်ဆောင်ချက်သတင်းမျိုး ထွက်ပေါ်လာခြင်းဖြစ်သည်။

တရုတ်(တိုင်ပေ)လေတပ်သည် ၎င်း၏ တိုက်ခိုက်ရေးလေယာဉ်များတွင် ကိုယ်ပျောက်စွမ်းရည်များကို အသုံးပြုနိုင်ရန် လေယာဉ်ကိုယ်ထည်အတွင်းပိုင်း၌ လက်နက်များတပ်ဆင်အသုံးပြုရမည်ဟု ယခင်ကတည်းက သတ်မှတ်ထားသည်။

Tien Chien V ဒုံးကျည်ကို တရုတ်(တိုင်ပေ) Chung-Shan အမျိုးသားသိပ္ပံနှင့် နည်းပညာအင်စတီကျု (NCIST) က ထုတ်လုပ်သွားမည်ဖြစ်သည်။

NCIST သည် Tien Chien ဒုံးကျည်များ၏ ပထမဆုံးမျိုးကွဲသုံးမျိုးဖြစ်သည့် တာတိုပစ် Tien Chien I ဒုံးကျည်၊ တာလတ်ပစ် Tien Chien II ဒုံးကျည်နှင့်သင်္ဘောနှင့် မြေပြင်အခြေစိုက်ဒုံးပစ်လောင်ချာများမှ ပစ်လွှတ်နိုင်မည့် Tien Chien III ဒုံးကျည်တို့ထုတ်လုပ်ရန် ရည်ရွယ်ထားသည်။

အင်စတီကျုအနေဖြင့် ပိုမိုအဆင့်မြင့်သောဒုံးကျည်တစ်စင်းကို တီထွင်ထုတ်လုပ်ရန် Tien Chien IV ဗားရှင်းကို ခုန်ကျော်သွားခဲ့ပြီး နောက်ဆုံးထွက်ဗားရှင်းဖြစ်သော Tien Chien V သည် ပြည်တွင်း၌ ထုတ်လုပ်ထားသော လေသူရဲဆောင်းဦးထုပ်များဖြင့် အဆင်ပြေစွာအသုံးပြုနိုင်မည့် Helmet-Mounted Cueing Systems လမ်းညွှန်စနစ်များနှင့် တွဲဖက်အသုံးပြုနိုင်သည်ဟုသိရသည်။ ထို့ပြင် ဒုံးကျည်ဗားရှင်းသစ်သည် တာလတ်ပစ် Tien Chien II ဒုံးကျည်၏ အရေးပါသောအစိတ်အပိုင်းများနှင့် ဒီဇိုင်းပိုင်းဆိုင်ရာတွင် အားသာချက်များရှိလာမည်ဟု သိရသည်။



Raytheon ကုမ္ပဏီက ထုတ်လုပ်သည့် AMRAAM ဒုံးကျည်သည် လက်ရှိနှင့် အနာဂတ်ခြိမ်းခြောက်မှုများအပေါ် ဖြေရှင်းနိုင်ရန်အတွက် အမေရိကန်နှင့် မဟာမိတ်နိုင်ငံသုံးတိုက်လေယာဉ်များ၏ ဝေဟင်တိုက်ခိုက်ရေးစွမ်းရည်ကို မြှင့်တင်ရန် ဒီဇိုင်းထုတ်ထားသည်။

၎င်းသည် အနိမ့်ပျံပစ်မှတ်များကို တိုက်ခိုက်ရန် ထုတ်လုပ်ထားသည့် AIM-7 Sparrow ဒုံးကျည်ထက် ပိုမိုလျင်မြန်၊ ပိုမိုအရွယ်အစားသေးငယ်ကာ စွမ်းဆောင်ရည် ပိုမိုမြင့်မားသည်။

ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်သည် ပစ်မှတ်များကို ရှာဖွေထောက်လှမ်းရန်နှင့် ကြားဖြတ်တိုက်ခိုက်နိုင်ရန် Inertial Guidance ထိန်းကျောင်းမှုစနစ်၊ Midcourse Updates အချက်အလက်ဖော်ပြမှုများနှင့် Onboard Active ရေဒါတို့ကို ပေါင်းစပ်အသုံးပြုထားသည်။

AMRAAM ဒုံးကျည်သည် F-15၊ F-16 ၊ F-22၊ Eurofighter Typhoon နှင့် JAS-39 Gripen တိုက်လေယာဉ်များအပါအဝင် တိုက်လေယာဉ်များစွာနှင့် တွဲဖက်အသုံးပြုနိုင်သည်။

**Taiwan to Build Own Version of US AMRAAM Missile ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၄၁၈ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဟင်းသီးဟင်းရွက်စိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၄၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၄၃၃၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဟင်းသီးဟင်းရွက် ၇၄၁၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးရာသီကာလ စစ်ကိုင်းခရိုင်မှာ ဟင်းသီးဟင်းရွက် ဧက ၃၀၀၀၀ ကျော်လျာထားစိုက်ပျိုးခဲ့ရာ ဧက ၇၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ လျာထားကေပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ ဟင်းသီးဟင်းရွက် စိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ် တိုးတက်မှုရှိပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ သီးနှံတွေဖြစ်စေဖို့ စိုက်ပျိုးရေး နည်းစနစ်တွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြို့နယ်အလိုက် ဟင်းသီးဟင်းရွက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၆၂၅၅ ဧက၊ မြင်းမူမြို့နယ်တွင် ၅၉ ဧက နှင့် မြောင်မြို့နယ်တွင် ၁၁၀၄ ဧက စုစုပေါင်း ၇၄၁၈ ဧက တို့ဖြစ်ကြောင်း၊ စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ဧက ၂၄၃၃၀၊ မြင်းမူမြို့နယ်တွင် ဧက ၅၇၀၀ နှင့် မြောင်မြို့နယ်တွင် ဧက ၄၃၀၀ စုစုပေါင်း ဧက ၃၄၃၃၀ တို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်အတွင်း ယခုနှစ် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန်အတွက် စစ်ကိုင်းမြို့နယ်တွင် ၇၈၂၃ ဧက၊ မြင်းမူမြို့နယ်တွင် ဧက ၅၀၂၀ နှင့် မြောင်မြို့နယ်တွင် ဧက ၃၉၀၀ စုစုပေါင်း ၁၆၇၄၃ ဧက တို့ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# မကွေးမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်လမ်းခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**မကွေး ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မကွေးမြို့နယ် ဘုရားပြို(မြောက်)ကျေးရွာနှင့် ဘုရားပြို(တောင်)ကျေးရွာချင်းဆက်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဆလိုင်းနေအောင်ဆန်း၊ မကွေးမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးအောင်ဇင်လတ်နှင့် တာဝန်ရှိသူများက မကွေးမြို့နယ် ဘုရားပြို(မြောက်) ကျေးရွာနှင့် ဘုရားပြို(တောင်) ကျေးရွာချင်းဆက်လမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။



အဆိုပါ ဘုရားပြို(မြောက်) ကျေးရွာနှင့် ဘုရားပြို(တောင်) ကျေးရွာချင်းဆက်လမ်း အရှည် သုံးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၂၀ ဖြင့် ဌာနမှ အင်ဂျင်နီယာများ စုဖွဲ့၍ ဇူလိုင်လ တတိယပတ်မှ စတင်ကာ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၃၇၃ အိမ်၊ လူ ၁၃၆၄ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေသွားမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဆလိုင်းနေအောင်ဆန်းထံမှ သိရသည်။ **သူသူ**

# ဟိုပန်ခရိုင်အတွင်း လမ်း၊ တံတားလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားမည်

**လားရှိုး ဩဂုတ် ၁၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်ခရိုင်အတွင်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရန်အတွက် လမ်း၊ တံတားလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲနောင်က ပြောပြ၍ သိရသည်။

ဟိုပန်ခရိုင်အတွင်း လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်စေရန်နှင့် ဒေသခံများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်း၊ တံတားအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၆၀၀ ဒသမ ၂၁၈ သန်းဖြင့် လမ်း၊ တံတားလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိတွင် လုပ်ငန်းများဆောင်ရွက်ရန်အတွက် ပစ္စည်းများစုဆောင်းနေကြောင်း သိရသည်။

"ဟိုပန်ခရိုင်အတွင်းမှာ လမ်းပန်းဆက်သွယ်ရေးတွေ တိုးတက်ကောင်းမွန်လာတာနဲ့အမျှ ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေကိုလဲ ဖန်တီးပေးနိုင်တော့မှာဖြစ်ပါတယ်။ ကုန်စည်စီးဆင်းမှုကိုလဲ လွယ်ကူမြန်ဆန်စေမှာပါ"ဟု ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရဲနောင်က ပြောပြသည်။

ဟိုပန်ခရိုင်အတွင်း လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်စေရေးအတွက် နမ့်ဟူး(ကွမ်းလုံ)-ဟိုပန်-မိုင်းမောလမ်း၊ ဟိုပန်-နမ့်တစ်လမ်း၊ ဟိုပန်-ဗင်းဟင်လမ်း၊ မန်မိန်းဟုန်-ပန်လုံ-နားဝီးလမ်း၊ တာကော်အက်-ဝိန်းကောင်-ပန်ဆန်းလမ်းတို့တွင် ကတ္တရာလမ်းချဲ့ခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အမာခံလမ်းပခုံးပြုပြင်ခြင်း၊ ကျောက်စီ ရေမြောင်းပြုလုပ်ခြင်း၊ ပေ ၅၀ ထိတံတား၊ Box Culvert တည်ဆောက်ခြင်း၊ လမ်းနယ်တိုင်၊ မိုင်ဖာလုံတိုင်ပြုလုပ်ခြင်း၊ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၆-၈-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဝီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၇၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၄၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၄၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညို၊ အထူးစည်ကားများပြား









ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားကိုးကွယ်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားနေမှုကို တွေ့မြင်ရစဉ်။

**နေပြည်တော် ဩဂုတ် ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ယနေ့တွင်လည်း နံနက် ၆ နာရီမှစတင်၍ အများပြည်သူ ဖူးမြော်ကြည်ညိုခွင့်ပြုခဲ့ရာ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဦးစွာ တာဝန်ရှိသူများက ဘုရားဖူးပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော်နိုင်ရေးအတွက် ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရလိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပေးပြီး သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်သို့ သွားလာရေးလွယ်ကူစေရန်အတွက် မော်တော်ယာဉ်ငယ်များဖြင့် စနစ်တကျပို့ဆောင်ပေးသည်။

ထို့နောက် ဘုရားဖူးရဟန်းရှင်လူပြည်သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး စိတ်အေးချမ်းသာစွာဖြင့် တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားပူဇော်ထားသည့် ဘုရားရင်ပြင်တော်ပေါ်သို့ အလွယ်တကူတက်ရောက်ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် စက်လှေကားကိုလည်း ထည့်သွင်းတည်ဆောက်ထားရှိရာ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် များစွာအဆင်ပြေလှပြီး စိတ်အေးချမ်းသာစွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနေကြသည့် မြင်ကွင်းကိုလည်း တွေ့မြင်ရသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ထားသည့် ရင်ပြင်တော်ပတ်လည်၌ ဂန္ဓကုဋိတိုက် ၂၄ ဆောင်ကို စကျင်ကျောက်များဖြင့် တည်ဆောက်ထားရှိရာ ဘုရားဖူးပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ ဂန္ဓကုဋိတိုက်များအတွင်းမှ ဘုရားကြီးကို ဖူးမြော်ကြည်ညိုကြသည်။

ထို့ပြင် ဘုရားဖူး ရဟန်းရှင်လူပြည်သူများအနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ချိန်တွင် ပိဋကသုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများကို တစ်ပါတည်း လေ့လာဖတ်ရှုကြည်ညိုနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များထွင်းထုထည့်သွင်းထားသည့် ကျောက်စာရုံစေတီ အဆူ ၇၂၀ ကို ရုပ်ပွားတော်မြတ်ကြီး၏ ရှေ့မျက်နှာတော်မူရာတည့်တည့်၌ တည်ဆောက်ပူဇော်ထားရှိရာ စိတ်ဝင်စားစွာ ဖူးမြော်လေ့လာကြည်ညိုကြသည်။

အဆိုပါ ကျောက်စာရုံစေတီများကို မန္တလေးမြို့ မဟာကုသိုလ်တော်ဘုရား ကျောက်စာရုံများပုံစံယူ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး မည်သည့်ကျောက်စာရုံ၌ ပိဋကသုံးပုံကျမ်းစာများကို လေ့လာသည်ဖြစ်စေ ကျောက်စာရုံများမှထွက်သည့်အခါ၌ ဘုရားကြီး၏မျက်နှာတော်ကို တွေ့မြင်ဖူးမြော်ကြည်ညိုနိုင်ရန်နှင့် ပိဋကသုံးပုံ အဋ္ဌကထာဋီကာကျမ်းစာများသည်လည်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာတွင် တည်ရှိနေရန် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ ပညာရှင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ပညာရှင်များ၊ အခြားအရပ်ဘက်ကျွမ်းကျင်ပညာရှင်များက စနစ်တကျတွက်ချက်တည်ဆောက်ထားခြင်းဖြစ်ပြီး ဘုရားဖူးပြည်သူများအနေဖြင့် ဝင်ရောက်ဖူးမြော်ရာ၌ ကျောက်စာရုံစေတီများ၏ ဝိသုကာလက်ရာ၊ အင်ဂျင်နီယာပညာရပ်များကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ထားရှိရာ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒခံယူလျက် ပိဋကတ်တော်လာအဆိုများနှင့် မဟာဗုဒ္ဓဝင်ကျမ်းဝန်တော်များနှင့်အညီ ပြည့်စုံစွာ တည်ထားကိုးကွယ်ထားသည့် မုစလိန္ဒကန်နှင့် နဂါးရုံဘုရားတို့ကိုလည်း ဘုရားဖူးပြည်သူများက ကြည်ညိုစွာဖြင့်ဖူးမြော်ကြသည်။

ထို့ပြင် ရုပ်ပွားတော်မြတ်ကြီးပရိဝုဏ်တော်အတွင်းနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စနစ်တကျတည်ဆောက်ထားရှိသည့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်း အသေးနေရာများ၌လည်း ဘုရားဖူးပြည်သူများအနေဖြင့် မိသားစုအလိုက်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့လိုက်လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်နေကြသည့် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဘုရားကျောင်းကန်များကို လာရောက် ဖူးမြော်ကြည်ညိုကြသည့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ခေတ္တအနားယူနိုင်စေရေးအတွက် ကျွန်းတိုင်များအသုံးပြု၍ မြန်မာမှုလက်ရာများဖြင့် ရှေးမူမပျက်ဆောက်လုပ်ထားသည့် သုဓမ္မာဇရပ်များတွင်လည်း အေးချမ်းစွာ အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်တော်အတွင်း မာရဝိဇယကျောင်းတော်နှင့် သာသနာရေးဆိုင်ရာအခမ်းအနားများကို ခမ်းနားသိုက်မြိုက်စွာကျင်းပနိုင်ရန် သံဃာတော်အပါး ၉၀၀ နှင့် လူပရိသတ် ဦးရေ ၁၂၀၀ ဝင်ဆံ့နိုင်သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးကိုလည်း ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ထားရှိမှုကိုလည်း ရဟန်းရှင်လူပြည်သူအများက ဝင်ရောက်လေ့လာကြည်ညိုကြသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများအနေဖြင့် ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းလျက်ရှိကြပြီး ခုနစ်ရက်သားသမီး အလှူရှင်များအနေဖြင့်လည်း ဘုရားဖူးပြည်သူများ သုံးဆောင်နိုင်ရန်အတွက် သက်သတ်လွတ်သီးစုံဒံပေါက်များကို အာဟာရဒါနစတုဒိသာအဖြစ် ကျွေးမွေးလှူဒါန်းကြသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဩဂုတ် ၈ ရက်မှစ၍ ၁၆ ရက်ထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း အခမဲ့လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန် ဖွင့်လှစ်ထားရှိရာ ဘုရားဖူးများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရှိရသဖြင့် ရပ်နီး၊ ရပ်ဝေးမှ ရဟန်းရှင်လူဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဩဂုတ် ၁၇ ရက်မှ ၁၉ ရက်ထိ ထပ်မံ၍ ရက်သတ်မှတ်တိုးမြှင့်ပြီး အခမဲ့ဖူးမြော်ကြည်ညိုခွင့်ပြုပေးသွားမည်ဖြစ်သည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ဩဂုတ် ၂၀ ရက်နှင့်နောက်ပိုင်း လာရောက်ဖူးမြော်ကြသူများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥယျာဉ်တော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက်

**စာမျက်နှာ ၁၉ သို့**





ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားကိုးကွယ်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားနေမှုကို တွေ့မြင်ရစဉ်။

စာမျက်နှာ ၁၈ မှ အဆက်

လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် ကုသိုလ်တော်ဖြစ်ပါဝင်နိုင်ရေး မြန်မာနိုင်ငံသား လူကြီး၊ ကလေး တစ်ဦးလျှင် ၁၀၀၀ ကျပ်နှင့် နိုင်ငံခြားသားတစ်ဦးလျှင် ၁၀ USD နှုန်း တို့ဖြင့် သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပြီး အသေးစိတ်အား မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ Website ဖြစ်သည့် mbiw.myannet.com၊ www.twitter.com၊Maravijaya-နှင့် t.me၊ Maravijaya တို့တွင် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ကြောင်း နိဗ္ဗာန် အကျိုးမျှော်၍ နှိုးဆော်အသိပေးအပ်ပါသည်။

# လက်ဖက်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ဆန်းသစ်တီထွင်သောနည်းလမ်းများဖြင့် ထုတ်လုပ်ရန် လိုအပ်

**နေပြည်တော် ဩဂုတ် ၁၆**

လက်ဖက်စိုက်ပျိုးရေးနှင့် အနာဂတ်အလားအလာအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံလက်ဖက်အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လက်ဖက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုစိတ်ဝင်စားသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် လက်ဖက်စတင်ပေါက်ရောက်ရာ မူရင်းဒေသများအနက် တစ်ခုဖြစ်ပြီး မိရိုးဖလာစိုက်နည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုး၍ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ်စာရင်းများအရ စုစုပေါင်းလက်ဖက်အထွက် ပိဿာ ၆၉ သန်းခန့်ရှိခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် မြန်မာ့လက်ဖက်ကို ပြည်ပသို့ တင်ပို့ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းခန့် ရရှိခဲ့သည်ဟုသိရှိရကြောင်း။

အလားတူ လက်ဖက်များကို လက်ဖက်အစို၊ လက်ဖက်အခါးခြောက်၊ လက်ဖက်အချိုခြောက်၊ လက်ဖက်အချဉ်ခြောက်၊ လက်ဖက်ဝိုင်စသော တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ဆန်းသစ်တီထွင်သောနည်းလမ်းများဖြင့် ထုတ်လုပ်ရန်လည်း လိုအပ်လျက်ရှိကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအနေဖြင့် မိမိတို့၏ကျွမ်းကျင်မှု အတွေ့အကြုံများကို အခြေခံပြီး လက်ဖက်တစ်ဧကအထွက်နှုန်းတိုးတက်စေရေးနှင့် တန်ဖိုးမြှင့်လက်ဖက်ထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်ဖြန့်ဖြူးရေးအတွက် နည်းပညာပိုင်း၊ မူဝါဒပိုင်းနှင့် နည်းဗျူဟာပိုင်း အားကောင်းလာစေရန် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးအကြံပြုပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မြန်မာနိုင်ငံလက်ဖက်အသင်းမှ တာဝန်ရှိများက မြန်မာနိုင်ငံလက်ဖက်စိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ သင်ကြားပို့ချလျက်ရှိသော ဘာသာရပ်များ၊ ဖြည့်စွက်မွမ်းမံသင်ကြားပေးနိုင်သော ဘာသာရပ်များနှင့် စိုက်ခင်းစတင်ချိန်မှစ၍ ကြုံတွေ့ရသည့်ပြဿနာများကို ဗီဝဗေဒ၊ လူမှုရေး၊ စီးပွားရေးရှုထောင့်ပေါင်းစုံမှ တင်ပြဆွေးနွေးကြသည်။





ယင်းနောက် အုပ်စုအလိုက်ဆွေးနွေးခြင်း (SWOT Analysis)အစီအစဉ်တွင် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှု အခြေအနေ၊ မျိုး၊ မြေဩဇာသုံးစွဲမှုအကြံပြုချက်နှင့် သုတေသနဆောင်ရွက်မှု၊ ပြုပြင်လုပ်ဆောင်ခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်းနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းစေခြင်း၊ ပြည်တွင်းအသုံးပြုမှုနှင့် ပြည်ပကုန်သွယ်မှုခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး စကားဝိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံလက်ဖက်အသင်းမှ ကျွမ်းကျင်သူများနှင့် လက်ဖက်ပညာရှင်များ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မြန်မာနိုင်ငံလက်ဖက်တန်ဖိုး ကွင်းဆက်မြှင့်တင်ရေးလမ်းပြမြေပုံရေးဆွဲခြင်းနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



**နေပြည်တော် ဩဂုတ် ၁၆**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ခွင့်ပြုချက်ဖြင့် Essential Motors Co., Ltd က တင်သွင်းလာသော BYD Atto 3 အမျိုးအစား လျှပ်စစ်သုံးယာဉ် ၁၆ စီး၊ Grand Sirius Co., Ltd က တင်သွင်းလာသော Neta V အမျိုးအစား လျှပ်စစ်သုံးယာဉ် အစီး ၂၀၊ Auto Top Power Co., Ltd က တင်သွင်းလာသော Faw Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးယာဉ် လေးစီး စုစုပေါင်းလျှပ်စစ်သုံးယာဉ် အစီး ၄၀ နှင့် NCX MyanmarCo., Ltd က တင်သွင်းလာသော Wuyaung Honda အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ် ၄၈ စီးသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာရာ ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်နှင့် လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ ကျောဖုံးမှအဆက်

ဝါသနာရှင်များတက်ရောက်ပြီး မန္တလာအသင်းနှင့် ကြယ်စင်စုအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြကာ မန္တလာအသင်းက ကြယ်စင်စုအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်တို့က တတိယဆုရ Shaning Star အသင်းကို တစ်ဦးချင်းစီ ဆုတံဆိပ်များနှင့် ငွေသားဆုကျပ် ငါးသိန်း၊ ဒုတိယဆုရ ကြယ်စင်စုအသင်းကို တစ်ဦးချင်းစီဆုတံဆိပ်များနှင့် ငွေသားဆု ကျပ် ၁၀ သိန်းတို့ကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရ မန္တလာအသင်းအား တစ်ဦးချင်းဆုတံဆိပ်များ၊ တံခွန်စိုက်ဖလားနှင့် ငွေသားဆု ကျပ် ၁၅ သိန်းတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၁၇-၈-၂၀၂၃ (ကြာသပတေးနေ့)**

| | | |
|---|---|---|
| ၁။ | ၀၈း၂၀ | Morning Song |
| ၂။ | ၁၀း၀၁ | Internet Pages |
| ၃။ | ၁၄း၃၀ | နှလုံးသားထဲက စာမျက်နှာများ |
| ၄။ | ၁၅း၃၅ | Music Quiz |
| ၅။ | ၂၀း၄၀ | လွမ်းသဝဏ်လွှာ |

## ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန် ကြေညာ

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်း ကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့်ပုံစံစာအိတ်ကို ဩဂုတ် ၂၅ ရက် (သောကြာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်ပါသည်။ အဆိုပါ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ကို ဩဂုတ် ၂၅ ရက်မှ စက်တင်ဘာ ၁၀ ရက်ထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များ အပါအဝင် (ပိတ်ရက်မရှိ) အောက်ပါတက္ကသိုလ်များတွင် လက်ခံမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (၁) | မြစ်ကြီးနားတက္ကသိုလ် | (၁၄) | မန္တလေးအဝေးသင်တက္ကသိုလ် |
| (၂) | လွိုင်ကော်တက္ကသိုလ် | (၁၅) | မိတ္ထီလာတက္ကသိုလ် |
| (၃) | ဘားအံတက္ကသိုလ် | (၁၆) | ကျောက်ဆည်တက္ကသိုလ် |
| (၄) | ဟားခါးတက္ကသိုလ် | (၁၇) | မော်လမြိုင်တက္ကသိုလ် |
| (၅) | မုံရွာတက္ကသိုလ် | (၁၈) | စစ်တွေတက္ကသိုလ် |
| (၆) | ရွှေဘိုတက္ကသိုလ် | (၁၉) | တောင်ကုတ်တက္ကသိုလ် |
| (၇) | စစ်ကိုင်းတက္ကသိုလ် | (၂၀) | ရန်ကုန်အဝေးသင်တက္ကသိုလ် |
| (၈) | ထားဝယ်တက္ကသိုလ် | (၂၁) | တောင်ကြီးတက္ကသိုလ် |
| (၉) | တောင်ငူတက္ကသိုလ် | (၂၂) | လားရှိုးတက္ကသိုလ် |
| (၁၀) | ပြည်တက္ကသိုလ် | (၂၃) | ကျိုင်းတုံတက္ကသိုလ် |
| (၁၁) | ပဲခူးတက္ကသိုလ် | (၂၄) | ပုသိမ်တက္ကသိုလ် |
| (၁၂) | မကွေးတက္ကသိုလ် | (၂၅) | ဟင်္သာတတက္ကသိုလ် |
| (၁၃) | ပခုက္ကူတက္ကသိုလ် | (၂၆) | မအူပင်တက္ကသိုလ် |

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁၇-၅၃၇၆၇၇၊ ၀၁၇-၅၂၅၆၀၂ နှင့် ၀၁၇-၅၀၃၁၄၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

## ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် စံပြဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံ၌ ဝက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဩဂုတ် ၁၆**

ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊တပ်ရင်း၊တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် စံပြဘက်စုံစိုက်ပျိုး မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## ဩဂုတ် ၁၆ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် လေးဦးတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၁၆**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၅၀၁၄ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် လေးဦးတွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ သုည ဒသမ ၀၈ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးကျော်တင်ရှိန်<br>ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) | ဦးအောင်ကျော်ဦး<br>ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ ဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၀ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၃၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသား၊သဘာဝဘေး၊အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# ကျိုင်းတုံမြို့နှင့် မန္တလေးမြို့တို့၌ ဆွမ်းလောင်းလှူပွဲများပြုလုပ်



ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရားကြီးအား တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း မျက်နှာတော်သစ်ရေသပ္ပာယ်စဉ်။

**နေပြည်တော် ဩဂုတ် ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရားကြီး မျက်နှာတော်သစ်မင်္ဂလာနှင့် သံဃာတော်များအား ဆွမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဘုရားကြီး၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက မဟာမြတ်မုနိဘုရားကြီးအား ပန်း၊ ဆီမီး၊ ရေချမ်းနှင့်ဆွမ်းများ ဆက်ကပ်ပူဇော်ပြီး ဘုရားကြီးအား မျက်နှာတော်သစ်ရေသပ္ပာယ်ကာ ရွှေသင်္ကန်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျိုင်းတုံမြို့ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များ၊သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်း၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ လောင်းလှူကြသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဝါတွင်းကာလသံဃာ့ဒါနဆွမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့အရှေ့ဘက်နန်းမြို့ရိုးနှင့် ကျုံးရေပြင်ကြားရှိ ရတနာပုံဉယျာဉ်၌ပြုလုပ်ရာ မန္တလေးမြို့ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တထုတိဝရအမှူးပြုသော သံဃာတော်အပါး ၃၁၀တို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာရှိ၊ စစ်သည်မိသားစုဝင်များက ဆွမ်း၊ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများကို သတ်မှတ်နေရာအသီးသီး၌ လောင်းလှူကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်သို့ သွားရောက်ပြီး သက်တော် ၉၁ နှစ် ဝါတော် ၇၁ ဝါရှိ နိုင်ငံတော်ဩဝါဒါစရိယ မဟာဂန္ဓာရုံကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရာဘိဝံသအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားကာ လိုအပ်သည့်ဆေးဝါးကုသမှုများခံယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဝါတွင်းကာလ သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲ ကျင်းပစဉ်။

# ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၆**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ် တပ်မတော်ဆေးတက္ကသိုလ်ရှိ အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်အဖွဲ့ဝင်များ၊အရာရှိ၊စစ်သည်၊မိသားစုဝင်များ၊ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်ဖြစ်သည့် ရန်ကုန်တပ်နယ်ကိုယ်စားပြုအသင်းနှင့် မင်္ဂလာဒုံတပ်နယ်ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၂၂ သင်းဖြင့် ဩဂုတ် ၂၅ ရက်ထိ ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘော်လီဘောပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၆**

ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်းဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် မြိတ်လေတပ်စခန်းဌာနချုပ် အသင်းနှင့် ကော့သောင်းတပ်နယ် အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကိုဆက်လက်ကျင်းပရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းအကောင်းဆုံးဆုရရှိကြသူများ၊ အသင်းလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့်အသင်းများနှင့်ဒိုင်းဆုရရှိသောအသင်းတို့ကို တိုင်းမှူးနှင့်တာဝန်ရှိသူများက ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းဘော်လီဘောပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဩဂုတ် ၁၁ ရက်မှ ယနေ့ထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

# ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၃)ရှိ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၃)ရှိ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မဟာဂန္ဓာရုံကျောင်းတိုက်(သဲတောင်ကျောင်း)၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၆ ပါး၊သာသနာနွယ်ဝင်သီလရှင် နှစ်ပါးနှင့် ဒေသခံပြည်သူ ၁၇၈ ဦးတို့ကို မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်ခြင်း၊ ဆီးချိုသွေးချိုစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်တွေမြို့ ရှေးဟောင်းသမိုင်းဝင် ဦးရဲကျော်သူကျောင်းတိုက်နှင့် သကျမုနိဘုရားသိမ်တော်ကြီးအား ရှေးမူမပျက်ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှု



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး ရှေးဟောင်းသမိုင်းဝင် ဦးရဲကျော်သူကျောင်းတိုက်နှင့် သကျမုနိဘုရားသိမ်တော်ကြီး ရှေးမူမပျက်ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဩဂုတ် ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ခရီးစဉ်၌သို့ ရောက်ရှိစဉ် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဦးရဲကျော်သူကျောင်းတိုက် ပင်မကျောင်းဆောင်နှင့် ကျောင်းတိုက်အတွင်းရှိ သကျမုနိဘုရားကြီး သိမ်တော်တို့ကို မူလလက်ရာအတိုင်း ရှေးမူမပျက်အမြန်ဆုံး ပြန်လည်ပြုပြင်ပေးရန် လမ်းညွှန်မှာကြားချက်အရ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက ရပ်မိရပ်ဖများနှင့်အတူ အဆိုပါကျောင်းတိုက်သို့သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဇောတိပါလအား ဖူးမြော်ကြည်ညိုပြီး ပင်မကျောင်းဆောင်နှင့် သကျမုနိဘုရားသိမ်တော်ကြီး ပြန်လည်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်မှုနှင့် ပတ်သက်၍ ဆွေးနွေးလျှောက်ထားတင်ပြကြသည်။

ဦးစွာ ပြန်လည်ပြုပြင်ရေးအဖွဲ့ တာဝန်ရှိသူများနှင့် သာသနာရေးဦးစီးဌာန ရှေးဟောင်းသုတေသန ညွှန်ကြားရေးမှူးတို့က ဦးရဲကျော်သူ ကျောင်းတိုက်ရှိ သကျမုနိဘုရား သိမ်တော်ကြီးအား ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုအခြေအနေများ၊ သိမ်တော်ကြီးအတွင်း အရောင်မတူ ပျက်စီးနေသည့် ကြွေပြားအဟောင်းများခွာ၍ ကြွေပြားအသစ်များ အစားထိုးပြုပြင်ခြင်းနှင့် အတွင်း၊ အပြင်၌ မီး၊ ရေလိုင်းများ အသစ်အစားထိုး ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက ကျောင်းတိုက်ဆရာတော်အား ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ပင်မကျောင်းဆောင်နှင့် သကျမုနိဘုရား သိမ်တော်ကြီးအား မူလလက်ရာအတိုင်း ရှေးမူမပျက် ပြန်လည်ပြုပြင် ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဩဂုတ် ၁၆**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၁၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Myo Min Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မာန်မြေ(၃)ရပ်ကွက်နေမျိုးမင်းစိုး(ခ) မျိုးကြီးကို နံနက် ၁ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ “Kyaw Thet Naing” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်နေ ကျော်သက်နိုင်(ခ)ကျောက်ကြီးကို ညနေ ၃ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “Nwe New Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်နေ နွယ်နွယ်ဝင်း(ခ)မနွယ်ကို ညနေ ၄ နာရီတွင်လည်းကောင်း၊ “Win Pa Pa-Phyo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၄/မြောက်ရပ်ကွက်နေ ဝင်းပပဖြိုးကို ညနေ ၅ နာရီ ၁၀ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှုကြောင့် လူဦးရေ ၆၀ ကျော်သေဆုံး



**နယူးဒေလီ ဩဂုတ် ၁၆**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟိမာချယ်ပရာဒေ့ရှ်ပြည်နယ်နှင့် ဥတ္တရာခန်ပြည်နယ်တို့တွင် လွန်ခဲ့သော ရက်သတ္တပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုကျမှုကြောင့် ဘုရားကျောင်း တစ်ကျောင်းတွင် ပိတ်မိ၍ သေဆုံးခဲ့သူများအပါအဝင် ဦးရေ ၆၀ ကျော် သေဆုံးခဲ့ကြောင်း အိန္ဒိယပြည်ထဲရေးဝန်ကြီးဌာနက ဩဂုတ် ၁၅ ရက်က ထုတ်ပြန်သော သတင်းများကို ကိုးကား၍ CNN သတင်းဌာနက ဩဂုတ် ၁၅ ရက်တွင် ရေးသားဖော်ပြထားသည်။

လွန်ခဲ့သော ရက်သတ္တပတ်အတွင်း မုတ်သုံမိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားသဖြင့် အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ ဟိမာချယ်ပရာဒေ့ရှ်ပြည်နယ်နှင့် ဥတ္တရာခန်ပြည်နယ်တို့တွင် လူထိခိုက်သေဆုံးမှုများဖြစ်ပေါ်ခဲ့ရာ ဩဂုတ် ၁၂ ရက်ထိ သေဆုံးသူ ၅၅ ဦးကို အတည်ပြုနိုင်ခဲ့ကြောင်း၊ အများစုမှာ ဟိမာချယ်ပရာဒေ့ရှ်ပြည်နယ်မှဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် Sukhvinder Singh Sukhu က အဆိုပါဒေသများသို့ ဩဂုတ် ၁၅ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးစဉ် သတင်းထောက်များကိုအတည်ပြုပြောကြားခဲ့သည်။

လူအသေအပျောက်အများဆုံးဖြစ်ရပ်တစ်ခုမှာ ဩဂုတ် ၁၄ ရက်က ဖြစ်ပွားခဲ့သော ပြည်နယ်မြို့တော် ရှင်းလားမြို့တွင် မြေပြိုမှုကြောင့် ဘုရားရှိခိုးကျောင်းတစ်ခုအတွင်း ပိတ်မိသေဆုံးသူ ကိုးဦးထက်မနည်း သေဆုံးခဲ့သောဖြစ်ရပ်ဖြစ်ပြီး ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက် လုပ်ဆောင်လျက်ရှိကြောင်း သေဆုံးသူအရေအတွက်မှာ ထပ်မံတိုးလာနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အိန္ဒိယ မိုးလေဝသဌာနက အဆိုပါဒေသများတွင် ရာသီဥတုဆိုင်ရာ အနီရောင်အဆင့်သတိပေးချက်ထုတ်ပြန်ထားပြီး ပြည်သူများအနေဖြင့် တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ကြရန်၊ မြစ်များအနီးနှင့် မြေပြိုကျမှုဖြစ်ပွားသောဒေသများမှ ပြည်သူများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြရန်တိုက်တွန်းထားကြောင်း သိရသည်။ AZH

# အီတလီနိုင်ငံတွင် အီနာမီးတောင်ပေါက်ကွဲမှုကြောင့် ပိတ်ထားရသော ကာတာနီးယားလေဆိပ်ပြန်လည်ဖွင့်လှစ်

**ရောမ ဩဂုတ် ၁၆**

အီတလီနိုင်ငံတွင် အီနာမီးတောင်ပေါက်ကွဲမှုကြောင့် နှစ်ရက်ကြာပိတ်ထားခဲ့ရသော ကာတာနီးယားလေဆိပ်ကို ဩဂုတ် ၁၅ ရက်က ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း ကာတာနီးယားလေကြောင်းလိုင်းမှ ဩဂုတ် ၁၅ ရက် ထုတ်ပြန်သော သတင်းများကို ကိုးကား၍ Schengen Visa သတင်းဌာနက ဩဂုတ် ၁၅ ရက်တွင် ရေးသားဖော်ပြထားသည်။

အီနာမီးတောင်သည် ပေ ၁၁၀၀၀ ခန့်အမြင့်ရှိပြီး ဥရောပရှိ မီးတောင်များအနက် လှုပ်ရှားမှုအများဆုံးမီးတောင်တစ်ခုဖြစ်ကာ ဩဂုတ် ၁၄ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ချော်ရည်နှင့်ပြာများ မှုတ်ထုတ်ခဲ့ခြင်းကြောင့် မီးတောင်နှင့် ကီလိုမီတာ ၅၀ အကွာတွင်ရှိသော ကာတာနီးယားလေဆိပ်ရှိ လေယာဉ်ခရီးစဉ်အားလုံးကို ရပ်တန့်ခဲ့ရကြောင်း သိရသည်။

လေဆိပ်မှ ကနဦးထုတ်ပြန်ချက်များတွင် လေယာဉ်ခရီးစဉ်များကို ဩဂုတ် ၁၄ ရက်တစ်ရက်သာ ပိတ်ကြောင်း ကြေညာခဲ့သော်လည်း မီးတောင်ပေါက်ကွဲမှု အခြေအနေ တည်ငြိမ်မှုမရှိခြင်းကြောင့် ဩဂုတ် ၁၅ ရက်ထိ ထပ်မံ၍ တိုးမြှင့်ခဲ့ရကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲမှုငြိမ်သက်သွားသဖြင့် ကာတာနီးယားလေဆိပ်ကိုပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း၊ ခရီးသည်များအနေဖြင့် လေကြောင်းခရီးစဉ်များနှင့်ပတ်သက်၍ ၎င်းတို့လေဆိပ်၏ တရားဝင်ဝက်ဘ်ဆိုက်တွင် အချက်အလက်များ ရယူနိုင်ကြောင်း လေဆိပ်စီမံခန့်ခွဲရေးကုမ္ပဏီက ယနေ့တွင် ကြေညာထားကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲမှုရပ်တန့်သွားသော်လည်း လမ်းများပေါ်တွင် ပြာများဖုံးလွှမ်းနေသဖြင့် ကာတာနီးယားမြို့တော်ဝန်က ဆိုင်ကယ်မောင်းနှင်ခြင်းများကို တားမြစ်ထားပြီး အခြားယာဉ်များအနေဖြင့် တစ်နာရီလျှင် ကီလိုမီတာ ၃၀ ထက်ပို၍ မောင်းနှင်ခြင်းမပြုရန်တားမြစ်ထားကြောင်း သိရသည်။ AZH

# အော့ကလန်မြို့ရှိ ရေလွှမ်းခဲ့သော အုတ်ကလေခရိဧရိယာသို့ ဖြတ်သန်းသွားလာခြင်းမပြုရန်တားမြစ်

**ဝယ်လင်တန် ဩဂုတ် ၁၆**

နယူးဇီလန်နိုင်ငံ အော့ကလန်မြို့တွင် ယခုနှစ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုပြဿနာဖြင့် မကြာခဏ ရင်ဆိုင်နေရပြီး ရေလွှမ်းမှုဖြစ်ပေါ်ခဲ့သည့် အုတ်ကလေခရိဧရိယာသို့ ဖြတ်သန်းသွားလာခြင်း မပြုရန် တားမြစ်ချက်ထုတ်ပြန်ထားကြောင်း RNZ သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အုတ်ကလေခရိဧရိယာသည် လာရောက်လည်ပတ်သူ များပြားသည့်နေရာတစ်ခုဖြစ်ပြီး အော့ကလန်မြို့၏ အထင်ကရနေရာတစ်ခုလည်းဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ရေလွှမ်းမှုဖြင့် မကြာခဏရင်ဆိုင်နေရသည့်အတွက် အုတ်ကလေခရိဧရိယာတွင် အပြောင်းအလဲများစွာဖြစ်ပေါ်နေပြီး မြေပြိုကျမှုလည်း ဖြစ်ပေါ်လာနိုင်သည့်အတွက် အုတ်ကလေခရိဧရိယာသို့ သွားရောက်လည်ပတ်ခြင်းနှင့် ဖြတ်သန်းသွားလာခြင်းမပြုရန် အော့ကလန်ကောင်စီအာဏာပိုင်အဖွဲ့အစည်းက တားမြစ်ချက်ထုတ်ပြန်ခဲ့သည်။

"အုတ်ကလေခရိဧရိယာဟာ အထင်ကရနေရာဖြစ်သလို အုတ်ကလေခရိရေတံခွန်မှာလဲ လာရောက်လည်ပတ်သူ များပြားပါတယ်။ ဒါပေမဲ့ ဒီနှစ်အတွင်း ရေလွှမ်းမိုးမှုတွေ မကြာခဏဖြစ်ပေါ်ခဲ့တဲ့အတွက် အုတ်ကလေခရိဧရိယာမှာ အပြောင်းအလဲတွေဖြစ်ပေါ်နေတယ်။ မြေပြိုကျမှုတွေနဲ့ အခြားမမျှော်လင့်ထားတဲ့ သဘာဝဘေးဒဏ်တွေဖြစ်ပေါ်လာနိုင်ပါတယ်။ ဒါကြောင့် အုတ်ကလေခရိဧရိယာကို ဖြတ်သန်းသွားလာတာ၊ သွားရောက်လည်ပတ်တာတွေ မပြုလုပ်ဖို့ သတိပေးအပ်ပါတယ်"ဟု အော့ကလန်ကောင်စီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိ အုတ်ကလေခရိဧရိယာသည် ရေဘေးအန္တရာယ်ဖြင့် အကြိမ်ကြိမ် ရင်ဆိုင်ထားရပြီး အန္တရာယ်ရှိသည့် အခြေအနေဖြစ်နေကြောင်း သိရသည်။ **နိုင်းဆက်**



# ကနေဒါနိုင်ငံ အနောက်မြောက်ပိုင်းနယ်မြေများကို တောမီးအန္တရာယ် အရေးပေါ်အခြေအနေသတ်မှတ်

**အော်တာဝါ ဩဂုတ် ၁၆**

ကနေဒါနိုင်ငံ အနောက်မြောက်ဘက်ပိုင်းနယ်မြေများတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးလောင်ကျွမ်းမှုမှာ ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေသည့်အတွက် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း ကနေဒါအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ကြေညာခဲ့သည်ဟု CTV News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

တောမီးလောင်ကျွမ်းမှုသည် ယဲလိုကနိုက်မြို့သို့ ကူးစက်လောင်ကျွမ်းနေပြီး ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် သတိပေးချက်လည်း ထုတ်ပြန်ထားကြောင်း၊ တောမီးလောင်ကျွမ်းမှုသည် ယဲလိုကနိုက်မြို့ရှိ နေအိမ်များသို့ကူးစက်လာနိုင်သည့်အတွက် တောမီးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း ကနေဒါအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"တောမီးလောင်ကျွမ်းမှုနဲ့ ပတ်သက်ပြီး အနောက်မြောက်ဘက်ပိုင်းနယ်မြေကို တောမီးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ပြီဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် ထွက်ပေါ်လာတဲ့ မီးခိုးငွေ့တွေဟာ ကျန်းမာရေးကို ထိခိုက်စေနိုင်တဲ့အခြေအနေဖြစ်တဲ့အတွက် ကျန်းမာရေးလုံခြုံမှုပေးနိုင်ဖို့နဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေပြုလုပ်ပေးသွားဖို့ ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ အနောက်မြောက်ဘက်ပိုင်းနယ်မြေအာဏာပိုင်အဖွဲ့အစည်းအနေနဲ့လဲ တောမီးကိုထိန်းချုပ်နိုင်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင်တွေကို လိုအပ်တဲ့အထောက်အကူပြုပစ္စည်းတွေ အပြည့်အစုံရရှိအောင် စီမံဆောင်ရွက်ပေးနေပါတယ်"ဟု အနောက်မြောက်ဘက်ပိုင်းနယ်မြေ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည့်အတွက် ကနေဒါအနောက်မြောက်ပိုင်းနယ်မြေအာဏာပိုင်အဖွဲ့အစည်းအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ပေးသွားရမည်ဖြစ်ပြီး မီးခိုးငွေ့များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးပြဿနာများအတွက်လည်း ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန် ပြင်ဆင်နေကြောင်း သိရသည်။ **နိုင်းဆက်**

# အမေရိကန်နိုင်ငံ ကန်တပ်ကီပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ပါက စုပ်ထုတ်ပေးသည့်ရေစုပ်စက်ခန်း ပြန်လည်တည်ဆောက်နေ

**ဝါရှင်တန် ဩဂုတ် ၁၆**

အမေရိကန်နိုင်ငံ ကန်တပ်ကီပြည်နယ် လူးဝစ်ဗီးလ်မြို့တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ပါက အများပြည်သူပိုင်ဧရိယာများတွင် လွှမ်းနေသည့်ရေများကို မြစ်ချောင်းများအတွင်းသို့ ပြန်လည်စုပ်ထုတ်ပေးသည့် ရေစုပ်စက်ခန်းကို အသစ်ပြန်လည်တည်ဆောက်နေကြောင်း လူးဝစ်ဗီးလ်မြို့ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု IPM သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ရေစုပ်စက်ခန်းသည် နှစ်ပေါင်း ၇၀ ကျော် သက်တမ်းရှိနေပြီဖြစ်ပြီး ပိုမိုကောင်းမွန်သည့် စက်များတပ်ဆင်သွားရန်အတွက် ရေစုပ်စက်ခန်းကို ပြန်လည်တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါရေစုပ်စက်ခန်းသည် ဒေသခံဦးရေ ၂၁၅၀၀၀ ကျော်ကို ရေလွှမ်းသည့်အန္တရာယ်မှ ကာကွယ်ပေးနေသည့် ရေစုပ်စက်ခန်းဖြစ်ပြီး ရေကြီးရေလျှံမှု မကြာခဏဖြစ်ပေါ်လေ့ရှိသည့် ဧရိယာတွင် တည်ဆောက်ထားသော ရေစုပ်စက်ခန်းလည်းဖြစ်ကြောင်း သိရသည်။

"Paddy's Run ရေစုပ်စက်ခန်းဟာ လူအယောက် ၂၁၅၀၀၀ ကျော်ကို အကာအကွယ်ပေးနေတဲ့ ရေစုပ်စက်ခန်းဖြစ်ပါတယ်။ နှစ်ပေါင်း ၇၀ ကျော်သက်တမ်းရှိနေပြီဖြစ်တဲ့အတွက် အသစ်ပြန်လည်တည်ဆောက်ဖို့ စီစဉ်နေပါတယ်။ လူးဝစ်ဗီးမြို့ရဲ့ ရေကြီးရေလျှံမှုတွေ မကြာခဏဖြစ်ပေါ်လေ့ရှိတဲ့ဧရိယာမှာ တပ်ဆင်ထားတာဖြစ်ပြီးတော့ ၁၉၅၀ ပြည့်နှစ်က နည်းပညာတွေကို အသုံးပြုထားတာဖြစ်ပါတယ်။ အခု အသစ်တပ်ဆင်သွားမဲ့ ရေစုပ်စက်စနစ်တွေကတော့ ခေတ်မီတဲ့ စနစ်တွေဖြစ်ပြီး ကုန်ကျစရိတ်ကလဲ အရင်စနစ်ဟောင်းထက် နှစ်ဆမြင့်မားပါတယ်"ဟု လူးဝစ်ဗီး အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရေစုပ်စက်ခန်းအပြင် ရေဆိုးရေညစ်များကိုလည်း ပင်လယ်အတွင်း စွန့်ပစ်နိုင်ရေးအတွက် လူးဝစ်ဗီးမြို့အောက်တွင် လေးမိုင်ရှည်လျားသော ရေဆိုးထုတ်ဥမင် တည်ဆောက်သွားမည်ဖြစ်ကြောင်း လူးဝစ်ဗီး အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ **နိုင်းဆက်**

0w kv d @

# စိတ်အလျဉ်

စိုးဝယ်ဦး(နောင်ချို)




(၁)

"ငြိမ်ငြိမ်နေစမ်းပါကွာ။ မင်းကြည့်ရတာ မျက်စိနောက်လာပြီ"

ဒေါ်ခင်နွယ် အဘိုးကြီးကို မျက်စောင်းထိုးလိုက်ရင်းက အိမ်ခြံဝကို အရိပ်အကဲကြည့်မိပြန်တယ်။ ဒေါ်ခင်နွယ်ကိုသာပြောတာ။ သူလဲ ဖင်တကြွကြွနဲ့ မသိတာမှတ်လို့။ သုံးနှစ်ကျော်မမြင်ရတဲ့သားကို တွေ့ချင်လွန်းလို့ သူတို့လင်မယားနှစ်ယောက် ဂနာမငြိမ်။

ဒေါ်ခင်နွယ်တို့မှာ အသက်ကြီးမှရတဲ့ သားလေးတစ်ယောက်ရှိတယ်။ ဆိုးချက်က တာတေလံလို့။ ဆယ်တန်းတဖုန်းဖုန်းကျ။ အပေါင်းအသင်းတွေနဲ့ ပေးလားဝါးလားနေ။ မိဘက ဆုံးမရင်လဲမကြိုက်။ သူ့အပေါင်းအသင်းတွေ အဆွယ်ကောင်းတာနဲ့ ပိုက်ဆံရှာမလို့ဆိုပြီး ကြီးကြီးကျယ်ကျယ်အသံကောင်းဟစ်ပြီး အိမ်ကထွက်သွားလိုက်တာ သုံးနှစ်တောင်ကြာပေါ့။ သူရှာတာ သူတောင်သုံးမလောက်လို့ ဒီအဘိုးကြီး၊ အဘွားကြီးဆီကတောင် လှမ်းလှမ်းတောင်းသေးတာ။ ကိုယ်က မစားရက်၊ မသောက်ရက်စုဆောင်းခဲ့မိသမျှက သားသမီးအတွက်ကျ နှမြောစိတ်ကိုမရှိတာ။ ဒါပေမဲ့ ဒီတစ်ခေါက် တောင်းတဲ့ပိုက်ဆံက များလို့ ဒီအတိုင်းပေးပြီး သားကိုပစ်ထားလို့မဖြစ်ဘူး။ အဘိုးကြီးပြောသလိုပဲ ပိုပျက်စီးမှာ။ အဲဒါကြောင့် အကြွေးဆပ်ပေးစေချင်ရင် ပြန်လာခဲ့လို့ အကျပ်ကိုင်လိုက်ရသေးတယ်။ ဟုတ်တယ်လေ။ အသက်ကကြီးကြပြီ။ ကိုယ့်သားလေးနဲ့ တစ်မိုးအောက်အတူနေချင်သေးတာပေါ့။ သူဘာသာ လိမ္မာတာ၊ မလိမ္မာတာက အသာထား။ ကိုယ့်သား ကိုယ့်မျက်စိအောက်မှာထားပြီး ဆုံးမပြုပြင်ချင်သေးတယ်။ ညနေ ၆ နာရီထိုးပြီးပြီမို့ ရောက်ချိန်တန်နေပြီလေ။ မိုးတွေရွာနေလို့များ ကားတွေအဝင်နောက်ကျတာလားလို့တွေးမိပြီး ခြံဝကို နောက်ထပ်လှမ်းကြည့်မိပြန်တော့ မိုးစက်တွေကြားထဲမှာ လူရိပ်လေးမြင်လိုက်မိတယ်။ မသဲမကွဲဆိုပေမဲ့ သားမင်းမင်းရဲ့အရပ်အမောင်းနဲ့ သားပဲဆိုတာ ဒေါ်ခင်နွယ်သိတယ်။

"ဟယ် မိုးရွာထဲ ထီးမပါဘာမပါနဲ့ ငါ့သားလေးကတော့ ဖျားတော့မှာပဲ"

ပါးစပ်ကပြောလဲပြော။ အသင့်ထောင်ထားတဲ့ ထီးကိုဆွဲယူ၊ ဖျတ်ခနဲဖွင့်ပြီး ဒေါ်ခင်နွယ် ခြံဝကို ခပ်သွက်သွက်လှမ်းလိုက်မိတယ်။ ခြံတံခါးနားရောက်ခါမှ ခုနကမြင်လိုက်တဲ့အရိပ်က မရှိပြန်ဘူး။ သားက စနောက်ချင်လို့ ပုန်းနေသလားလို့ ဒေါ်ခင်နွယ် တွေးပြီး ခြံပြင်ထွက်ရှာမိတယ်။ ဟိုဘက်ဒီဘက် လမ်းတစ်လျှောက်လုံး လူသူရှင်းပြီး တိတ်ဆိတ်နေတာပဲ တွေ့တယ်။ သူ့ပဲအမြင်မှားတာလားလို့ ဇဝေဇဝါနဲ့ အိမ်ဘက်ပြန်လှမ်းလာမိတယ်။

"ကျုပ် သားကိုမြင်လိုက်သလားလို့ အဘိုးကြီးရယ်။ သွားကြည့်တော့လဲမရှိဘူး။ စိတ်ထဲလေးသွားလိုက်တာတော်"

"မင်းကလဲ အချိန်တန်လာမှာပေါ့ကွ။ မိုးနဲ့လေနဲ့ ကားတွေလဲ ဖြည်းဖြည်းမောင်းရတာပေါ့။ ကလေး ခရီးဖင့်အောင် မျှော်မနေစမ်းနဲ့"

အယူမသီးတတ်တဲ့ အဘိုးကြီးကတောင် သား ခရီးဖင့်မှာစိုးလို့ဆိုပြီးဆူတော့ ဒေါ်ခင်နွယ်မှာ ပြုံးချင်ချင်ရယ်။ ဒါပေမဲ့ ခုနကမြင်လိုက်ရတာ သားပုံရိပ်လေးဆိုတာ သေချာနေသလိုလို။ စိတ်ကမျှော်လင့်လွန်းလို့ မြင်ယောင်မိတာလား၊ အခြားသူပဲလားဆိုတာတွေးပြီး မတင်မကျစိတ်တွေနဲ့ မိုးစက်တွေကြားက ခြံတံခါးလေးဆီကိုပဲ မမှိတ်မသုန်ကြည့်နေမိတော့တယ်။

(၂)

"အမေ အဖေ အမေရေ"

မင်းမင်း ခြံဝကနေ အမေ့ကိုမြင်လို့ လှမ်းအော်ခေါ်လိုက်တယ်။ မိုးသံတွေနဲ့ မကြားတာလား။ မိုးတွေသည်းနေလို့များ သူ့ကို အမေ မမြင်တာလားမသိဘူး။ အိမ်ထဲကနေ ခြံဝကိုလှမ်းကြည့်နေတဲ့ အမေက တုတ်တုတ်မျှမလှုပ်။ ခဏကြာတော့ အဖေ့ကို မြင်လိုက်ရတယ်။ အမေ့နောက်ကနေ မယောင်မလည်လုပ်ရင်းနဲ့ ခြံဝကိုလှမ်းကြည့်တာ။ အဖေ့ကို လက်ဝှေ့ပြရင်းအော်လိုက်ပေမဲ့ အဖေက အိမ်ထဲပြန်လှည့်ဝင်သွားတယ်။

"ဟာ မိုးတွေကလဲ သည်းလိုက်တာကွာ"

သူပြောရင်း ခြံတံခါးကိုတွန်းဖွင့်ဖို့ ကြိုးစားလိုက်တယ်။ သူ့လက်က ထိတွေ့မရဘဲ ဖွင့်မရဖြစ်နေလို့ အံ့ဩနေမိတယ်။ ဟော အမေ သူ့ကိုမြင်သွားပြီထင်တယ်။ ထီးလေးဖွင့်ရင်း ခြံဝကိုလျှောက်လာနေပြီ။ သူ့အနားရောက်တော့ တံခါးဖွင့်ရင်း ခြံအပြင်ဘက်ထိထွက်လာတယ်။ ဘယ်ရောက်သွားပါလိမ့်ဆိုပြီး သူ့ကိုကျော်လို့ ဟိုဘက်ဒီဘက်ကြည့်တာ ပြန်ဝင်သွားတယ်။

"အမေ"ဆိုပြီး အမေ့ကို လှမ်းဖက်လိုက်တော့လဲ သူ့လက်က အမေ့ကိုမဖက်မိ။ "အမေ သားဒီမှာ"လို့ အော်ပြောလဲ အမေကကြားပုံမရ။

ဟာ ဘာတွေဖြစ်နေပြီလဲလို့ သူအလန့်တကြား တွေးရင်း အမေ့နောက်က ကပ်လိုက်လာမိတယ်။ အိမ်ထဲရောက်တော့ အမေနဲ့အဖေပြောနေတာကြားပြီး "သားရောက်ပြီလေ"လို့ အဖေ့ကို ပြောလိုက်၊ "အမေမြင်တာသားလေ ဒီမှာလေ"လို့ပြောနေပေမဲ့ အမေတို့က သူ့ကိုမမြင် မကြားသလိုမို့ သူငိုချင်လာတယ်။

"ခွီး"

အသံကြားလို့ မင်းမင်းကြည့်လိုက်တော့ အမေ့အချစ်တော် ပူစီမလေး ညိုမီက သူ့ကိုကြည့်ပြီး မာန်ဖီနေတာ။ အမြီးကလဲ အမွေးတွေထောင်လို့။

"မိညို နင်တောင် ဝတုတ်ကြီးဖြစ်လာပြီပဲ"

သူပြောပြီး အရင်ကလိုပဲ စဖို့ဟန်ပြင်တော့ ညိုမီက အသံကျယ်ကြီးနဲ့အော်ပြီး အခန်းထဲပတ်ပြေးတာ ညှော်ခန်းစားပွဲပေါ်က ဆေးလိပ်ပြာခံတဲ့ခွက် ပြာလဲ့လဲ့လေးကို ခြေနဲ့ကန်မိသွားတော့ ခွမ်းခနဲအသံနဲ့အတူ အဖေနဲ့အမေလဲ ဆတ်ခနဲတုန်သွားကြပြီး ဖန်ကွဲတွေကို ငေးကြောင်ကြည့်နေကြတယ်။ ခဏကြာတော့ အမေက မျက်စိမျက်နှာပျက်ပြီး မျက်ရည်တွေကျလာတယ်။ အမေ့ကိုကြည့်ပြီး အဖေက-

"ဒီမိညိုကတော့ နာတော့မယ်"လို့ ညိုမီ့ကို ကြိမ်းရင်း "မင်းကြောင်အဆော့သန်တာ"လို့ အမေ့ကို ပြောလိုက်တယ်။

"သားလေး တစ်ခုခုဖြစ်ပြီထင်တယ်"

"ဟ ကြောင်ဆော့လို့ကွဲတာကို မဆီမဆိုင် မင်းကလဲ"

အမေ့အပြောကို အဖေက မျက်နှာထားတင်းတင်းနဲ့ ဟောက်လိုက်တယ်။

(၃)

ငိုနေတဲ့ အမေ့ကိုကြည့်ရင်း မင်းမင်း ထိတ်လန့်လာတယ်။ သူ့ကိုမမြင်ကြဘူးဆိုတာ သေချာသွားတော့ တစ်ခုခုတော့မှားနေပြီဆိုတာ သူသိလိုက်တယ်။ သူပြန်စဉ်းစားကြည့်မိတော့ အဖေနဲ့အမေတို့ကပြန်ခေါ်လို့ သူအလုပ်လုပ်နေတဲ့မြို့ကနေ ကားစီးပြီးပြန်လာတာပဲ။ အပေါင်းအသင်းတွေနဲ့ ပျက်စီးလေလွင့်နေတဲ့သူ။ ငွေရှာမယ်ဆိုပြီး အသံကောင်းဟစ် အမေတို့အရိပ်က ပြေးထွက်ခဲ့သူ။ အကြွေးပတ်ချာလည်ဝိုင်းမှ အဖေနဲ့အမေ့ကို ပိုက်ဆံပို့ခိုင်းမိတာလေ။ အမေတို့က ပိုက်ဆံပို့စေချင်ရင် ပြန်လာခဲ့ပါဆိုတာနဲ့ ဟိုမှာလဲ မနေချင်တော့လို့ သူပြန်လာခဲ့တာ။

ဟင် သူမှတ်မိပြီ။ သူစီးလာတဲ့ Express ကားကြီးက မိုးရွာထဲ ညကြီးမောင်းလာတာ။ မြန်လိုက်တာလို့ သူတွေးတုန်းရှိသေး "လမ်းချော်ပြီဟ"ဆိုတဲ့ ကားစပယ်ယာအသံနဲ့အတူ ဟွန်းသံအကျယ်ကြီးနဲ့ ကားက ချောက်ထဲထိုးဆင်းသွားတာပဲ။ အလန့်တကြားအော်သံတွေနဲ့အတူ သူစိတ်ထဲသွားပြီလို့တွေးရင်း အဖေနဲ့အမေကို သတိရလိုက်မိတာ။

"ဟာ ဒါဆို ငါကသေပြီလား"

ဖတ်ဖူးတဲ့၊ ကြည့်ဖူးခဲ့တဲ့ဇာတ်လမ်းတွေလို သူသေလို့ ဝိညာဉ်က ဒီကိုရောက်လာတာပေါ့။ ဟုတ်လောက်တယ်။ အဲဒါကြောင့် ခုနက သူ့ကို မမြင်ကြ၊ မကြားကြတာ။ ညိုမီပဲ သူ့ဝိညာဉ်ကိုမြင်တာပေါ့။ အတွေးဆုံးတော့ သူ့ရင်ထဲ နေဆယ်စင်းရဲ့အပူထက် သာမယ်ထင်ရဲ့။ ပူလောင်ချောက်ချားပြီး အမေ့ကိုပြန်ကြည့်မိတော့ အမေ့ခမျာ အဖေမမြင်အောင် မျက်ရည်တွေ ခိုးခိုးသုတ်နေရှာတယ်။ အဖေကလဲ အမေ့ကိုသာ ဆူလိုက်ပေမဲ့ မျက်နှာမကောင်းဘူး။ အမေမကြားအောင် သက်ပြင်းတွေခိုးခိုးချနေတာ သူတွေ့တယ်။ အခုမှ သေချာကြည့်မိတယ်။ အဖေနဲ့ အမေ သူမသွားခင်ကထက် ပိုအိုစာသွားကြပြီပဲ။ အဖေလဲပိန်နေပြီ။ အမေလဲ ဆံပင်တွေဖြူလို့။ သုံးနှစ်ဆိုတဲ့အချိန်က မိဘတွေကို အဲဒီလောက်တောင် အိုစာစေခဲ့သလား၊ သူ့ကြောင့်ပဲ စိတ်ဆင်းရဲလို့ ပိုအိုစာနေကြသလားလို့တွေးမိတော့ သူ ငိုချင်လိုက်တာ။ ဟင့်အင်း။ သူမသေချင်သေးဘူး။ မသေပါရစေနဲ့အုံး။ သူသာ အခုနေသေသွားရင် အမေနဲ့အဖေ ဘယ်လောက်တောင်ခံစားကြရမလဲ။ သူလဲ သားသမီးတာဝန်တွေ တစ်ခုမှမကျေပွန်ခဲ့သေးဘူးလေ။ ပေတေလေလွင့်နေခဲ့တာလေ။ မသေချင်သေးဘူး။ မသေချင်သေးဘူး။ သူသေလို့မဖြစ်သေးဘူး။ သူ့အမှားတွေအတွက် ပြန်ပေးဆပ်ခွင့်ပေးပါအုံး။ အဖေနဲ့ အမေ့နား နေပါရစေအုံး။ သူ့ကိုအချိန်ပေးပါအုံး။ ဘယ်မှာလဲ။ ဘယ်မှာလဲဟင်။ သူ့ကိုလာခေါ်တဲ့သေမင်း။ ဇာတ်လမ်းတွေထဲကလို သူတောင်းပန်ပြီး အသက်ရှင်ဖို့အချိန်ပေးပါအုံးလို့ တောင်းဆိုချင်လို့ပါ။ ဒါမှမဟုတ် သူ့ခန္ဓာကိုယ်ရှိတဲ့နေရာပြန်သွားပြီး သူ့ဝိညာဉ်ကို ပြန်ပူးရမှာလား။ အဲဒါဆို ဇာတ်လမ်းတွေထဲကလို သူပြန်ရှင်လာမှာပေါ့နော်။ ဟုတ်တယ် ဟုတ်တယ်။ သူ ကားမှောက်ခဲ့တဲ့နေရာကို အချိန်မီပြန်သွားရမယ်။

(၄)

သူအိမ်ထဲကနေ ထွက်လာပြီးပြေးတယ်။ ကားလမ်းအတိုင်းပြေးတယ်။ သူ့ခန္ဓာကိုယ်ဟာ ပေါ့ပါးလို့ပဲ။ မြေကြီးနဲ့ သူ့ခြေထောက်တောင် တစ်ခါတလေ မထိဘူးထင်ပါရဲ့။ သူ့ကိုသေပြီဆိုပြီး မသတ်မှတ်ကြခင် သူအမြန်သွားမှဖြစ်မှာ။ ခုနက သည်းနေတဲ့ မိုးကလဲ အခုတော့တိတ်သွားပြီ။ ကားတွေ၊ လူတွေ သူ့ကိုဝင်တိုးကြတာလား။ သူကတိုးမိတာလားမသိတော့ဘူး။ သူလဲ ဘယ်လိုမှမနေဘူး။ သူတို့လဲ ဘာမှမဖြစ်သလိုပဲ။ ဩော်. . . ဟုတ်သားပဲ။ သူက ဝိညာဉ်ပါဆို။ အဲဒါတွေနဲ့ ဘယ်ထိမိပါ့မလဲ။ အဟား ကောင်းလိုက်တာ။ ဘာကိုမှရှောင်စရာမလိုတော့ဘူး။ သူ့အမြန်ပြေးဖို့ပဲ လိုတော့တယ်။ အမေရေ သားမသေဘူးနော်။ သားခန္ဓာကိုယ်ထဲပြန်ဝင်ပြီးရင် သားက အခုသိနေသလို ဘာမှမသိတော့ဘူး။ သားသတိပြန်ရလာတဲ့အခါ အမေနဲ့ အဖေက သားအနားမှာ သားရဲ့လက်ကိုကိုင်ပြီး "သားလေးသတိရလာပြီလား"ဆိုကာ ဝမ်းသာနေကြမှာ မဟုတ်လား။ သားကလဲ နောင်တတွေရနေပြီမို့ အဖေတို့ကိုမြင်ရင် သားမသေသေးဘူးဆိုတာသိပြီး ပျော်မှာပါဗျ။ ဇာတ်လမ်းတွေထဲကလို ဖက်ငိုကြမယ်လေ။ ဒါမှမဟုတ် ဝမ်းသာတဲ့မျက်ရည်တွေနဲ့ သားတို့ပျော်နေကြမှာပါ။

ဟော တွေ့ပြီ။ သူစီးလာတဲ့ ကားကြီး။ အခုတော့ အကောင်းအတိုင်းပဲ။ သူကော၊ သူ့ခန္ဓာကိုယ်ကော ဘယ်မှာလဲ။ ဟာ ဟိုမှာ ဟိုမှာ။ ထိုင်ခုံပေါ်မှာ သူက ဇက်ကြီးလန်လို့ပဲ။ မသိရင် အိပ်နေတဲ့အတိုင်း။ သူ့ကို လူတစ်ယောက်က အတင်းလှုပ်ခေါ်နေတာ။ သူ့ကိုသေပြီထင်နေတာနေမှာ။ ဩော်. . . ကားဆရာပဲ။ ကားဆရာက ဘာမှမဖြစ်ဘူးထင်ပါရဲ့။ လာပြီဗျို့ လာပြီ။ သူ့ဝိညာဉ် ခန္ဓာကိုယ်ထဲပြန်ဝင်ပြီ။ ကဲ. . .။

"ဟေ့လူ ဟေ့လူ"

စာမျက်နှာ ၂၅သို့ ➤

# မုံရွာခရိုင်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၁၀၂၈၄ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၁၀၂၈၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပြောင်း ၃၉၃၃၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၂၈၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

" မုံရွာခရိုင်အတွင်း ဒီနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ ပြောင်း ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ ပြောင်းစိုက်ပျိုးမှုက တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးလာကြပါတယ်။ ပြောင်းသီးနှံ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်အတွင်း မြို့နယ်အလိုက် ပြောင်းသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် နံ့စားပြောင်း ၅၀၁၂ ဧက၊ အစေ့ထုတ်ပြောင်း ၁၅၄၄ ဧက၊ ဖူးစားပြောင်း ၂၃၇ ဧက၊ ဘုတလင်မြို့နယ်တွင် နံ့စားပြောင်း ၅၅၅ ဧက၊ ချောင်းဦးမြို့နယ်တွင် နံ့စားပြောင်း ၂၇၃၂ ဧက၊ အစေ့ထုတ်ပြောင်း ၅၁ ဧက၊ ဖူးစားပြောင်း ၁၅၃ ဧက စုစုပေါင်း ပြောင်း ၁၀၂၈၄ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် မုံရွာခရိုင်တွင် ပြောင်းစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် နံ့စားပြောင်း ၁၂၆၃၃ ဧက၊ အစေ့ထုတ်ပြောင်း ၁၈၀၄ ဧက၊ ဖူးစားပြောင်း ၂၃၅ ဧက၊ ဘုတလင်မြို့နယ်တွင် နံ့စားပြောင်း ဧက ၁၀၀၆၀၊ အရာတော်မြို့နယ်တွင် နံ့စားပြောင်း ၈၃၁၄ ဧက၊ ချောင်းဦးမြို့နယ်တွင် နံ့စားပြောင်း ၅၂၉၆ ဧက၊ အစေ့ထုတ်ပြောင်း ၃၁ ဧက၊ ဖူးစားပြောင်း ၉၆၄ ဧက စုစုပေါင်း ၃၉၃၃၇ ဧကဖြစ်ကြောင်းသိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် ပြောင်းစိုက်ပျိုးသူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်းတောင်ပိုး ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌လည်း မုံရွာခရိုင်တွင် ပြောင်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၀၉၆ ဧက၊ ဖူးစားပြောင်း ၇၉၃၃ ဧက၊ ဘုတလင်မြို့နယ်တွင် ဖူးစားပြောင်း ၂၉၄၂ ဧက၊ အရာတော်မြို့နယ်တွင် ဖူးစားပြောင်း ၄၅၂၆ ဧကနှင့် ချောင်းဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၆၉ ဧက၊ ဖူးစားပြောင်း ၃၂၂၇ ဧက စုစုပေါင်း ၁၉၇၉၃ ဧကဖြစ်ကြောင်း သိရသည်။

(၂၀၆)

# မိုးကောင်းမြို့နယ် သိုက်ဝါးကုန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးကောင်း ဩဂုတ် ၁၆**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)စတင်ဆောင်ရွက်ခဲ့သည့် သိုက်ဝါးကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေ စတုတ္ထအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ရခြင်းရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ အကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၃၆၅ သိန်း လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက သိုက်ဝါးကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၄၀၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၃ ဦးကို စတုတ္ထအကြိမ်အဖြစ် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် ၃၆၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူဝင်းထံမှ သိရသည်။

**ချမ်းဦးကို**

➤ စာမျက်နှာ ၂၄မှအဆက်

(၅)

"ဟင် အင်း"

တစ်စုံတစ်ယောက်က သူ့ကိုအတင်းဆွဲကိုင်လှုပ်နေတာနဲ့ ပြန်ထူးရင်းက မင်းမင်းမျက်လုံးဖွင့်ကြည့်လိုက်မိတယ်။ ဟင် ခုနကကားဆရာပဲ။ သူလဲဆေးရုံမှာမဟုတ်ပါလား။

"ဟာဗျာ နိုးလိုက်ရတာဗျာ။ ခင်ဗျားကလဲ အိပ်နေတာများ ကာလနဂါးသေလို့ဝင်စားသလားအောက်မေ့ရတယ်။ အိပ်မက်တွေလဲ မက်နေတယ် ထင်ပါရဲ့။ မျက်ရည်တွေလဲကျလို့"

ကားဆရာအပြောကြောင့် သူ့ပါးပြင်ကို စမ်းလိုက်မိတော့ ဟုတ်ပါရဲ့။ မျက်ရည်တွေရွှဲလို့။ သူမရှက်အားပါဘူး။ သူသိချင်တာကို အရင်ဆုံး မေးလိုက်မိတယ်။

"ကျွန်တော် မသေသေးဘူးပေါ့နော်။ ဒီကားက ချောက်ထဲကျသွားတာ မဟုတ်ဘူးလား။ အစ်ကို ကျွန်တော့်ကိုမြင်တယ်မဟုတ်လား။ ကျွန်တော်ပြောတာကော ကြားလား"

"ဟာ ဒီလူ ဘာတွေပြောနေတာလဲဗျ။ လမ်းမှာ မိုးသည်းလို့ ကားက လမ်းချော်သလိုဖြစ်သွားတာပါဗျ။ အေးဆေးပါ။ ဒီလမ်းတွေ ကျုပ်က ကျွမ်းပြီးသား။ မျက်စိမှိတ်မောင်းတောင်ရတယ်။ ကျုပ်တို့ဂိတ်ရောက်လို့ ခရီးသည်တွေအကုန်ဆင်းကုန်ပြီ။ သွားကြပြီ။ ကျုပ်ကားပေါ်တက်ကြည့်တော့ ခင်ဗျားအိပ်ပျော်နေတာတွေ့လို့ နိုးနေရတာ။ အကြာကြီးဗျာ။ အိပ်လဲအိပ်နိုင်တဲ့လူ။ ကျုပ်ဖြင့် ကားစီးရင်း တစ်ခုခုဖြစ်ပြီးသေနေတာလားလို့တောင် ထင်မိသေး။ သွေးခုန်နေလို့သာပေါ့။ ဟူး. . . ခင်ဗျားကိုနိုးရတာ မောလိုက်တာ"

ကားဆရာစကားကြားပြီး သူဝမ်းသာသွားတယ်။ အိပ်မက်လား၊ တကယ်လား စဉ်းစားမနေတော့ဘူး။ သူမသေတာသေချာပြီမို့ သိပ်ပျော်တာပဲ။

"ဟေး ငါမသေဘူးကွ။ အစ်ကိုရေ ကျေးဇူးတင်တယ်ဗျာ"

သူဝမ်းသာအားရထခုန်ပြီး အော်ပြောရင်း ကားဆရာကို ဖက်လိုက်တယ်။ ပြီးတော့ ကားဆရာရဲ့လက်ကိုဆွဲပြီး နှုတ်ဆက်လိုက်မိတယ်။

"ဟော့လူ ရပါတယ်ဗျ"

အူကြောင်ကြောင်ဖြစ်သွားရှာတဲ့ ကားဆရာက အလိုက်သင့်လက်ဆွဲနှုတ်ဆက်ရင်း သူ့ကိုပြောတယ်။ သုံးဆယ့်နှစ်ချောင်းသောသွားတွေအကုန်ပေါ်မတတ် သူရယ်ပြလိုက်ရင်း သူ့ကျောပိုးအိတ်လေးဆွဲပြီး ကားပေါ်ကပြေးဆင်းလိုက်တယ်။

"အမေရေ သားလာပြီဗျို့။ အဖေရေ သားမသေဘူးဗျ။ သား အသက်ရှင်ပြီ။ အသက်ရှင်လျက် သားပြန်လာပြီ အဖေနဲ့အမေရေ"

သူစိတ်ထဲက ဝမ်းသာအားရအော်ဟစ်ရင်းနဲ့ အမေ့အိမ်ရှိရာအရပ်ဆီ အပြေးလှမ်းခဲ့မိတယ်။ ဒါပေမဲ့ ဒီတစ်ခါတော့ ခုနကလို ကားလမ်းပေါ် မပြေးရဲတော့ဘူးဗျို့။ ကားတွေဝင်တိုက်ရင် တကယ်သေမှာ။ လမ်းဘေးပလက်ဖောင်းပေါ်ကပဲ လူတွေကိုရှောင်ပြီး အပြေးနှင်နေမိတယ်။ သူ့ကိုမြင်ရင် အဖေနဲ့အမေ ဘယ်လောက်တောင်ပျော်သွားကြမလဲဆိုတာ တွေးသာကြည့်ကြပါတော့ဗျာ။

# အေးချမ်းပါစေ တို့ဌာနေ

\- ဘေးဘယာ ရှောင်ကာဝေးလို့
အေးချမ်းစေကြောင်း တောင်းဆုခြွေ၊
အမုန်းဖယ်ခွာ စေတနာရင်းနဲ့
ရိုင်းပင်းကြစေ၊
ပွင့်သောပန်းတိုင်း သင်းပျံ့ဝေ
ကပ်ကျော်စေ ရန်စွယ်ကင်း၊
သွေးချင်းတွေ လက်ကိုတွဲမယ်
မြဲသောစိတ်ရင်း။

\- တူညီညာ သွေးချင်းများတို့
ကူညီရင်း ရှေ့ဆက်မယ်၊
ဖေးမကာ အပြုံးသဘောနဲ့
လောကအလယ်၊
အမျိုးကောင်းကျိုး ထမ်းရွက်သယ်
ရပ်ရွာနယ် တစ်ပြည်လုံး၊
အေးချမ်းစွာ ယှက်ဖြာကူးလို့
ကြည်နူးမဆုံး။

\- မေတ္တာပန်းတွေ သီကာကုံး
အပြုံးပန်းတို့ ပွင့်ဝေဆာ၊
ကိုယ့်တာဝန် ကိုယ်ယူကြကာဖြင့်
အေးမြစေမှာ၊
လောကခရီး ဖြောင့်တန်းစွာ
စေတနာ ရင်ဝယ်ထား၊
ရန်ငြိုးပြေ ဘယာဝေးလို့
အေးချမ်းစေသား။ ။

**ညီသုခ(အညာမြေ)**

# မြဝတီမြို့နယ် နို့ဖားဒို့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဩဂုတ် ၁၆**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေ တိုးပွားစေရန် ရည်ရွယ်၍ ပူလွဲပူကျေးရွာအုပ်စု နို့ဖားဒို့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ နို့ဖားဒို့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့်ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲအောင် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ နို့ဖားဒို့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူဦးရေ ၆၀ ကို စီမံကိန်းရန်ပုံငွေကျပ်သိန်း ၅၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဘိုဘို**

# စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနီးကပ်လာသော အိန္ဒိယနှင့် သီရိလင်္ကာ



သီရိလင်္ကာသမ္မတ ရာနေးဝစ်ကရာမာဆင်းဂါးသည် အပြန်အလှန်ကုန်သွယ်မှု ချိတ်ဆက်နိုင်ရေးအတွက် မကြာသေးမီက အိန္ဒိယနိုင်ငံသို့ချစ်ကြည်ရေးခရီးသွား ရောက်ခဲ့သည်။ အိန္ဒိယနိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံနှင့် မိတ်ဖက်ဆက်ဆံရေးအသစ်စတင်ခဲ့ပြီးနောက် သမ္မတရာနေး၏ခရီးစဉ်သည် ဒုတိယမြောက်ခြေလှမ်းပင်ဖြစ်သည်။ စီးပွားရေးဆိုင်ရာနီးစပ်သောပူးပေါင်းဆောင်ရွက်မှုသည် ထောက်ပံ့ရေးကွင်းဆက်ခိုင်မာအားကောင်းခြင်း၊ အားလုံးအကျုံးဝင်သော လွတ်လပ်သည့် ကုန်သွယ်မှုသဘောတူညီချက်နှင့် ဗဟိုဘဏ်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလိုအပ်လျက်ရှိသည်။

ဇူလိုင် ၂၁ ရက်တွင် ခေါင်းဆောင်နှစ်ဦးကြား တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် အပြန်အလှန် စီးပွားရေးဆက်ဆံမှု၏ စီးပွားရေးဆိုင်ရာ လိုအပ်ချက်များကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပူးတွဲကြေညာချက်ထုတ်ပြန်ခဲ့သည်။ အတိတ်က သီရိလင်္ကာတွင် တရုတ်နိုင်ငံ၏ အခန်းကဏ္ဍအပေါ် အိန္ဒိယ၏စိုးရိမ်ပူပန်မှု၊ ငါးဖမ်းလုပ်ငန်းများနှင့်စပ်လျဉ်းပြီး အငြင်းပွားမှုများနှင့် မျိုးနွယ်စုများ ပြန်လည်စည်းရုံးရေးဆိုင်ရာဖြေရှင်းနိုင်ခြင်းမရှိသော ပြဿနာများသည် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို ပြန်လည်လုပ်ဆောင်လာစေနိုင်ခဲ့သည်။ မည်သို့ပင်ဆိုစေ ၂၀၂၂ ခုနှစ် ဧပြီလတွင် သီရိလင်္ကာ၌ နိုင်ငံခြားကြွေးမြီပြန်လည်ပေးဆပ်နိုင်စွမ်းမရှိသည့်အချိန်တွင် အိန္ဒိယသည် သီရိလင်္ကာကို အမေရိကန်ဒေါ်လာ လေးဘီလီယံပံ့ပိုးကူညီခဲ့သည်။

ယခုအကြိမ်သည် အစိုးရအချင်းချင်း ချိတ်ဆက်ဆောင်ရွက်သွားမည့် အစီအမံတစ်ခုတည်းတော့ မဟုတ်ချေ။ နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးသည် အိန္ဒိယ၏ ပုဂ္ဂလိကကဏ္ဍမှရင်းနှီးမြှုပ်နှံမှုများကို အားပေးနိုင်သည့်အပြင် သီရိလင်္ကာကုမ္ပဏီများနှင့်ပူးတွဲရင်းနှီးမြှုပ်နှံမှုများကိုလည်း လုပ်ဆောင်လာစေနိုင်သည်။ အုပ်ချုပ်ထောက်ပံ့မှု၊ စွမ်းအင်နှင့်ခရီးသွားလုပ်ငန်း စသည့်နယ်ပယ်သုံးခုသည် မိတ်ဖက်ဆက်ဆံရေး၏ အဓိကအလေးထားမှုများပင်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် ဒေသတွင်းအုပ်ချုပ်ထောက်ပံ့မှုလုပ်ငန်းများ အဆင့်မြှင့်တင်ခြင်း၊ ကိုလံဘို၊ ထရင်ကိုမာလီနှင့် ကန်ကက်ဆန်သူရာရှိဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ခြင်း၊ အိန္ဒိယနှင့်သီရိလင်္ကာဆိပ်ကမ်းများကြား ကူးတို့ဝန်ဆောင်မှုများပေးခြင်းနှင့် နှစ်နိုင်ငံကြား လေကြောင်းဆက်သွယ်မှုများ တိုးမြှင့်ခြင်းတို့ပါဝင်သည်။ အဆိုပါလုပ်ငန်းများသည် စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများဖြစ်ပြီး နှစ်နိုင်ငံပြည်သူများကြား ချိတ်ဆက်မှုကိုလည်း လုပ်ဆောင်နိုင်မည်ဖြစ်သည်။

နှစ်နိုင်ငံစွမ်းအင်လုပ်ငန်းသည် များစွာအရေးပါလျက်ရှိသည်။ အဆိုပြုလုပ်ငန်းများတွင်ပါဝင်သော အရေးပါဆုံးစီမံကိန်းများသည် အိန္ဒိယမှသီရိလင်္ကာသို့ ရေနံပိုက်လိုင်းတည်ဆောက်ခြင်းနှင့် နှစ်နိုင်ငံကြား လျှပ်စစ်ဓာတ်အားလိုင်းများ ချိတ်ဆက်ခြင်းတို့ပါဝင်သည်။ အိန္ဒိယသည် ဘင်္ဂလားဒေ့ရှ်၊ နီပေါနိုင်ငံတို့နှင့် ရေနံပိုက်လိုင်းများ၊ လျှပ်စစ်ဓာတ်အားလိုင်းများ ချိတ်ဆက်ထားပြီးဖြစ်သည့်အတွက် သီရိလင်္ကာနှင့်ချိတ်ဆက်ရာတွင် နမူနာယူလုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။ အိန္ဒိယသည် ရေနံတင်သွင်းသောနိုင်ငံဖြစ်သည့်တိုင်အောင် ကမ္ဘာ့အဆင့်မီရေနံချက်စက်ရုံများရှိသည့်အတွက် စက်မှုလုပ်ငန်းတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

သီရိလင်္ကာမှအိန္ဒိယသို့ ချိတ်ဆက်သောရေနံပိုက်လိုင်းသည် သီရိလင်္ကာကို ချိုသာသောဈေးနှုန်းဖြင့် လောင်စာဆီထောက်ပံ့ပေးနိုင်မည်ဖြစ်သည်။ ၂၀၂၂ ခုနှစ်အတွင်း ကြုံတွေ့ခဲ့ရသည့် နိုင်ငံခြားငွေကြေးမရှိသည့်အတွက် လောင်စာဆီပြတ်လပ်မှုဖြစ်စဉ်မျိုးကို လျှော့ချသွားနိုင်မည်ဖြစ်သည်။ အိန္ဒိယမှဝယ်ယူသောရေနံကို အိန္ဒိယရူပီးဖြင့်ပေးချေနိုင်မည်ဆိုလျှင် ငွေကြေးလဲလှယ်မှုကုန်ကျစရိတ်သက်သာစေပြီး ကုန်သွယ်မှုလည်းအဆင်ပြေချောမွေ့စေမည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အားလိုင်းများ ချိတ်ဆက်တည်ဆောက်ပေးခြင်းသည် လျှပ်စစ်ဓာတ်အားပိုမိုတိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။ အိန္ဒိယ၏လျှပ်စစ်သည် ကမ္ဘာပေါ်တွင် ဈေးအချိုဆုံးပင်ဖြစ်သည်။ အကြောင်းမှုကား ဒေသတွင်းမှ ကျောက်မီးသွေးနှင့်နည်းပညာတို့ကို အသုံးပြုထုတ်လုပ်သောကြောင့်ပင်ဖြစ်သည်။ ဈေးနှုန်းချိုသာသော အိန္ဒိယ၏ လျှပ်စစ်စွမ်းအားသည် သီရိလင်္ကာနိုင်ငံကို ဓာတ်အားပြတ်တောက်မှုကိုကျော်လွှားနိုင်စေမည့်အပြင် ကိုယ်ပိုင်လေစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချမှုအလားအလာကိုလည်း မြှင့်တက်လာစေမည်ဖြစ်သည်။

သီရိလင်္ကာသည် အိန္ဒိယ၏ ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံဆိုင်ရာနည်းပညာများရရှိရေးအတွက်လည်း ကြိုးပမ်းလျက်ရှိပြီး ၎င်းနည်းပညာသည် အစိုးရ၏ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုလုပ်ငန်းများကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။ နှစ်နိုင်ငံ ကုန်သွယ်မှုတွင် အိန္ဒိယ၏ရူပီးငွေဖြင့် ပေးချေနိုင်မည့်အပြင် အသေးစားစီးပွားရေးလုပ်ငန်းများနှင့် သီရိလင်္ကာရှိ ခရီးသွားဧည့်သည်များကိုလည်း အိန္ဒိယ၏ငွေပေးချေမှုစနစ်များ အသုံးပြုနိုင်မည်ဖြစ်သည်။

နှစ်နိုင်ငံကုန်သွယ်မှုကိုစတင်နေပြီဖြစ်သော်လည်း သီရိလင်္ကာသည် အိန္ဒိယ၏ စွမ်းအင်အရောင်းကွင်းဆက်မှုဘောင်အတွင်း ဦးစွာပေါင်းစည်းဆောင်ရွက်သွားရန် လိုအပ်သည်။ တောင်အာရှနိုင်ငံများသည် တရုတ်နိုင်ငံထက် လုပ်ခလစာနည်းပါးလျက်ရှိသော်လည်း တရုတ်နိုင်ငံကဲ့သို့ပင် တောင်အာရှစီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် လိုက်လျောညီထွေရှိပြီး အသေးစားအမှာစာများကိုလည်း ဖြည့်ဆည်းပေးရန် ဆန္ဒရှိနေသည်။ လက်ရှိအချိန်တွင် တောင်အာရှနိုင်ငံများအနေဖြင့် လွတ်လပ်သောကုန်သွယ်မှုပိုမိုဖော်ဆောင်ခြင်း၊ ဒေသတွင်းကုန်သွယ်မှုနှင့် ပို့ဆောင်ဆက်သွယ်ရေး ဆက်နွယ်သောအခြေခံအဆောက်အအုံများ တိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် နယ်စပ်ကုန်သွယ်မှုလုပ်ထုံးလုပ်နည်းများအဆင်ပြေချောမွေ့အောင် ဆောင်ရွက်ခြင်းအားဖြင့် စီးပွားရေးတိုးတက်မှုကို အဟန့်အတားဖြစ်နေသော ကုန်သွယ်မှုကုန်ကျစရိတ်များကို လျှော့ချသွားရန် လိုအပ်သည်။ ပြုပြင်ပြောင်းလဲမှုများစတင်ဖော်ဆောင်သည်နှင့် တောင်အာရှဒေသအနေဖြင့် ကောင်းမွန်သော စွမ်းအင်ထောက်ပံ့ရေးကွင်းဆက်နှင့်အတူ ဒေသဆိုင်ရာ စက်မှုလုပ်ငန်းများ၊ ပြည်ပပို့ကုန်တင်ပို့ရေးဇုန်များ တိုးတက်လာအောင် ဖော်ဆောင်သွားနိုင်မည်ဖြစ်သည်။

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လုပ်ဆောင်နေသော သီရိလင်္ကာကုမ္ပဏီကြီးများသည် အိန္ဒိယတောင်ပိုင်းပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်သွားသင့်ပေသည်။ Brandix အနေဖြင့် အထည်အလိပ်တွင်လည်းကောင်း၊ Dilmah အနေဖြင့် လက်ဖက်နှင့် ခရီးသွားလုပ်ငန်းတွင်လည်းကောင်း၊ John Keels Holdings အနေဖြင့် အစားအသောက်ထုတ်လုပ်မှုနှင့် ခရီးသွားလုပ်ငန်းများတွင်လည်းကောင်း ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်သွားသင့်ပေသည်။ အိန္ဒိယနှင့် သီရိလင်္ကာတို့အနေဖြင့် ဈေးကွက်မှသည် ရင်းနှီးမြှုပ်နှံသူများတိုးတက်အောင် ဆောင်ရွက်ခြင်း၊ FDI စီးဝင်စေမည့်လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်းနှင့် ဗဟိုချုပ်ကိုင်မှုနည်းလမ်းများ လျှော့ချခြင်းအားဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာအောင် ဆောင်ရွက်သွားသင့်ပေသည်။

ဒေသဆိုင်ရာစည်းမျဉ်းစည်းကမ်းအခြေခံသော ကုန်သွယ်မှုနှင့် FDI စီးဝင်မှုမြှင့်တင်ရေး စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ဆိုင်ရာဆွေးနွေးပွဲများ စောစီးစွာပြန်လည်ပြုလုပ်ခြင်းသည်လည်း များစွာအရေးပါလျက်ရှိသည်။ ၂၁ ရာစု ကုန်သွယ်မှုစည်းမျဉ်းစည်းကမ်းများချမှတ်လျက် ထောက်ပံ့ရေးကွင်းဆက်များနှင့် ကုန်သွယ်မှုမှတစ်ဆင့် နက်ရှိုင်းသောပူးပေါင်းဆောင်ရွက်မှု အဆင်ပြေချောမွေ့စေရန် စံနှုန်းမြင့်မားသောကုန်သွယ်မှုစာချုပ်များ ချုပ်ဆိုနိုင်ရေးရည်မှန်းဆောင်ရွက်သွားသင့်ပေသည်။

လက်ရှိအချိန်တွင် နှစ်နိုင်ငံစလုံးအနေဖြင့် ဖြေလျှော့မှုများ လုပ်ဆောင်နေပြီဖြစ်သည့်အတွက် ကုန်သွယ်မှုအဆင်ပြေချောမွေ့စေသောအစီအမံများမှ အောင်မြင်မှုများပိုမိုရရှိလျက်ရှိသည်။ အဆိုပါ အစီအမံများတွင် ပို့ဆောင်ရေးနှင့်အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ၊ အဆိုပြုထားသော လမ်း၊ တံတားနှင့် အုပ်ချုပ်ထောက်ပံ့မှုများအပြင် လုပ်ထုံးလုပ်နည်းဆိုင်ရာ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ခြင်းတို့ပါဝင်သည်။ အိန္ဒိယနှင့်သီရိလင်္ကာတို့၏ စီးပွားရေးတောင့်တင်းခိုင်မာမှုကြား အချိုးမညီမျှမှုသည် သီရိလင်္ကာရှိ အသေးစားကုမ္ပဏီများ ဆုံးရှုံးမှုဖြစ်ပေါ်ရာမှ ဒေသခံများ၏ တုံ့ပြန်မှုကိုတားဆီးနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများလုပ်ဆောင်သွားသင့်ပေသည်။ ဗဟိုဘဏ်များပူးပေါင်းဆောင်ရွက်ခြင်းသည်လည်း အရေးပါလျက်ရှိသည်။ အိန္ဒိယနှင့် သီရိလင်္ကာတို့၏ ဗဟိုဘဏ်တာဝန်ရှိသူများကြား မကြာခဏ တွေ့ဆုံဆွေးနွေးမှုနှင့် စီးပွားရေးအကျပ်အတည်းများအတွက် ကြိုတင်သတိပေးမှုများလုပ်ဆောင်သွားရန်လည်း လိုအပ်သည်။

အခြားနယ်ပယ်တစ်ခုမှာ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၏စွမ်းဆောင်ရည်တည်ဆောက်မှုအစီအစဉ် အဆင့်မြှင့်တင်သွားခြင်းဖြစ်သည်။ တောင်အာရှဒေသတွင် စီးပွားရေးစွမ်းဆောင်ရည်တည်ဆောက်ရေးအတွက် IMF သင်တန်းနှင့် နည်းပညာအထောက်အကူပေးရေးစင်တာသည် နယူးဒေလီတွင် တည်ရှိသည်။ ၎င်းစင်တာသည် အိန္ဒိယ၏ ထောက်ပံ့ကူညီမှုဖြင့် အသေးစားစီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ တည်ငြိမ်မှုအတွက် ထောက်ပံ့ကူညီမှုများတိုးချဲ့ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။ အဆိုပါယန္တရားများသည် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုအတွက် များစွာအခရာကျလျက်ရှိသည်။ မည်သို့ပင်ဆိုစေ မိုဒီနှင့် ရာနေးတို့၏ ဆွေးနွေးမှုများသည် နှစ်နိုင်ငံအစိုးရများ၏အားပေးမှုဖြင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ နီးကပ်စွာဆောင်ရွက်မှုကိုအခြေခံလျက် အိန္ဒိယနှင့် သီရိလင်္ကာတို့အား လားရာသစ်တစ်ခုအတွက် အုတ်မြစ်တစ်ရပ်ချမှတ်နိုင်ခဲ့သည်။

**ကိုးကား**

- **India and Sri Lanka creating closer economic ties by Asia Times.**

**ဝင်းဇင်(သုတေသန)**

❖ လက်ရှိအချိန်တွင် နှစ်နိုင်ငံစလုံးအနေဖြင့် ဖြေလျှော့မှုများ လုပ်ဆောင်နေပြီဖြစ်သည့်အတွက် ကုန်သွယ်မှုအဆင်ပြေချောမွေ့စေသော အစီအမံများမှ အောင်မြင်မှုများပိုမိုရရှိလျက်ရှိသည်။ အဆိုပါ အစီအမံများတွင် ပို့ဆောင်ရေးနှင့်အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ၊ အဆိုပြုထားသော လမ်း၊ တံတားနှင့် အုပ်ချုပ်ထောက်ပံ့မှုများအပြင် လုပ်ထုံးလုပ်နည်းဆိုင်ရာ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ခြင်းတို့ပါဝင်သည်။ ❖

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲ ၅၁၅၉၉ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲ ၅၁၅၉၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် မိုးမြေပဲ ၅၁၄၁၉ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၁၅၉၉ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်အတွင်း ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးမြေပဲ ဧက ၅၁၄၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာတော့ မိုးမြေပဲဧက ၅၁၅၀၀ ကျော်စိုက်ပျိုးနိုင်လို့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မိုးမြေပဲ စိုက်ပျိုးရာမှာ တစ်ဧကကို မြေပဲ ၂၄ ပြည် စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခတွေနဲ့ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးတွေ အပါအဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိပါတယ်။ မြေပဲဟာ ဆီထွက်သီးနှံအနေနဲ့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးမျိုးဇော်က ပြောပြသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက ကန့်ဘလူမြို့နယ်တွင် မိုးမြေပဲစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် မေလမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၅၁၅၉၉ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် မိုးမြေပဲ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် ဆောင်းမြေပဲ ၉၅၂၆၈ ဧက စိုက်ပျိုးရန်လျာထားကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# တန့်ယန်းမြို့နယ် နမ့်စီစိမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တန့်ယန်း ဩဂုတ် ၁၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း စတင်ဆောင်ရွက်မည့် နမ့်စီစိမ်ကျေးရွာ၌ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယ ဦးစီးမှူး ဒေါ်ဝေယုဇနခိုင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နမ့်စီစိမ်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်မည့်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၄ ဦးကို ပထမအကြိမ်အဖြစ် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝေယုဇနခိုင်က ပြောပြ၍ သိရသည်။

**နံ့လာ**

# ဘိုကလေးမြို့နယ်တွင် ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၂၅၀၀ ထိဈေးကောင်းရရှိလာ

**ဘိုကလေး ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် ငါးရှဉ့်တစ်ပိဿာလျှင်ငွေကျပ် ၁၂၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း ဘိုကလေးမြို့နယ်မှ ငါးရှဉ့်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်မိုးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ပြီးခဲ့သည့် ဇူလိုင်လက ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိ ဈေးသာရှိခဲ့ပြီး ဩဂုတ် ၁ ရက်မှ ယနေ့ထိ ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၂၅၀၀ ထိဈေးကောင်း ရရှိလာကြောင်း၊ အဆိုပါ ငါးရှဉ့်များ ဈေးကောင်းရရှိလာခြင်းသည် ဘိုကလေးမြို့နယ်မှ ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအား ကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ထွက်ငါးရှဉ့်တွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ အခုလို ငါးရှဉ့်ဈေးကောင်းရလာတော့ ငါးရှဉ့်လုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာတွေ့ရပါတယ်။ အခုလပထမပတ်လောက်ကတည်းက ငါးရှဉ့်တွေဝယ်ယူမှုအားကောင်းလာတာပါ။ အခုက အရင်ထက် တစ်ပိဿာကို ငွေကျပ် ၄၀၀၀ ထိ ဈေးပိုရရှိလာပါတယ်။ ရန်ကုန်ကတစ်ဆင့် ပြည်ပကိုငါးရှဉ့်တင်ပို့တဲ့လုပ်ငန်းတွေ ပြန်လည်လုပ်ကိုင်လာလို့ ငါးရှဉ့်ဝယ်ယူမှုအားကောင်းပြီး ဈေးကောင်းရရှိလာတာဖြစ်ပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ငါးရှဉ့်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်မိုးက ပြောပြသည်။



ဘိုကလေးမြို့နယ်တွင် မွေးမြူရေးငါးရှဉ့်နှင့် ဒေသခံများက ချောင်း၊ အိုင်၊ မြောင်းများ၊ လယ်ကွင်းများတွင်ပုံးများဖြင့် ထောင်ဖမ်း၍ သဘာဝအတိုင်းရှာဖွေဖမ်းဆီးသည့်ငါးရှဉ့်များထွက်ရှိကြောင်း၊ အဆိုပါ ဒေသထွက်ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှ တစ်ဆင့် ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ဘိုကလေးမြို့နယ်မှ ငါးရှဉ့်ရောင်းဝယ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

**ကျော်ကျော်လင်း**

# အောင်လံမြို့နယ် ရွှေပန်းတောလေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**အောင်လံ ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ရွှေပန်းတောလေးကျေးရွာ၌ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘိုမင်းနှင့် တာဝန်ရှိသူများက ရွှေပန်းတောလေး ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးဘိုမင်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရွှေပန်းတောလေးကျေးရွာ၌ လမ်းအရှည် ပေ ၂၃၈၀၊ အကျယ် ၂၄ ပေ၊ အမြင့် ရှစ်လက်မရှိ မြေနီခင်းခြင်းနှင့် အကျယ် ၁၈ ပေ၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၉၅ ဒသမ ၂၃၂ သန်းဖြင့် ကြယ်စင်ရိပ်ကုမ္ပဏီက ယခုနှစ် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၁၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ရွှေပန်းတောလေးကျေးရွာ အပါအဝင် ကျေးရွာ ၂၈ရွာရှိ အိမ်ခြေ ၄၇၂၀ မှ လူ ၂၀၄၉၄ ဦးတို့အတွက် ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေမည်ဖြစ်ကြောင်း အောင်လံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘိုမင်းက ပြောပြ၍ သိရသည်။

**ကိုလှိုင်**

# သရက်ချောင်းမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်း

**သရက်ချောင်း ဩဂုတ် ၁၆**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်ချောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမိုးထွေးဦးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းသူများ အနေဖြင့် သင်တန်းက သင်ကြားပို့ချပေးသော အတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ အသုံးချကာ မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သရက်ချောင်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမိုးထွေးဦးနှင့်တာဝန်ရှိသူများက သင်တန်းသူများကို သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ စက်ချုပ်သင်တန်းသို့ သရက်ချောင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် သင်တန်းနည်းပြများက ချုပ်ရိုး ၁၅ မျိုး၊ ပုဆိုးချုပ်နည်း၊ ထဘီချုပ်နည်း၊ အမျိုးသမီးဝတ်ရင်ဖုံးအင်္ကျီ၊ ရင်စေ့အင်္ကျီချုပ်နည်း စသည့်သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ဖြင့် ဇွန် ၁၅ ရက်မှ ယနေ့ထိ အခမဲ့ သင်ကြားပို့ချပေးခဲ့ကြောင်း သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က ပြောပြ၍ သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# မြန်မာ့ပန်းတမော့အနုပညာလက်ရာများ

ကိုကျော်စွာ(ကျိုက်ပီ)

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ယဉ်ကျေးမှုအထွန်းကားဆုံးနိုင်ငံတစ်နိုင်ငံဟု ဆိုကြသည်။ ထိုအဆိုသည်မှန်၏။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံအရပ်ရပ်တွင် မြန်မာတို့၏ယဉ်ကျေးမှုဆိုင်ရာ အနုပညာလက်ရာများနှင့် ပန်းဆယ်မျိုးဆိုင်ရာ အနုပညာလက်ရာများကို နေရာဒေသအနှံ့အပြားတွင် တွေ့မြင်နိုင်သောကြောင့်ဖြစ်သည်။ စာရေးသူသည် သမိုင်းသုတေသီတစ်ဦးမဟုတ်သော်လည်း မိမိနိုင်ငံရှိ အနုပညာလက်ရာများကို တန်ဖိုးထားမြတ်နိုးသူတစ်ဦးဖြစ်သည့်အလျောက် စာရေးသူသိမှတ်ထားသည်များနှင့် စာအုပ်စာတမ်းများတွင်ရှာဖွေထားသည်များကို ထုတ်နုတ်ကာ "မြန်မာမှုအနုပညာ ကျောက်ဆစ်လက်ရာများ"အကြောင်းကို လက်လှမ်းမီသလောက် ရေးသားတင်ပြခြင်းဖြစ်ပါသည်။

ကျောက်ဆစ်ပညာသည် တစ်နည်းအားဖြင့် ပန်းတမော့ပညာပင်ဖြစ်သည်။ ပန်းတမော့ဟူသည် ကျောက်သားကိုထုဆစ်သော ပညာရပ်ဖြစ်သည်။ ထို့ကြောင့် ကျောက်သားဖြင့် ထုဆစ်ခြင်းကြောင့် ကျောက်ဆစ်ပညာဟုပင်ခေါ်ကြဟန်တူသည်။

ပန်းဆယ်မျိုးပညာသည် အိန္ဒိယမှ မွန်တို့ဒေသသို့ စတင်ရောက်ရှိဟန်တူပါသည်။ ထိုမှတစ်ဆင့် သထုံမြို့ကို အနော်ရထာမင်းသိမ်းပိုက်ရာမှ ပိဋကတ်တော်များ၊ ရဟန်းပညာရှိများ၊ လူပညာရှိများနှင့်အတူ ပန်းဆယ်မျိုးအတတ်ပညာရှင်များ ပုဂံသို့ရောက်ရှိခဲ့သည်။ ပန်းဟူသောဝေါဟာရ၏အနက်မှာ ဖန်တီးခြင်းဖြစ်သည်။ တစ်နည်းဆိုသော် ပန်းဟူသည် အနုပညာလက်ရာတစ်ခုပေါ်ပေါက်လာရန် တွေးတောကြံစည်လုပ်ကိုင်ခြင်းဖြစ်သည်။ တချို့ကမူ ပန်းဟူသည်မှာ မွမ်းမံခြယ်သစီမံရသော သုခုမပညာရပ်ဟုလည်း တင်စားခေါ်ဝေါ်ကြသည်။

မြန်မာနိုင်ငံတွင် ရှေးယခင်က ကျောက်ဆစ်(ပန်းတမော့)အနုပညာလက်ရာပေါင်းမြောက်မြားစွာရှိသည်။ ထင်ရှားသောဒေသမှာ ပုဂံဒေသနှင့် ရခိုင်ဒေသတို့ဖြစ်သည်။ အခြားသောဒေသများတွင်လည်း ရှိပါသေးသည်။ ကျောက်ဆစ်(ပန်းတမော့)ပညာဆိုသည်မှာ ကျောက်များ၊ သဲကျောက်များနှင့် စကျင်ကျောက်များကို ဗုဒ္ဓရုပ်ပွားတော်များ၊ ဗုဒ္ဓဝင်ဖြစ်စဉ်များ၊ ပလ္လင်တော်များ၊ ခြင်္သေ့ရုပ်၊ ဘီလူးရုပ်များ၊ သပိတ်များ၊ ကျောက်လှေကားများ၊ ကျောက်စာများနှင့် အရုပ်သဏ္ဌာန်အမျိုးမျိုးပြုလုပ်ခြင်းပင်ဖြစ်သည်။ စာရေးသူ ယခုဖော်ပြမည့်ကျောက်ဆစ်လက်ရာများသည် မြန်မာနိုင်ငံအတွင်းရှိ စေတီပုထိုးများမှ ကျောက်ဆစ်လက်ရာများကို အလျဉ်းသင့်သလို ဖော်ပြသွားမည်ဖြစ်ပါသည်။

ကျောက်စာများသည်လည်း ပန်းတမော့(ကျောက်ဆစ်)ပညာရပ်တွင်ပါဝင်ကြောင်း အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်သည်။ မန္တလေးမြို့တွင်လည်း ကမ္ဘာ့အကြီးဆုံးဟုခေါ်ဆိုအပ်သော ကျောက်ဆစ်လက်ရာစာအုပ်ကြီးရှိသည်။ ထိုစာအုပ်ကြီး၏ ကုသိုလ်ရှင်မှာ ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးဖြစ်ပါသည်။ ထိုကျောက်ဆစ်လက်ရာ စာအုပ်ကြီးသည် မန္တလေးရှိ မဟာလောကမာရဇိန် ခေါ် ကုသိုလ်တော်ဘုရားဝင်းအတွင်း၌ တည်ရှိသည်။ ထိုကျောက်ဆစ် (ပန်းတမော့) လက်ရာ စာအုပ်ကြီးသည် ကမ္ဘာပေါ်တွင်အကြီးဆုံးဖြစ်သကဲ့သို့ အထင်ရှားဆုံးလည်းဖြစ်သည်။ ထိုစာအုပ်ကြီးရှိ စာရွက်တစ်ရွက်သည် အလျား ငါးပေ၊ အနံ သုံးပေရှိသည်။ ထုထည်အားဖြင့် ငါးလက်မ၊ ခြောက်လက်မရှိသည်။ စာရွက်ပေါင်း ၇၃၀ ရှိပြီး စာမျက်နှာပေါင်း ၁၄၆၀ ရှိသည်။ ၎င်းစာအုပ်ကြီးကို မြေ ၁၃ ဧက ကျယ်ဝန်းသော မြေကွက်ကြီးထဲတွင် စိုက်ထူထားခြင်းဖြစ်သည်။ ထိုပိဋကတ်ကျောက်ဆစ်လက်ရာများထဲတွင် မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့သော သုတ်ပါဠိတော်ကျောက်ချပ်ရေ ၄၁၀၊ ဝိနည်းငါးကျမ်းကျောက်ချပ်ရေ ၁၁၁ ချပ်၊ အဘိဓမ္မာခုနစ်ကျမ်းကျောက်ချပ်ရေ ၂၀၈ ချပ်ကို ထွင်းထားခဲ့ပါသည်။

ထိုမှဒေသနာကျောက်ဆစ်လက်ရာ ကျောက်ချပ်များကို ကုသိုလ်တော်ဘုရား၏ ပထမ မဟာရံတံတိုင်းအတွင်း၌ ၄၂ ချပ်၊ ဒုတိယမဟာရံတံတိုင်းအတွင်း၌ ၁၆၈ ချပ်၊ တတိယမဟာရံတံတိုင်းအတွင်း၌ ၅၁၉ ချပ်နှင့် ပိဋကတ်ကျောက်စာရေးထိုးရခြင်းအကြောင်းကို ကျောက်စာတစ်ချပ် စုစုပေါင်းကျောက်ချပ်ရေ ၇၃၀ ရှိသည်။ မြန်မာနိုင်ငံတွင်တည်ရှိသည့် ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးသည် မြန်မာတို့၏ ပန်းတမော့(ကျောက်ဆစ်)လက်ရာကို ဖော်ပြနေပါသည်။

"ထုမှာဓမ္မရံ၊ ဉာဏ်မှာ သဗ္ဗညု၊ အနုမှာ အာနန္ဒာ" ဟုဆိုသည့်အတိုင်း ပုဂံတွင် အနုပညာလက်ရာအမြောက်ဆုံးသည် အာနန္ဒာဘုရားဖြစ်ပါသည်။

❖ မြန်မာနိုင်ငံတွင် ရှေးယခင်က ကျောက်ဆစ် (ပန်းတမော့)အနုပညာလက်ရာပေါင်းမြောက်မြားစွာရှိသည်။ ထင်ရှားသောဒေသမှာ ပုဂံဒေသနှင့် ရခိုင်ဒေသတို့ဖြစ်သည်။ အခြားသောဒေသများတွင်လည်း ရှိပါသေးသည်။ ကျောက်ဆစ်(ပန်းတမော့)ပညာဆိုသည်မှာ ကျောက်များ၊ သဲကျောက်များနှင့် စကျင်ကျောက်များကို ဗုဒ္ဓရုပ်ပွားတော်များ၊ ဗုဒ္ဓဝင်ဖြစ်စဉ်များ၊ ပလ္လင်တော်များ၊ ခြင်္သေ့ရုပ်၊ ဘီလူးရုပ်များ၊ သပိတ်များ၊ ကျောက်လှေကားများ၊ ကျောက်စာများနှင့် အရုပ်သဏ္ဌာန်အမျိုးမျိုး ပြုလုပ်ခြင်းပင်ဖြစ်သည်။ ❖

အာနန္ဒာဘုရားကို မြန်မာသက္ကရာဇ် ၄၅၂ ခုနှစ် (ခရစ်နှစ် ၁၀၉၁ ခုနှစ်)တွင် ကျန်စစ်သားမင်းကြီးက တည်ခဲ့သည်။ အာနန္ဒာဘုရားရှိ ကျောက်ဆစ်လက်ရာများသည် ပုဂံဘုရားများရှိ ကျောက်ဆစ်လက်ရာများတွင် အကောင်းဆုံးဖြစ်သည်။

အာနန္ဒာဘုရားရှိ ကျောက်ဆစ်လက်ရာများတွင် အများအားဖြင့် ဗုဒ္ဓဝင်ကျောက်ဆစ်လက်ရာများသာဖြစ်သည်။ ထိုကျောက်ဆစ်လက်ရာများကိုမူ သဲကျောက်များဖြင့်သာ ထွင်းထုထားသည်။ အနောက်ဘက်သစ်သားတံခါးကြီး၏ မြောက်ဘက်အောက်တန်း မုခ်ကပ်တချို့ရှိ သေတကေတုနတ်သား စုတေပုံမှစ၍ ဘုရားလောင်းသိဒ္ဓတ္ထမင်းသား တောမထွက်မီ ယသော်ဓရာနှင့် သားတော် ရာဟုလာမင်းသားတို့ကို ကြာခြည်လှပ်၍ ကြည့်ခန်းထိ အခန်းပေါင်း ၄၀ ရှိသည်ဟု သိရသည်။

ထို့ပြင် အာရုံခံအတွင်းပတ်လမ်းရှိ အချိုင့်များတွင် ဗုဒ္ဓဝင်အနုပညာ ကျောက်ဆစ်လက်ရာများကိုလည်း တွေ့နိုင်သည်။ အတွင်းစင်္ကြံပတ်လမ်း ဝဲ၊ ယာ၊ အပြင်စင်္ကြံပတ်လမ်းမှ အတွင်းနံရံနှင့် မတ်ရပ်ဆင်းတုတော်ကြီးဝဲ၊ ယာတို့၌ မုခ်ကပ်ပေါင်း ၁၀၀၀ ကျော်ရှိသည်။ ထိုမုခ်ကပ် ၁၀၀၀ ကျော်တွင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟောကြားနေဟန် ဗုဒ္ဓဆင်းတုတော်များကို သဲကျောက်များဖြင့် ထွင်းထုထားပါသည်။ ထို့ပြင် ဘုရားအတွင်း ကျောက်တုံးတစ်တုံးတည်းဖြင့် ထွင်းထုထားသည့် ကျန်စစ်သားမင်းကြီး၏ပုံလည်းရှိသည်။ အာနန္ဒာဘုရားအတွင်း မြောက်ဘက် မတ်ရပ်ကိုယ်တော်ကြီး၏ အနောက်ဘက်ဘေးတွင် ဘုရားအလောင်းတော် ဥယျာဉ်တော်သို့ကြွချီဟန် ကျောက်ဆစ်လက်ရာများ၊ တောင်ဘက်စင်္ကြံလမ်းမှ ဘုရားအလောင်းတော် တောခိုပင်သို့ကြွတော်မူပုံ ကျောက်ဆစ်လက်ရာများ၊ တောထွက်ရာတွင် မြင်းခွာသံမကြားရအောင် နတ်တို့က မြင်းခွာအောက်မှ လက်ခံထားကြပုံနှင့် ဘုရားလောင်း အနော်မာကမ်းသို့ရောက်ပြီးနောက် ဆန္ဒအမတ်အား မှာကြားဟန် ကျောက်ဆစ်လက်ရာများ၊ အပြင်စင်္ကြံအတွင်း၌ မယ်တော်မာယာ အိပ်မက်ခန်းနှင့် အနုဝတတ်အိုင်တွင် ရေချိုးဟန် ကျောက်ဆစ်လက်ရာများအပြင် မယ်တော်မာယာ ဖွားတော်မူခန်းကိုလည်း သဲကျောက်တစ်တုံးတည်းဖြင့် ထွင်းထုထားသည့် မြန်မာမှုကျောက်ဆစ်လက်ရာများကိုလည်း တွေ့နိုင်ပါသည်။

"သဇင်ပန်းခိုင် တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း"ဟု ဆိုသကဲ့သို့ ရခိုင်ဒေသသည်လည်း ပုဂံဒေသ၊ မန္တလေးဒေသများကဲ့သို့ပင် ဘုရားပုထိုးစေတီများ ပေါများပါသည်။ ၂၀၀၄-၂၀၀၅ ခုနှစ် စာရင်းကောက်ယူသည့် စစ်တမ်းများအရ မြောက်ဦးဒေသတွင် ဘုရားစေတီပေါင်း ၃၅၇ ဆူရှိကြောင်း သိရသည်။ ထိုဘုရားစေတီများစွာထဲတွင်မှ အနော်မာဘုရားသည်လည်း တစ်ဆူအပါအဝင်ဖြစ်သည်။ အနော်မာဘုရားသည် မြောက်ဦးတွင် ထင်ရှားသောဘုရားတစ်ဆူဖြစ်သည်။

ရခိုင်ဒေသသည် ရှေးဟောင်းအမွေအနှစ်များနှင့် ရှေးဟောင်းကျောက်စာများ၊ ဗုဒ္ဓဆင်းတုတော်များနှင့် ရှေးဟောင်းကျောက်ဆစ်လက်ရာများကိုလည်း တွေ့ရမည်ဖြစ်ပါသည်။ ထိုရှေးဟောင်းကျောက်ဆစ်လက်ရာများကို အနော်မာဘုရားတွင် တွေ့နိုင်ပါသည်။ အနော်မာဘုရားကို အေဒီ ၁၅၀၁ ခုနှစ်တွင် မြောက်ဦးဘုရင် သိင်္ဂသူစောမွန်၏ သမီးတော် အနော်ဇာမင်းသမီးက တည်ထားခဲ့ပါသည်။

အနော်မာဘုရားတွင် ငါးပေခန့်မြင့်သော ကျောက်ဆစ်လက်ရာ ပလ္လင်တစ်ခုရှိသည်။ ထိုပလ္လင်ပေါ်ရှိ ဗုဒ္ဓဆင်းတုတော်ကို ကျောက်တစ်တုံးတည်းဖြင့် ထုဆစ်ထားသည်။ ပလ္လင်ဘေးပတ်ပတ်လည်တွင် လှပသောကျောက်ဆစ်ပန်းခက်အနုပညာလက်ရာများနှင့် ပလ္လင်အောက်ခြေတွင် နဂါးနှစ်ကောင်လိမ်ယှက်နေသော ကျောက်ဆစ်ပုံကိုလည်း တွေ့နိုင်သည်။ ထိုနဂါးနှစ်ကောင်၏အပေါ်ဘက်တွင် သားငယ်ကို နို့ချိုတိုက်နေသောအမျိုးသမီးကျောက်ဆစ်ရုပ်ပုံ၊ မြင်းစီးနေသော ဘီလူးပုံ၊ ဒိုင်းကိုင်ထားသော ကျောက်ဆစ်ရုပ်ပုံနှင့် မြားကိုင်ထားသော ကျောက်ဆစ်ရုပ်ပုံများကို တွေ့နိုင်ပါသည်။ ထို့ပြင် စောင်းတီးနေဟန်ပုံ၊ မနုသီဟပုံ၊ ကြာဖူးကိုင်နတ် စသည်ဖြင့်ထုဆစ်ထားသော ကျောက်ဆစ်ရုပ်ပုံများကိုလည်း တွေ့နိုင်ပါသည်။

သျှစ်သောင်းပုထိုးတော်ကြီးသည် မြောက်ဦးဒေသရှိ ဘုရားပုထိုးများ၌ အထင်ရှားဆုံးစေတီပုထိုးထဲတွင်ပါဝင်ပါသည်။ သျှစ်သောင်းပုထိုးတော်ကြီးကို ဘုရင်မင်းဗာကြီးသည် အေဒီ ၁၅၃၅ ခုနှစ်တွင် တည်ထားခဲ့သည်။ သျှစ်သောင်းပုထိုးတော်ကြီးသည် နန်းတော်ရာ၏မြောက်ဘက် တစ်မိုင်ခန့်အကွာရှိ ဖိုးခေါင်တောင်ခြေတွင် တည်ရှိပါသည်။

သျှစ်သောင်းပုထိုးတော်ကြီး တည်ဆောက်ရာတွင် ဘုရင်မင်းဗာကြီး၏ ညီအစ်ကိုဝမ်းကွဲတော်စပ်သူ မောင်မြဝါ၊ မောင်မြတ်သာထွန်းတို့နှင့်အတူဆောင်ရွက်ခဲ့သည်။ မောင်မြဝါသည် အိန္ဒိယနိုင်ငံ ဗာရာဏသီ၌ သီရိဝိသနိုးရသေ့ထံ ရသေ့ဝတ်၍ နေခဲ့၏။ မင်းဗာကြီး မင်းဖြစ်ချိန်တွင် မောင်မြတ်သာထွန်းကို မဟာနန္ဒရသူရဘွဲ့အမည်ဖြင့် မင်းတိုင်ပင်ပညာကျော်အဖြစ် ခံစားစေခဲ့သည်။ ထို့နောက် မောင်မြဝါသည် အိန္ဒိယ၌ ရသေ့ဝတ်ဖြင့် လောကီပညာရပ်များကို အနှစ် ၂၀ မျှ ဆည်းပူးပြီး မင်းဆရာအဖြစ် ရခိုင်သို့ပြန်လာခဲ့သည်။

ထို့နောက် မင်းဆရာဖြစ်သော ရသေ့မောင်မြဝါသည် သျှစ်သောင်းပုထိုးတော်ကြီး တည်ဆောက်ရာတွင် မင်းဗာကြီး၊ မောင်မြတ်သာထွန်းတို့နှင့်အတူ ပါဝင်ဆောင်ရွက်ခဲ့သည်။ ရုပ်တု ရှစ်သောင်းလေးထောင်ကို ထည့်သွင်းလှူဒါန်းထားသောကြောင့် သျှစ်သောင်းပုထိုးတော်ကြီးဟု ခေါ်တွင်ကြောင်းလည်း သိရသည်။ သျှစ်သောင်းပုထိုးတော်ကြီးတွင် လိုဏ်ငါးထပ်ရှိပြီး စေတီရံ ၂၆ ဆူရှိသည်။ ပုထိုးတော်ကြီးသည် အလျား ၁၆၈ ပေ၊ အနံ ၁၂၄ ပေနှင့် အမြင့် ၈၂ ပေရှိသည်။

သျှစ်သောင်းပုထိုးတော်ကြီး၏ လက်ယာဘက်တစ်လျှောက်နံရံကို အဆင့်ခြောက်ဆင့်ဖွဲ့လျက် ကျောက်ဆစ်လက်ရာများ အပြည့်ထုဆစ်ထားသည်ဟု သိရသည်။ ထိုအဆင့်များကို တစ်ဖန် ဖောင်းရစ်သုံးခုဖြင့် ပိုင်းခြားထားသည်။ ထိုဖောင်းရစ်ပေါ်တွင် လေးလက်မခန့်နက်သော ကျောက်တွင်းငယ်များကို ဆီမီးခွက်သဏ္ဌာန် ပြုလုပ်ထားသည်။ ထိုဆီမီးခွက်များကိုထွန်းညှိထားပါက ပုထိုးတော်အတွင်းရှိ ကျောက်ဆစ်လက်ရာများကို အားလုံးတွေ့မြင်နိုင်ပါသည်။

ပုထိုးတော်ကြီး၏ ဒုတိယလိုဏ်ထပ်ကိုပတ်ထားသော တတိယလိုဏ်ပတ်လမ်းတွင် ဉာဏ်တော် လေးပေခန့်အမြင့်ရှိသော ကျောက်ဆင်းတုတော် ၄၅ ဆူရှိပြီး ထိုဆင်းတုတော်များကို ကျောက်တစ်တုံးတည်းဖြင့် ထုဆစ်ထားသည့် ဆင်းတုတော်များကို တစ်ပေခန့်မြင့်သော ကျောက်ပလ္လင်များပေါ်တွင် တည်ရှိသည်။ ထို့ပြင် ပုထိုးတော်ကြီး၏ တတိယလိုဏ်ကို ပတ်ထားသော စတုတ္ထထပ်နံရံများတွင် အဆင့်လေးဆင့်ခွဲကာ ကျောက်ဆစ်လက်ရာများ အပြည့်ထုလုပ်ထားသည်။ ပထမအဆင့်တွင် တစ်ရာ့တစ်ပါးသော မင်းများ၊ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းများက ကြာဖူးကိုင်ပြီး သျှစ်သောင်းပုထိုးတော်ကြီးကို ပူဇော်ဟန် ကျောက်ဆစ်ရုပ်ပေါင်း ၁၂၉ ရုပ်ခန့်ရှိသည်။

သျှစ်သောင်းပုထိုးတော်ကြီး၏ စတုတ္ထလိုဏ်ပတ်လမ်းတွင် ဆံရည်ညှစ်နေသည့် ဝသုန္ဒရေနှင့် ဝသုန္ဒရာကျောက်ဆစ်ရုပ်ကိုလည်းကောင်း၊ စတုတ္ထလိုဏ်ပတ်လမ်းအနောက်ဘက်တွင် ခန္ဓာကိုယ်တစ်ခုတည်းတွင် ခေါင်းသုံးလုံးရှိသော တြိဒေဝနတ်ရုပ်ကိုလည်းကောင်း၊ စတုတ္ထပတ်လမ်း၏အနောက်ဘက်နံရံတွင် သူရသတီရုပ်ကိုလည်းကောင်း တွေ့နိုင်သည်။ ထို့ပြင် စာမရီငှက်ရုပ်၊ ကြို့သတ္တဝါရုပ်နှင့် စတုတ္ထလိုဏ်ပတ်လမ်းအရှေ့တောင်ဘက်နံရံပေါ်တွင် ဂေါတမဘုရားရှင်အား ကဋ္ဌိကာရဗြဟ္မာကြီးက သင်္ကန်းပရိက္ခရာလှူနေပုံ စသည့်ကျောက်ဆစ်အနုပညာလက်ရာများစွာကို တွေ့နိုင်သည်။ ထို့ပြင် သျှစ်သောင်းပုထိုးတော်ကြီးအတွင်း၌ ရှေးဟောင်းအနုပညာကျောက်ဆစ်(ပန်းတမော့)လက်ရာများစွာလည်းရှိပါသည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအနုပညာလက်ရာများစုဝေးရာနေရာတစ်ခုဖြစ်သည်။ ထိုအနုပညာလက်ရာများတွင် ကျောက်ဆစ်(ပန်းတမော့)ပညာသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထိုအနုပညာလက်ရာများသည် မြန်မာလူမျိုးများအတွက် ဂုဏ်ယူဖွယ်ရာများပင်ဖြစ်ပေသည်။ ထို့ပြင် ထိုအနုပညာလက်ရာများသည် မြို့တစ်မြို့ သို့မဟုတ် ပြည်နယ်၊ တိုင်းဒေသကြီးတစ်ခု၏ ရှေးဟောင်းသမိုင်းကြောင်းများကို ပြောပြနေကြသည်။ ထိုခေတ်ထိုအခါက ထိုလူမျိုးတို့၏ ယဉ်ကျေးမှုအဆင့်မြင့်မားကြပုံကိုလည်း သိစေနိုင်သည်။ ထိုယဉ်ကျေးမှုအနုပညာလက်ရာများကို ရှေးလူတို့ ထိန်းသိမ်းခဲ့ကြသဖြင့် ယခုအခါ စာရေးသူတို့ မြင်တွေ့သိရှိပြီး လေ့လာခွင့်ရကြသလို နောင်လူတို့အတွက်လည်း မြန်မာအနုပညာလက်ရာများ သိရှိလေ့လာခွင့်ရစေခြင်းအလို့ငှာ ဆက်လက်ပြီး ဝိုင်းဝန်းထိန်းသိမ်းကြရန်လိုအပ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။

**ကိုးကား**

- **မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ(ခိုင်မျိုးမြင့်)**
- **ပုဂံဘုရားပုထိုးများ(ပ-တွဲ)**
- **ကမ္ဘာ့အကြီးဆုံးစာအုပ်(လူထုဒေါ်အမာ)**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

## ၁၆-၈-၂၀၂၃ ရက်နေ့အထိ အလှူငွေများထည့်ဝင်လှူဒါန်းထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၉၂၁။ | ဦးရွှေဝင်းနှင့်ဇနီး ဒေါ်ကြည်ထွေး လမင်းပွဲရုံမိသားစုကောင်းမှု | ၃၀၀၀၀၀၀၀ |
| ၄၉၂၂။ | မိုးတိမ်ကမ္ဘာမိသားစုကောင်းမှု | ၁၁၇၀၀၀၀၀ |
| ၄၉၂၃။ | ဦးငွေးလွင်နှင့်ဇနီး ဒေါ်ခင်ချိုအေးနှင့် သား၊ သမီးများဖြစ်ကြသော ဒေါက်တာရဲမင်းထွေးနှင့်ဇနီး ဒေါက်တာနှင်းအေးလွင်၊ မနှင်းအေးချမ်းမိသားစုကောင်းမှု | ၅၀၀၀၀၀၀ |
| ၄၉၂၄။ | တပ်ကြပ်ကြီးစာရေးသင်တန်းအမှတ်စဉ်(၁၀၁)မှ သူငယ်ချင်းများနှင့်မိသားစုများ (၂၉)နှစ်မြောက်နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကောင်းမှု | ၃၉၀၀၀၀၀ |
| ၄၉၂၅။ | ဦးမြင့်စိန်နှင့်ဇနီး ဒေါ်ခင်စောဝင်းမိသားစုကောင်းမှု | ၃၅၀၀၀၀၀ |
| ၄၉၂၆။ | ဦးလှအုန်းနှင့်ဇနီး ဒေါ်မြစန်းမိသားစုကောင်းမှု | ၃၀၀၀၀၀၀ |
| ၄၉၂၇။ | အင်းဝဘဏ် Customer (၁၅)ဦး မိသားစုကောင်းမှု | ၂၁၅၀၀၀၀ |
| ၄၉၂၈။ | ဆရာချစ်နိုင်(စိတ်ပညာ)မိသားစုကောင်းမှု | ၁၁၁၀၀၀၀ |
| ၄၉၂၉။ | ဦးမျိုးဝင်းနှင့်ဇနီး ဒေါ်အေးသိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၉၃၀။ | အမည်မဖော်လိုသူအလှူရှင်တစ်ဦးကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၉၃၁။ | ဦးသန်းဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၉၃၂။ | ဗိုလ်ကြီးထွန်းထွန်းဦးနှင့်ဇနီး ဒေါ်သန်းသန်းငွေ၊ (သား) ဗိုလ်ကြီးရဲစစ်ပိုင်နှင့်ဇနီး ဒေါ်မေဇော်ထက်၊ (မြေး) ပိုးအိမ့်သွန်း၊ သံသာချမ်းမြေ့ (သမီး) မဝင့်ဝါထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၉၃၃။ | ဦးအောင်ထွန်းခိုင်နှင့်ဇနီး ဒေါ်အေးသက် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၉၃၄။ | မိဘများနှင့်ဒေါ်နုနုဝင်းအားရည်စူး၍ ဗိုလ်ကြီးလှအောင်(ငြိမ်း)၊ (သားကြီး) ဗိုလ်မှူးငြိမ်းထက်အောင် နှင့်ဇနီး ဒေါ်စိမ့်လဲ့မိုး၊ (သားလတ်)ဗိုလ်ကြီးဟိန်းသူရအောင်နှင့်ဇနီး ဒေါ်ထားထားအိ၊ (သားငယ်) ဒေါက်တာငွေမင်းအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၉၃၅။ | ဦးအောင်ကျော်နှင့်ဇနီး ဒေါ်စီစီလှ မိသားစုတို့မှ ဦးပြည့်ဖြိုးမောင်၊ ကိုပြည့်ဖြိုးအောင် မွေးနေ့အလှူကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၉၃၆။ | ဦးခင်မောင်ကြီးနှင့်ဇနီး ဒေါ်တင်စိန် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၉၀၀၀၀၀ |
| ၄၉၃၇။ | ကာယပညာနှင့်အားကစားအခြေခံနည်းပြသင်တန်း အမှတ်စဉ်(၁၂) မိသားစုကောင်းမှု | ၇၅၁၀၀၀ |
| ၄၉၃၈။ | ကွယ်လွန်သူဦးလှမြင့်နှင့် မိုးဇော်အောင်နိုင် တို့အားရည်စူး၍ ဒေါ်မျိုးသီဂီလှိုင် မိသားစုကောင်းမှု | ၆၀၀၀၀၀ |
| ၄၉၃၉။ | ဦးတင်ညိုနှင့်ဇနီး မစန္ဒာမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၉၄၀။ | အမည်မဖော်လိုသူအလှူရှင်တစ်ဦးကောင်းမှု | ၅၀၀၀၀၀ |
| ၄၉၄၁။ | ဦးဆန်းထွန်းအောင် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၉၄၂။ | ကွယ်လွန်သူ ဗိုလ်မှူးတင်မောင်သန်း(ငြိမ်း) အားရည်စူး၍ ဇနီး ဒေါ်လှလှမြင့် သား၊ သမီးများကောင်းမှု | ၅၀၀၀၀၀ |
| ၄၉၄၃။ | ဗိုလ်ကြီးဒေါ်အားရင်(ငြိမ်း) မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၉၄၄။ | General Terdsak Dumkhum မိသားစုကောင်းမှု | ၃၇၀၀၀၀ |
| ၄၉၄၅။ | ဒုတိယဗိုလ်မှူးကြီးပြည့်စုံအောင်နှင့်ဇနီး ဒေါ်အေးမြဖြိုးသာမိသားစုကောင်းမှု | ၃၁၀၀၀၀ |
| ၄၉၄၆။ | ဒုတိယဗိုလ်မှူးကြီးသန့်ဇင်နှင့်ဇနီး ဒေါ်ထားထားစိုး မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၄၉၄၇။ | ဦးလှဝင်းနှင့်ဇနီး ဒေါ်လှလှသိန်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၄၉၄၈။ | ပုသိမ်တက္ကသိုလ်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၄၉၄၉။ | ဦးသိန်းထွန်းဦးနှင့်ဇနီး ဒေါ်ချိုချိုအေးမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၄၉၅၀။ | ဦးခင်ဝင်းနှင့်ဇနီး ဒေါ်ဝင်းမာမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၄၉၅၁။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးမောင်မောင်မြင့်နှင့်ဇနီး ဒေါ်ဥမ္မာမြင့်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၄၉၅၂။ | ကွယ်လွန်သူ ဦးဆန်းမြင့်အားရည်စူး၍ ရေသန့်အလှူတော်ကောင်းမှု | ၃၀၀၀၀၀ |

ပိဋကသုံးပုံကျမ်းစာအုပ်

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၉၅၃။ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၄၀ စုံနှင့် Creamy စက္ကူကျမ်းစာအုပ် -၄၀ စုံ) | ၁၂၈၀၀၀၀၀ |
| ၄၉၅၄။ | စစ်တက္ကသိုလ်အမှတ်စဉ်(၂၅) ကျောင်းဆင်းအရာရှိ မိသားစုများကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံနှင့် Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၃၂၀၀၀၀၀ |
| ၄၉၅၅။ | ဦးထိုက်သူ(C/E BSM စင်ကာပူ) နှင့်ဇနီး ဒေါ်မေသက်ထွန်း (ရတနာလျှမ်းစိန်ရွှေရတနာဆိုင်၊ ယုဇနပလာဇာ၊ ရန်ကုန်မြို့)၊ (သမီးကြီး) မဝေဒီပါထိုက်(ဆေးကျောင်းစင်ကာပူ)၊ (သားငယ်) မောင်ပြည့်စုံထိုက်သူ(ဆေးကျောင်းစင်ကာပူ)မိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံနှင့် Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၃၂၀၀၀၀၀ |
| ၄၉၅၆။ | မိခင်ကြီး ဒေါ်မတင်အားရည်စူး၍ ဦးသာဆိုင်နှင့်ဇနီး ဒေါ်လှမူ၊ (သား) ဦးကျော်စိုးဦး၊ (သမီး)မမြင့်မြင့်ဝေမိသားစုကောင်းမှု (အထူး Bibble Paper ကျမ်းစာအုပ် -၁ စုံ) | ၂၀၀၀၀၀၀ |
| ၄၉၅၇။ | ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးမှ အရာရှိ/အရာခံ/အကြပ်စစ်သည်မိသားစုများကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၁၂၀၀၀၀၀ |
| ၄၉၅၈။ | ဦးအောင်သီဟ မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၁၂၀၀၀၀၀ |
| ၄၉၅၉။ | ဒေါ်လှဲ့လှဲ့မေ (မရွှေမြိုင်၊ မျဉ်းမနား) ရိုးမရတနာချည့်ရိပ်သာ မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁စုံ) | ၁၂၀၀၀၀၀ |
| ၄၉၆၀။ | (ဦးမြသန်း) နှင့်ဇနီး ဒေါ်အုန်းရင် မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁စုံ) | ၁၂၀၀၀၀၀ |
| ၄၉၆၁။ | နှစ်ဖက်သောမိဘများအား ဦးထိပ်ထားရည်စူး၍ ဦးကိုကိုကြီးနှင့်ဇနီး ဒေါ်အေးအေးစံ၊ (သား) မောင်မြတ်ထူးအောင်၊ (သမီး) မသက်ထားအောင် မိသားစုကောင်းမှု (Creamy စက္ကူကျမ်းစာအုပ် -၁ စုံ) | ၁၂၀၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ** — **၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည်** — **၀၉-၄၂၉၃၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**


## အများပြည်သူသိရှိရန် အသိပေးကြေညာ

၁။ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ Facebook ကဲ့သို့ Online Media များတွင် ရောင်းချနေသော အချို့တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်ရရှိထားခြင်းမရှိပါသဖြင့် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်း၍ အာနိသင်ထိရောက်မှုအတွက် အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

**တိုင်းရင်းဆေးပညာဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

# ပြည်ပသို့ ဇူလိုင်လအတွင်း အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၂၆၉ သန်းဖိုးရှိ ပြောင်း ၁၆၉၁၁၃ တန် တင်ပို့ရောင်းချပေးခဲ့



**နေပြည်တော် ဩဂုတ် ၁၆**

ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံ လေးနိုင်ငံသို့ ဇူလိုင်လအတွင်း အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၂၆၉ သန်းတန်ဖိုးရှိ ပြောင်း ၁၆၉၁၁၃ တန်တင်ပို့ရောင်းချပေးခဲ့ရကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပြောင်းကို ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ တရုတ်၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ဂျပန်နိုင်ငံ စသည့် ဖောက်သည်ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးလျက်ရှိရာ ပြီးခဲ့သည့် ဇူလိုင်လအတွင်း တရုတ်၊ ထိုင်း၊ စင်ကာပူနှင့် ဖိလစ်ပိုင် ဖောက်သည် ဈေးကွက်နိုင်ငံ လေးနိုင်ငံသို့ တင်ပို့ရောင်းချပေးခဲ့သည်။

ပြောင်းကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေး လမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့ရောင်းချပေးခဲ့ရာ ပင်လယ်ရေကြောင်းကုန်သွယ်ရေး လမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၅၉၅ သန်းတန်ဖိုးရှိ ပြောင်း ၇၁၄၁၃ တန်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၆၇၄ သန်းတန်ဖိုးရှိ ပြောင်းတန်ချိန် ၉၇၇၂၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၂၆၉ သန်းတန်ဖိုးရှိ ပြောင်း ၁၆၉၁၁၃ တန် တင်ပို့ရောင်းချပေးခဲ့ရသည်။

ပြောင်းကို ဇူလိုင်လအတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်ရေး လမ်းကြောင်းမှ တင်ပို့ရောင်းချပေးခဲ့ရာ ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် ၆၉၆၇၀၊ ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန်ချိန် ၁၇၂၀ နှင့် စင်ကာပူနိုင်ငံသို့ ပြောင်း ၂၃ တန် စုစုပေါင်းပြောင်း ၇၁၄၁၃ တန်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့ရောင်းချပေးရာ ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် ၉၆၁၇၀ နှင့် တရုတ်နိုင်ငံသို့ပြောင်းတန်ချိန် ၁၅၅၀ စုစုပေါင်း ပြောင်းတန်ချိန် ၉၇၇၂၀ တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပြောင်းကို ထိုင်းနိုင်ငံသို့အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ရောင်းချပေးနေပြီး တရုတ်နိုင်ငံသို့ပါ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့်တင်ပို့ရန် တရုတ်ကုန်သည်များနှင့် မြန်မာကုန်သည်များ ဈေးနှုန်းညှိနှိုင်းမှုများ လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ရောင်းချပေးမှုမှာ ယခုနှစ် ဩဂုတ် ၃၁ ရက်တွင် ကုန်ဆုံးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးချိန်တွင် တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

SKL

# ဖောင်းပြင်မြို့နယ် မန်မော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖောင်းပြင် ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မန်မော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၁၅ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းညွန့်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေ တိုးပွားစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ စီမံကိန်းလုပ်ငန်းများ အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၉၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မန်မော်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၁ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၂၅၀ ကို နဝမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၉၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သက်မာ**

## စာအုပ်စာပေ လူ့မိတ်ဆွေ







TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
နိုင်ငံတကာ အဆင့်မီ အိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉၄၅၃၂၂၅၅၅၅
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)



အီတလီနိုင်ငံထုတ် ခေတ်မီစက်ကရိယာများအသုံးပြုကာ
အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်
အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင် ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....

**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၂၁၆၃၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၀၈၀
KHA YAE PIN MART - မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ အထက(၁)၊ Grade-9(C) မှ မသက်ထားစံ ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် အရ ဦးထွေးညို ဖြစ်ပါကြောင်း။

**ဦးထွေးညို(၉/ အမရ(နိုင်)၁၂၈၀၁၄)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်ဈေးကွက်သစ်နေ ဦးတင်မြင့်-ဒေါ်ခင်လှ တို့၏သမီးဖြစ်သူ **မမြင့်သက်နွယ်(၉/ စကတ (နိုင်)၀၆၉၁၀၁)**သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ငွေနှင့်ပတ်သက်သော ကိစ္စအဝဝ အား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဒေါ်ခင်လှ (၉/ စကတ(နိုင်)၀၁၇၁၆၃)**

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၆)၊ အနီးစခန်းနေ ဦးသန်းမြင့်ဦး (ဘ) ဦးမိုးနိုင် (၉/ မခန(နိုင်)၀၇၇၅၄၆) ၏ နိုင်ငံကူးလက်မှတ် အမှတ် (806315) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၂၈၃၄၂၁၁၀**

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နေ မင်းသိန်းဦး (ဘ) ဦးသိန်းတန် (၉/ မခန(နိုင်) ၂၉၃၁၇၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-842465)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၇၅၆၅၀၇၁၀၇**

## ပျောက်ဆုံးကြောင်း

မိုးကုတ်မြို့၊ ပိတ်စွယ်ရပ်၊ နယ်မြေ(၂)၊ အမှတ် (၂က/၁၇)နေ ဦးယောဆို(ဘ)ဦးစီလေး(၉/ မကန(နိုင်)၀၅၅၉၄၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-905771)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၅၃၃၃၂၆၂၃**

## အမည်ပြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော် ရပ်ကွက်နေ ဦးကျော်မျိုးထွန်း-ဒေါ်မေသူသိန်းဝင်း တို့၏သမီး မမေကြည်ဖြူကျော် အား မနန်းနေခြည်ကျော် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မနန်းနေခြည်ကျော်**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ထိခိုက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



# ကြိုတင်ကာကွယ် မီးအန္တရာယ်

❖ နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည်မှာ ပညာရည်မြင့်မားမှုဖြစ်...

❖ မိမိတို့အစိုးရ၏ ပညာရေးမျှော်မှန်းချက်သည် ကျောင်းနေအရွယ်အားလုံး အနိမ့်ဆုံး KG+9 အောင်မြင်ရေးဖြစ်သည့်အတွက် တိုင်းရင်းသားအားလုံး ပညာရည်မြင့်မားရေး အလေးထားဆောင်ရွက်ရန် မှာကြားလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာ

စာမျက်နှာ - ၂၀

## ၂၀၂၃ ခုနှစ် ဗထူးကွင်းဖွင့်ဖလား ကလပ်ပေါင်းစုံ ဖိတ်ခေါ်အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ




မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၃ ခုနှစ် ဗထူးကွင်းဖွင့်ဖလား ကလပ်ပေါင်းစုံ ဖိတ်ခေါ်အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုရ မန္တလာအသင်းကို တံခွန်စိုက်ဖလားနှင့် ငွေသားဆု ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဩဂုတ် ၁၆**

၂၀၂၃ ခုနှစ် ဗထူးကွင်းဖွင့်ဖလားကလပ်ပေါင်းစုံ ဖိတ်ခေါ် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးဘောလုံးဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ကလပ်အသင်းများမှ အုပ်ချုပ်သူနည်းပြများနှင့်အားကစားသမားများ၊

စာမျက်နှာ ၁၉ ကော်လံ ၄ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You

ပစ္စည်းထည့်ပုံးအမျိုးမျိုး

ပစ္စည်းထည့်ပုံးအမျိုးမျိုး

ရေချိုးခန်းသုံးပစ္စည်းများ



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉